# ပန်းအဝယ်တော်ခါးကုန်းမလေး၏
# တစ်ဆင့်ဟောကြား ဓမ္မရသများ



မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီအေ)

ဓမ္မဒါန အလှူရှင်

ဂ

နှစ်ဘက်သော ဖိုးဖိုး + ဖွားဖွား များအား

အမှူးထား၍

ဖေဖေ ဦးဝေမိုးအောင်+ မေမေ ဒေါ်ခွန်ပွင့်ဖြူ

တို့၏ သမီးလေး

'မပန်ဆုမိုး'

၏

(၃)နှစ်ပြည့်မွေးနေ့အလှူ အဖြစ်

M.Aကျမ်းပြုဆရာတော်များ နှင့်သုတေသီများအတွက်

ရိုက်နှိပ်ထုတ်ဝေလှူဒါန်းပါသည်

အလှူငွေပေါင်း- ၈,၉၄၈၀၀ိ/-

# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ - ၁၀၀၀

စာအုပ်ချုပ် - "ဆုလာဘ်အိမ်"

ကွန်ပျူတာစာစီ- "ဆွေသဟာ"

ထုတ်ဝေသူ - ဦးကိုကိုမြိုင် (မြ-၀၀၉၉၃)
"ဆွေသဟာ"စာပေ
အမှတ်(၅၅)၊ (စ)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ပုံနှိပ်သူ - ဒေါ်ခင်သူဇာ(၀၁၃၂၉)
"ဆုလာဘ်အိမ်"ပုံနှိပ်တိုက်
အမှတ်(၅၅)၊ (စ)ရပ်ကွက်၊သုနန္ဒာ(၃)လမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

M.A ကျမ်းပြုဆရာတော်များ နှင့် သုတေသီများအတွက်

# ပန်းအဝယ်တော်ခါးကုန်းမလေး ၏

# တစ်ဆင့်ဟောကြားမွှေရသများ


မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ.အေ)

• • • • • • • • • •

ဦးကိုကိုမြိုင် (တွဲဖက်ဌာနမှူး)

သုတ္တန္တပိဋကမဟာဌာန

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| - | အမှာစာ | က |

အခန်း(၁)

၁။ ခါးကုန်းမလေး၏အတိတ်ဘဝ

- ကျွန်မဖြစ်ရမှု ၃
- ခါးကုန်းမလေး ပညာရှိပြီး သောတာပန်ဘဝ ရောက်ရသောကုသိုလ် ၅
- ယခု ဂေါတမဘုရားရှင်လက်ထက်ဘဝ ၇
- သာမာဝတီ၏ ပန်းအဝယ်တော်ဘဝ ၉

အခန်း(၂)

၂။ ဗုဒ္ဓက ဤသို့ဟောကြားခဲ့ပါသည်

၁။ တစ်ပါးစုအစဉ် (ဧကကနိပါတ)

(က) ပထမအစု

၁။ တပ်မက်မှု ၁၈

၂။ အမျက်ထွက်မှု ၁၉

၃။ တွေဝေမှု ၂၀
၄။ အမျက်ထွက်စိတ်ဆိုးမှု ၂၁
၅။ သူ့ကျေးဇူးချေဖျက်မှု ၂၂
၆။ ထောင်လွှားမှု ၂၂
၇။ အလုံးစုံတရားပိုင်းခြားသိမှု ၂၃
၈။ ထောင်လွှားမှုကိုပိုင်းခြားသိမှု ၂၄
၉။ လိုချင်မှုကို ပိုင်းခြားသိမှု ၂၅
၁၀။ အမျက်ထွက်မှုကို ပိုင်းခြားသိမှု ၂၆
(ခ) ဒုတိယအစု
၁။ တွေဝေမသိမှုကို ပိုင်းခြားသိမှု ၂၇
၂။ အမျက်ထွက်မှုကို ပိုင်းခြားသိမှု ၂၈
၃။ သူကျေးဇူးမသိမှုကို ပိုင်းခြားသိမှု ၂၉
၄။ မသိမှုကို ပိတ်ဆို့ထားမှု ၃၀
၅။ တပ်မက်မှုကို နှောင်ဖွဲ့မှု ၃၂
၆။ ပထမကျင့်ဆဲဘဝ ၃၃
၇။ ဒုတိယကျင့်ဆဲဘဝ ၃၄
၈။ သံဃာသင်းခွဲမှု ၃၅
၉။ သံဃာညီညွတ်မှု ၃၆
၁၀။ ပြစ်မှားဖျက်စီးသောစိတ် ၃၈

(ဂ) တတိယအစု

၁။ ကြည်ညိုမြတ်နိုးသောစိတ် ၃၉
၂။ ချစ်ခင်မြတ်နိုးမှု ၄၀
၃။ နှစ်ပါးစုံအကျိုးတရား ၄၂
၄။ စုဆောင်းထားမှု ၄၃
၅။ လိမ်ညာပြောဆိုမှု ၄၄
၆။ ပေးကမ်းလှူဒါန်းမှု ၄၅
၇။ ချစ်ခင်မြတ်နိုးပွားများမှု ၄၇

အခန်း(၃)

၂။ နှစ်ပါးစုအစဉ် (ဒုကနိပါတ)

(က) ပထမအစု

၁။ ဆင်းရဲစွာနေရမှု ၅၁
၂။ ချမ်းသာစွာနေရမှု ၅၃
၃။ ပူပန်ကြောင့်ကြရမှု ၅၄
၄။ မပူပင်မကြောင့်ကြရမှု ၅၅
၅။ ပထမအကျင့်(သီလ) ၅၆
၆။ ဒုတိယအကျင့်(သီလ) ၅၇
၇။ ပူပန်ကြော့်ကြမှုမရှိသူ ၅၈
၈။ ပထမအံ့သြအောင်ပြုမှု ၅၉

၉။ ဒုတိယအံ့သြအောင်ပြုမှု ၆၁
၁၀။ ဝမ်းမြောက်ဝမ်းသာဖြစ်မှု ၆၂
(ခ) ဒုတိယအစု
၁။ ကြံ့စည်မှု ၆၄
၂။ ဟောကြားလမ်းညွှန်မှုများ ၆၇
၃။ အသိဉာဏ် ၆၉
၄။ အသိဉာဏ်ဆုတ်ယုတ်မှု ၇၀
၅။ ဖြူစင်သောတရားများ ၇၂
၆။ ဖြစ်ပေါ်မှုထင်ရှားမရှိသောတရားများ ၇၄
၇။ ငြိမ်းအေးမှုသဘာဝ ၇၅
၈။ တစ်ယောက်တည်းကိန်းအောင်းမှုဌ
မွေ့လျော်မှု ၇၉
၉။ အကျင့်၏အကျိုးများ ၈၁
၁၀။ နိုးကြားမှုအား ၈၃
၁၁။ ဆင်းရဲလားရာ, ရောက်ရာ ၈၅
၁၂။ အတွေးအယူအမှားရောက်မှု ၈၇

## အခန်း(၄)

## ၃။ သုံးပါးစုအစဉ် (တိကနိပါတ်)

### (က) ပထမအစု


| | | |
|---|---|---|
| ၁။ | လူသား၏ အခြေခံတရားများ | ၉၀ |
| ၂။ | ရုပ်,နာမ်၏သဘာဝများ | ၉၁ |
| ၃။ | ပထမခံစားမှု | ၉၂ |
| ၄။ | ဒုတိယခံစားမှု | ၉၃ |
| ၅။ | ပထမ မှီဝဲမှု | ၉၅ |
| ၆။ | ဒုတိယမှီဝဲမှု | ၉၆ |
| ၇။ | ပထမယိုစီးမှု | ၉၇ |
| ၈။ | ဒုတိယယိုစီးမှု | ၉၈ |
| ၉။ | တပ်မက်မှုများ | ၉၉ |
| ၁၀။ | မာရ်မင်းလွန်ရာ | ၁၀၀ |


### (ခ) ဒုတိယအစု


| | | |
|---|---|---|
| ၁။ | ကောင်းမှုပြုမှုများ | ၁၀၁ |
| ၂။ | မြင်မှုမျက်စိများ | ၁၀၂ |
| ၃။ | ထိန်းသိမ်းစောင့်စည်းမှု | ၁၀၃ |
| ၄။ | အချိန်ကာလများ | ၁၀၄ |
| ၅။ | မကောင်းမှုပြုမှု | ၁၀၅ |

၆။ ကောင်းမှုပြုမှု ၁၀၆
၇။ ဖြူစင်မှု ၁၀၇
၈။ ရဟန္တာဖြစ်စေသောအကျင့် ၁၀၈
၉။ ပထမထကြွမှု ၁၀၉
၁၀။ ဒုတိယထကြွမှု ၁၁၀
(ဂ) တတိယအစု
၁။ မှားသောအယူအဆများ ၁၁၂
၂။ မှန်သော အယူအဆများ ၁၁၄
၃။ လွတ်မြောက်မှု ထွက်မြောက်မှု ၁၁၅
၄။ ငြိမ်းသက်မှုတရား ၁၁၇
၅။ သားများ ၁၁၈
၆။ မိုးရွာ မရွာတူမှု ၁၂၁
၇။ ချမ်းသာဆုတောင်းမှု ၁၂၄
၈။ ကွဲပြိုပျက်မှု ၁၂၇
၉။ သဘာဝနှိုးနှောမှု ၁၂၈
၁၀။ ကျင့်ဆဲပုဂ္ဂိုလ်များအတွက် ဆုတ်ယုတ်မှု ၁၃၀
(ဃ) စတုတ္ထအစု
၁။ ကြံစည်မှုများ ၁၃၂
၂။ ပူဇော်အရိုအသေပေးမှု ၁၃၃

၃။ နတ်တို့အချင်းချင်းပြောဆိုသံ ၁၃၅
၄။ နတ်သက်ကြွေ ကြိုတင်နိမိတ်ငါးမျိုး ၁၃၈
၅။ လူသားတို့၏အကျိုး ၁၄၁
၆။ ကိုယ်ခန္ဓာမတင့်တယ်မှုကိုရှုမှု ၁၄၅
၇။ တရားအစဉ်သို့ရောက်မှုဘဝ ၁၄၇
၈။ ဘဝ၏အမိုက်အမှောင်များ ၁၄၉
၉။ ဘဝ၏အန္တရာယ်အညစ်အကြေးများ ၁၅၁
၁၀။ ဒေဝဒတ်၏ဘဝ ၁၅၃

(င) ပဥ္စမအစု

၁။ အမြတ်ဆုံးကြည်ညိုမြတ်နိုးဖွယ်
ပုဂ္ဂိုလ် ၁၅၆
၂။ ဆွမ်းခံလှည့်လည်အသက်မွေးမှု ၁၅၇
၃။ သက်နိုးဆွဲ၍နောက်ကလိုက်နေမှု ၁၆၀
၄။ မီးသုံးမျိုး ၁၆၄
၅။ စူးစမ်းဆင်ခြင်မှု ၁၆၅
၆။ ကာမဂုဏ်မှီဝဲရောက်မှု ၁၆၇
၇။ ငါးဖြာအာရုံနှင့်ယှဉ်စပ်မှု ၁၆၉
၈။ ကောင်းမွန်မြတ်သောအကျင့်ရှိမှု ၁၇၁
၉။ ပေးကမ်းမှု ၁၇၄
၁၀။ ဝိဇ္ဇာသုံးပါးရမှု ၁၇၆

## အခန်း(၅)


၅။ လေးပါးစုအစဉ် (စတုက္ကနိပါတ)

၁။ မြတ်သောတရားရှင် ၁၈၂

၂။ ရလွယ်သည် ၁၈၄

၃။ ယိုစီးကုန်မှု ၁၈၆

၄။ သမထ-ဝိပဿနာသတိမှတ်မှု ၁၈၇

၅။ အကျင့်နှင့်ပြည့်စုံမှု ၁၉၀

၆။ တဏှာဖြစ်ပေါ်မှုအကြောင်း ၁၉၄

၇။ ဗြဟ္မာနှင့်အတူနေသူ ၁၉၅

၈။ ကျေးဇူးများသူများ ၁၉၇

၉။ အံ့ဩဖွယ်ပြုမှု ၁၉၉

၁၀။မြစ်ရေအယာဉ်စုန်မျောလိုက်မှု ၂၀၁

၁၁။ကျင့်သုံးမှု ၂၀၄

၁၂။အကျင့်နှင့်ပြည့်စုံမှု ၂၀၇

၁၃။လောကအကြောင်းသိသူ ၂၁၀


## အခန်း(၆)


၁။ သာမာဝတီ,အပေါင်းအပါများနှင့်

ခါးကုန်းမလေး၏ နောက်ဆုံးဘဝ ၂၁၅

၂။ သုံးသပ်ဝေဖန်ချက် ၂၅၀

# အမှာစာ

ဗုဒ္ဓသည်( ၉ )ဝါမြောက်တွင် ကောသမ္ဗီပြည်ရှိ သူဌေးကြီး(၃)ဦး၏ ကျောင်းအလှူပွဲသို့ သံဃာတော်များနှင့်အတူ ကြွရောက်အလှူခံပြီး သီတင်းသုံးဝါဆိုခဲ့သည်။

ဘုရားရှင်ကောသမ္ဗီပြည်ရောက်သည့်အချိန်မှစ၍-

- ဘုရားရှင်နှင့်မာဂဏ္ဍီ၏ မိဘများ တွေ့ဆုံမှု၊
- မိဘများက ဘုရားရှင်ကို မြင့်မြတ်သောယောကျ်ားဟု ခြေဆေး ဖတ်ပြီး ပေးစားလိုမှု၊
- ဘုရားရှင်က ခြေဖျားနှင့်သော်မှ မတို့လိုမှု၊
- မာဂဏ္ဍီမိဘများ သောတာပတ္တိဖိုလ်တည်သွားမှု၊
- မာဂဏ္ဍီက ဘုရားအပေါ် ရန်ငြိုးထားမှု၊

စသည်များသည် သံဝေဂတရားရဖွယ်၊ ကြည်နူးမြတ်နိုးဖွယ်ရာများ ဖြစ်ပေါ်ခဲ့သလို-

- သာမာဝတီ၏ဘဝဖြစ်စဉ်

- သာမာဝတီကို ဃောသကသူဌေးထံမှ တောင်းယူပြီး ဥတေနမင်းက မိဖုရားမြှောက်မှု၊
- နောက်ပါအရံအမျိုးသမီး(၅၀၀)နှင့် ကျွန်မ ခုဇ္ဇုတ္တရာ(ခါးကုန်းမလေး)တို့ နန်းတော်ပါသွားမှု၊
- ပန်းအဝယ်ကျွန်မ ခုဇ္ဇုတ္တရာ(ခါးကုန်းမကလေး) တစ်နေ့ပန်းဖိုး(၈)အသပြာမှ(၂)အသပြာခိုးထားပြီး (၆)အသပြာဖြင့် ပန်းဝယ်မှု၊
- ဘုရားရှင်တရားနာရပြီးသောတာပန်တည်၍ (၂) အသပြာမခိုးတော့ဘဲ ပန်းများအပြည့်ဝယ်သွားမှု၊
- သာမာဝတီမိဖုရားနှင့်မောင်းမများက အကြောင်းစုံ သိပြီး ခုဇ္ဇုတ္တရာထံမှ တရားနာလို၍ တောင်းပန်မှု၊
- ခုဇ္ဇုတ္တရာကျွန်မသည် ဗုဒ္ဓတရားတော် ဟောသော အခါ မိမိက အပေါ်ကနေပြီး သမာဝတီမိဖုရား အမျူးပြုသော မောင်းမ(၅၀၀)တို့က အောက်က နေပြီး တရားနာရမှု၊
- နောက်သာမာဝတီက ခုဇ္ဇုတ္တရာကို နေ့စဉ် ဘုရားရှင်ထံ တရားနာလွှတ်ပြီး ထိုတရားများကို နာယူမှု၊
- သာမာဝတီတို့က ဘုရားရှင်နှင့်သံဃာတော်များ သူဌေးကြီးများအိမ် ဆွမ်းခံကြွစဉ် နန်းတော်နံရံ

များ ဖောက်ပြီး ဖူးမျှော်ကြည်ညိုမှု စသည်တို့သည် ကြည်ညိုဖွယ်ရာ အားကျဖွယ်ရာ အတုယူဖွယ်ရာများဖြစ်သလို၊

- ဘုရားရှင်အပေါ် ရန်ငြိုးထားခဲ့သော မာဂဏ္ဍီသည် လူမိုက်များငှားပြီး ဘုရားရှင်နောက်လိုက်၍ ဆဲရေးပြုမှု၊
- နောက် သာမာဝတီတို့ ပျက်စီးအောင် အမျိုးမျိုးဂုံးတိုက်ထောင်ချောက်ဆင် ဖျက်ဆီးမှု၊
- နောက်ဆုံးသမာဝတီနှင့်အပေါင်းပါ မောင်းမတို့ကို နန်းဆောင်၌ တံခါးပိတ်မီးရှို့သတ်မှု
- မာဂဏ္ဍီ နောက်ဆုံး မီးတိုက်ခံရပြီး အသေဆိုးနှင့်သေရမှု၊

ဤဖြစ်စဉ်များတွင် သံဝေဂရဖွယ်၊ တရားရဖွယ်များ၊ သင်ခန်းစာယူဖွယ်များ များစွာတွေ့မြင်ရသလို၊ ခုဇ္ဇုတ္တရာကျွန်မက ဘုရားရှင်ထံ နေ့စဉ်တရားသွားနာပြီး ထိုတရားများကို ဘုရားရှင်က ဤသို့ဟောခဲ့သည်ကို ကျွန်ုပ် ကြားနာခဲ့ရပါသည်။(ဣတိဝုတ္တက)ဟု ပြန်ဟောပြသော ဗုဒ္ဓ၏တရားတော်များသည် လောကီအကျိုး၊ လောကုတ္တရာအကျိုး အလွန်ပင်တန်ဖိုးကြီးမားလှသော တရားများဖြစ်နေသည်ကို တွေ့ရပါသည်။

ဗုဒ္ဓ၏ဝေဒဂ်ရ တပည့်သာဝိကာမ၊ ဘိက္ခုနီထေရီများ၊ လူဥပါသိကာမများ များစွာထဲတွင် ခုဇ္ဇုတ္တရာဟူသော အဆင့်နိမ့်ကျွန်မကလေးက ဤကဲ့သို့ ထူးခြားစွာ ဆောင်ရွက်သွားမှုသည်လည်း ထူးဆန်းအံ့ဩဖွယ်ကောင်းသလို ဂုဏ်ယူဝမ်းမြောက်ကြည်ညိုစရာလည်း ကောင်းလှပါသည်။

ဗုဒ္ဓ၏ လက်ဝဲတော်ရံ လက်ျာတော်ရံ ဥပ္ပလဝဏ်ထေရီ ခေမာထေရီတို့သော်မှ ဤသို့သော ထူးခြားဆောင်ရွက်ထားသွားမှု မရှိပါ။

သေက္ခ(ကျင့်ဆဲ)အရိယာဖြစ်သော ကျွန်မကလေး ခုဇ္ဇုတ္တရာက ဤကဲ့သို့ သမိုင်းဝင် မှတ်တမ်းတင် ကျန်အောင် ဆောင်ရွက်သွားခြင်းသည် ဗုဒ္ဓသာသနာနှင့်ဗုဒ္ဓ ဘာသာဝင်တို့အတွက် အလွန်ပင် ဂုဏ်ယူဖွယ် သမိုင်းမှတ်တမ်းတစ်ရပ်ဖြစ်နေပါသည်။

စာရေးသူသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)၊ သုတ္တန္တပိဋကမဟာဌာနတွင် တွဲဘက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလ ပါဠိတော်များ၊ အဋ္ဌကထာများ၊ မြန်မာပြန်များကို တစ်အုပ်ပြီးတစ်အုပ် လေ့လာခွင့်ရခဲ့ပြီး ထိုကျမ်းများမှ သုတ္တန်ဌာနအတွက် ခေတ်အမြင် လေ့လာနည်းဘာသာရပ်ကို အတန်းနှစ်အလိုက် ပို့ချသင်ကြားရသောအခါ ခေတ်အမြင်လေ့လာနည်း ပြဋ္ဌာန်း

ကျမ်းငယ်များကို B.A(Buddhism) ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် သင်တန်းသားသံဃာတော်များနှင့် M.A(Buddhism)ဒုတိယနှစ်၊ ပထမနှစ်သင်တန်းသားများ အတွက် ရေးသားပြုစုခဲ့ရပါသည်။ ထိုကျမ်းစာများကို တက္ကသိုလ်အုပ်ချုပ်ရေးဗဟိုအဖွဲ့က ပြဌာန်းကျမ်းစာအဖြစ် အတည်ပြုပေးပြီး သင်ကြားစေခဲ့ရပါသည်။

ထိုသို့ သုတ္တန်ကျမ်းများကို လေ့လာရင်း ရေးသား ပြုစုရင်းပင် ခုဒ္ဒကနိပါတလာ ဤဣတိဝုတ္တက ပါဠိတော်ကို လေ့လာမိပါသည်။ ခုဒ္ဒကနိကာယ(ခုဒ္ဒကနိ)ကာ သာမာဝတီတို့ကို တစ်ဆင့် ဟောကြားသောတရားတော်များထဲတွင် ဗုဒ္ဓက ရဟန်းတော် များကို ဟောကြားထားသည်မှန်သော်လည်း ထိုတရားတော် များ၏ အနှစ်သာရ(ဓမ္မရသ)ကို လေ့လာစိစစ်ထုတ်ကြည့် သောအခါ ရဟန်း,ရှင်,လူအားလုံး ကျင့်သုံးဆောက်တည်ရ မည့် ကုသိုလ်, အကုသိုလ်, သမထဝိပဿနာ, သီလ, သမာဓိ, ပညာကျင့်စဉ်များ လူ့လောက လောကီလူသား ဘဝကျင့်ကြံလိုက်နာရမည့် လောကီအကျိုးပြုကျင့်စဉ်များ သံသရာက လွတ်မြောက်ရန် ကျင့်ရမည့် ကျင့်စဉ်များစွာတို့ကို ဖတ်ရှု လေ့လာမိရပါသည်။

ဤဩက္ကတိဝုတ္တကသည် မူလပါဠိတော်နှင့် မြန်မာပြန် ပြန်ဆိုထားသည်မှန်သော်လည်း ရဟန်းရှင်လူ အားလုံးက အထူးသဖြင့် အထက်ပိဋကကျမ်းစာများကို မလေ့လာဘူးကြ သေးသော ရဟန်းများက ဤဩက္ကတိဝုတ္တကကို သာမာန်ပိဋ္ဋ ကတ်စာများသာ သဘောထားပြီး အလေးအနက်ထား လေ့လာမှု၊ ဖတ်ရှုမှု၊ ဖြန့်ဝေမှု မပြုလုပ်ခဲ့ကြ၍ ပိဋကကျမ်းအိပ်သဘောမျှသာ ရှိနေရပါသည်။

ဤဩက္ကတိဝုတ္တကကျမ်းပါ ဟောပြောချက်များသည် တိုရှင်းလိုရှင်း လေးနက်သော ကျင့်စဉ်များ ဖြစ်ပါသည်။

ထိုသည်ကို အထူးအာရုံထားမိသော စာရေးသူသည် ဤဩက္ကတိဝုတ္တကကျမ်းကို မြန်မာစာဖတ်တတ်သူ ရဟန်း၊ရှင်၊ လူ အားလုံး လေ့လာနိုင်ရန် ဖတ်ရှုနိုင်ရန်အတွက် ဤ "ပန်းအဝယ်တော်ခါးကုန်းမလေး၏ တစ်ဆင့်ဟောကြား ခမ္ဘရသများ" ဟူသော အမည်ဖြင့် အတတ်နိုင်ဆုံး ပါဠိဝေါဟာရ ကို ရှောင်၍ နောင်တစ်ခေတ် ဗုဒ္ဓဘာသာဝင် မြန်မာ အမျိုးသား၊ အမျိုးသမီးများ၊ သုတေသီ ရဟန်းရှင်လူ တို့အတွက် မြန်မာစာ မြန်မာစကား အရေးအသားဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

ဖတ်ရှုလေ့လာသူများအတွက် များစွာအကျိုးကျေးဇူး ရှိမည်ဟု ယုံကြည်မိပါသည်။ ဤစာရေးရာတွင် မြန်မာ စကားအသုံးအနှုန်း အားနည်းချက် ချွတ်ယွင်းချက်များရှိက သည်းခံခွင့်လွှတ်၍ ပြင်ဆင်ပေးကြပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အထူးကျေးဇူး ပြုပေးပါသော သုတ္တန္တပိဋကမဟာဌာနနှင့် ဌာနမှူးဆရာတော် ကထိက ဆရာတော်များ၊ ဤစာအုပ်ကို အေးချမ်းစွာ ရေးသားနိုင်ရန် ပါရမီဖြည့်ပေးသော ဓနီးဒေါ်တင်အေး၊ ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ၊ဘီအေ)

ဦးကိုကိုမြိုင်(တွဲဘက်ပါမောက္ခ)
သုတ္တန္တပိဋကမဟာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)
ဖုန်း-၀၁-၉၆၉၀၃၂၄ / ၀၉၄၂၀၁၆၈၇၈

# အခန်း ( ၁ )

## ခုဇ္ဇုတ္တရာ ( ဓါးကုန်းမလေး ) ၏အတိတ်ဘဝ

ပဒုမုတ္တရမြတ်စွာဘုရားရှင်လက်ထက်တွင် ဟံသာဝတီ နေပြည်ဝယ် ခုဇ္ဇုတ္တရာနှင့်သာမာဝတီလောင်း သူတော်ကောင်း အမျိုးသမီးနှစ်ဦးသည် သူဌေးသမီးများ ဖြစ်ခဲ့ကြသည်။

နောင်အဖို့ဝယ် ဘုရားရှင်၏တရားကို ကြားနာအံ့ဟု ဆိုကာ ကျောင်းတော်သို့သွား၍ တရားနာကြသည်။

ထိုစဉ် ခုဇ္ဇုတ္တရာအလောင်း သူဌေးသမီးသည် ဘုရားရှင်က ဥပါသိကာမတစ်ယောက်ကို အကြားအမြင် များသော (ဗဟုသုတ)အရာဝယ် အသာဆုံး၊ အမြတ်ဆုံး (ဧတဒဂ်)ရာထူး၌ ထားသည်ကို တွေ့မြင်ရ၍ အားကျကာ

အဓိကာရကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား(ကြိုတင် နိမိတ်စကား)ကို ပေးသနားတော်မူလေသည်။

(သာမာဝတီအလောင်း သူဌေးသမီးသည်လည်း ဘုရားရှင်က ဥပါသိကာတစ်ယောက်ကို မေတ္တာဖြင့်နေလေ့ ရှိသော(မေတ္တာဝိဟာရီ)အရာဝယ် အသာဆုံး အမြတ်ဆုံး (ဧတဒဂ်)ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ အားကျ ကာ အဓိကာရကောင်းမှုကို ပြုပြီးလျှင် ထိုရာထူးဌာနန္တရကို ဆုတောင်းပတ္ထနာပြုခဲ့လေသည်။

မြတ်စွာဘုရားရှင်ကလည်း ဗျာဒိတ်စကား(ကြိုတင် နိမိတ်စကား)ကို ပေးသနားတော်မူလေသည်။

ထိုသူဌေးသမီးနှစ်ဦးတို့သည် အသက်ထက်ဆုံး ကောင်းမှုပြုခဲ့ကြ၍ ထိုဘဝမှစုတေသော် နတ်ပြည်၌၊ နတ်ပြည်မှစုတေသော် နတ်ပြည်, လူပြည်တို့၌ ကျင်လည် ကျက်စားကြစဉ်ပင် ကမ္ဘာတစ်သိန်း လွန်မြောက်၍ ဤဘဒ္ဒ ကမ္ဘာသို့ ရောက်ခဲ့လေသည်။

ခုဒ္ဒုတ္တရာသည် လူပြည်၌ ကျင်လည်စဉ် ဘုရား မပွင့်မီကာလ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း၏နန်းတော်၌ မောင်းမမိဿံဖြစ်နေစဉ် နန်းတော်သို့ ဆွမ်းခံကြွဝင်လာသော

ခါးကုန်းသော အရှင်ပစ္စေကဗုဒ္ဓါတစ်ပါးကို မြင်၍ မိမိနှင့် အတူနေ မောင်းမမိသံတို့၏ ရေ့ဝယ် ပြက်ရယ်ပြောင် လှောင်မှုပြုလို၍ ကမ္မလာဝတ်ရုံကို ရုံပြီးလျှင် ရွှေခွက်ငယ်ကို လက်စွဲလျက်-

''ငါတို့၏ ပစ္စေကဗုဒ္ဓါသည်ကား ဤသို့ ဤသို့ လှည့်လည်ဘိသည်''

ဟု ခါးကုန်းသော ပစ္စေကဗုဒ္ဓါ ကြွပုံအခြင်းအရာကို ပြုလုပ် ပြသည်။

ထိုကံ၏ အကျိုးဆက်ဖြင့် ယခုဘဝတွင် ခါးကုန်း သော သူမအဖြစ် အကျိုးပေးခံရလေသည်။

## ကျွန်မဖြစ်ရမှု

ကဿပဘုရားရှင်၏လက်ထက်၌ဖြစ်သည်။ ဗာရာ ဏသီပြည်၌ သူဌေးသမီးတစ်ယောက်သည် ညချမ်းသောအခါ ကြေးမုံပြင်ကိုယူ၍ မိမိကိုယ်ကို တန်ဆာဆင်လျက်နေသည်။

ထိုအခါ သူဌေးသမီးအား ချစ်ကျွမ်းဝင်သော ရဟန္တာမ တစ်ပါးသည် ထိုသူဌေးသမီးကိုတွေ့လို၍ သွားလေသည်။

ကုန်လေပြီးသော အာသဝေါတရားရှိကုန်သော ရဟန္တာမတို့သည် ညချမ်းသောအခါ၌ အလုပ်အကျွေးဖြစ်ကုန် သောအမျိုးတို့ကို တွေ့မြင်ခြင်းငှာ အလိုရှိကြ၍ ကြွရောက် လေ့ရှိကြသည်။

ထိုခဏဝယ် သူဌေးသမီးထံ၌ ခိုင်းစေအပ်သော အမှုဆောင်ရွက်သူ အမျိုးသမီးတစ်စုံတစ်ယောက်မျှ မရှိ ဖြစ်နေရလေသည်။

သို့အတွက် သူဌေးသမီးက ရဟန္တာမထေရ်မကို-

“အရှင်မ‥အရှင်မအား ရိုသေမြတ်နိုးရှိခိုးပါ၏။ ရှေးဦးစွာ တပည့်တော်မ၏ ထိုတန်ဆာပခြုပ်ကိုယူ၍ သနားတော်မူပါကုန်ဦး”

ဟု စေခိုင်းလေသည်။

ထိုအခါ ရဟန္တာမထေရ်မက-‥

“အကယ်၍ ငါသည် ဤဘဏ္ဍာထုပ်ပခြုပ်ကိုယူ၍ မပေးသည်ဖြစ်ခဲ့အံ့၊ ငါ့အပေါ်၌ ငြိုးဖွဲ့မိသဖြင့် ငရဲ၌ဖြစ်ရလတ္တံ့၊ အကယ်၍ ငါသည် ယူပေးသည်ဖြစ်အံ့၊ သူတစ်ပါးအစေပါးကိုခံရသော အမှုလုပ်ကျွန်အဖြစ်ဖြင့် ဖြစ်ပေလတ္တံ့၊ ငရဲ၌ ပူလောင်ပြင်းပြသောဆင်းရဲကို ခံရသည်ထက် တစ်ပါးသူ၏ အစေအပါး ကျွန်အမှုလုပ်ဖြစ်ရသည်က မြတ်သေးသည်။

ဟု ကြံဆဆင်ခြင်တော်မူ၍ သူဌေးသမီးအား အစဉ်သနားသည်ကိုအစွဲပြု၍ ဘဏ္ဍာတည်ရာဖြစ်သော ပခြုပ်ကိုယူ၍ သူဌေးသမီးအား ပေးလိုက်လေသည်။

ထိုရဟန္တာမကို စေခိုင်းမိသော ကံ၏အကျိုးဆက်အဖြစ် ယခု ကျွန်အစေအပါး လာဖြစ်ရသည်။

## ခါးကုန်းမလေး ပညာရှိပြီး
## သောတာပန်တဝ ရောက်ရသော ကုသိုလ်

ခါးကုန်းမလေး(ခုဇ္ဇုတ္တရာ)သည် ရှေးဘဝ ပစ္စေကဗုဒ္ဓါကို ခါးကုန်းပုံသဏ္ဌာန်လုပ်ပြခဲ့သော ဘဝ၌ပင်-

ထိုပစ္စေကဗုဒ္ဓါတို့ကို မင်း၏နန်းတော်သို့ ပထမဦးစွာကြွသောနေ့ဝယ် မင်းနန်းတော်၌ ပစ္စေကဗုဒ္ဓါများ သီတင်းသုံးနေစေပြီး သပိတ်တို့ကိုယူကာ နို့ဃနာဆွမ်းကို အပြည့်ထည့်၍ လှူဒါန်းသည်။

နို့ဃနာတို့သည် ပူလှသဖြင့် ပစ္စေကဗုဒ္ဓါတို့သည် လဲလှယ် လဲလှယ်၍သာလျှင် သပိတ်ကို ယူကြသည်။ ထိုအခြင်းအရာကို မြင်သော အမျိုးသမီးသည် မိမိပိုင်ဆင်စွယ်လက်ကောက်(၈)ခုတို့ကို ပေးယူ၍-

"ဤလက်ကောက်ထက်၌ သပိတ်ကိုတင်၍ ကိုင်ယူတော်မူကြပါကုန်လော့"

ဟု လျှောက်ထား၍ ပေးလှူသည်။

ပစ္စေကဗုဒ္ဓါတို့သည် ထိုအမျိုးသမီးဆိုတိုင်းသော အခြင်းအရာကို ပြုလုပ်ဆောင်ရွက်ကြပြီး ထိုအမျိုးသမီးကို ကြည့်ရှုကြသည်ရှိသော်-

"ဘုန်းတော်အလွန်ကြီးမြတ်သော အရှင်သူမြတ်တို့... တပည့်တော်မအား ဤဝတ္ထုများဖြင့် အလိုမရှိတော့ပါ။

အရှင်မြတ်တို့အားသာလျှင် ဤဝတ္ထုများကို ပေးလှူပါ၏။ ဤဝတ္ထုတို့ကိုဆောင်ယူ၍ ကြွတော်မူကြပါကုန်လော့။" ဟု လျှောက်ထား၍ ထိုလက်ကောက်တို့ကို စွန့်လွှတ်လှူလိုက်သည်။

ပစ္စေကဗုဒ္ဓါတို့သည် ဆွမ်းကိုအလှူခံပြီး ထိုလက်ကောက်တို့ကိုယူကာ နန္ဒမူလတောင်ဝှမ်းသို့ ကြွတော်မူကြသည်။

ထိုအမျိုးသမီးသမီး လှူဒါန်းလိုက်သော သပိတ်ခြေဆင်စွယ်လက်ကောက်တို့သည် ယနေ့ထက်တိုင် အပျက်အစီးမရှိဘဲ တည်ရှိနေသည်ဟု ဆိုပါသည်။

ခါးကုန်းမလေးသည် ထိုသပိတ်ခြေ လှူရသောကုသိုလ်ကံအကျိုးဆက်ကြောင့် ယခု ဂေါတမဘုရားရှင်လက်ထက်ဝယ် ပထမ ကျွန်ဘဝဖြစ်ခဲ့ရပြီးနောက် မိဖုရားသာမာဝတီ၏မိခင်အရာ၌ ထားခံရကာ ပိဋကတ်သုံးပုံကိုဆောင်သော ကြီးသောပညာရှိသောသူမဖြစ်ပြီး ပစ္စေကဗုဒ္ဓါတို့အား လုပ်ကျွေးပြုစုသော အကျိုးဆက်အဖြစ် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ရလေသည်။

## ဗုဒ္ဓဂေါတမဘုရားရှင်လက်ထက်တခ

ယခု ဂေါတမဘုရားရှင် ပွင့်တော်မူလာသော အချိန် ဝယ် ကောသမ္ဗီပြည်၌ ဃောသကသူဌေးကြီး ဇနီးမောင်နှံ တို့သည် နေ့စဉ်နေ့တိုင်း အသပြာတစ်ထောင်,တစ်ထောင် စွန့်လွှတ်၍ နိဗဒ္ဓဒါနဝတ်ကို တည်ထားဖြစ်စေသည်။

ထိုအချိန်ဝယ် ခုဇ္ဇုတ္တရာလောင်း နတ်သမီးသည် နတ်ပြည်မှစုတေ၍ ဃောသကသူဌေးအိမ်ဝယ် အထိန်းတော် မကြီး၏ဝမ်း၌ ပဋိသန္ဓေတည်လာသည်။ ထိုသူငယ်မ ဖွားမြင် သောအခါ ထိုသူငယ်မ၏ ကိုယ်ခန္ဓာသည် ကုန်းကုန်းကလေး ဖြစ်လာသည်။

ထိုသို့ဖြစ်လာသောကြောင့် ထိုသူငယ်မ၏အမည်ကို ဥတ္တရာမှ ခါးကုန်း၍ ခုဇ္ဇုတ္တရာဟူ၍ ခေါ်စမှတ်ပြုခဲ့ကြသည်။

ထိုအချိန်မှာပင် သာမာဝတီအလောင်း နတ်သမီးသည် လည်း နတ်ပြည်မှ စုတေခဲ့၍ ဘဒ္ဒဝတိယတိုင်း ဘဒ္ဒိယမြို့ ဝယ် ဘဒ္ဒဝတိယသူဌေးကြီး၏သမီး ဖြစ်လာခဲ့သည်။

နောင်တစ်ချိန် ဘဒ္ဒိယမြို့၌ ငတ်မွတ်ခေါင်းပါးဘေး ကျရောက်၍ ဘဒ္ဒိယသူဌေးက သမီးနှင့်ဇနီးကိုခေါ်ကာ သူငယ်ချင်းဃောသက သူဌေးထံ လာခဲ့ရသည်။

(သာမာဝတီ၏ ဘဝဖြစ်စဉ်အစုံကို သာမာဝတီ မိဖုရားဝတ္ထု၌ ဖတ်ပါ။)

သာမာဝတီသည် ဆင်းရဲသား သူတောင်းစားဘဝ ရောက်၍ မိဘများသေဆုံးသောအခါ ဃောသကသူဌေး၏ အလှူစီမံသူ အလုပ်သမားမှူးက သာမာဝတီ၏ဘဝဖြစ်စဉ်ကို မေးပြီး အလွန်သနား၍ ကောက်ယူမွေးစားသည်။

နောက် သာမာဝတီအကြောင်းကို ဃောသကသူဌေး ကြီးက သိပြီး မိမိ၏ မတွေ့ဘူးသော သူငယ်ချင်း၏သမီး ဖြစ်ကြောင်း သိရှိကာ သာမာဝတီကို အလုပ်သမားမှူးထံမှ တောင်းပြီး မိမိ၏သမီးအဖြစ် မွေးစားသည်။ အမျိုးဇာတ်တူ အိမ်တို့မှ သာမာဝတီနှင့် အရွယ်တူ သတို့သမီးငါးရာတို့ကို ခေါ်ယူပြီး သာမာဝတီ၏ အခြံအရံဖြင့် ပေးထားပြုစု စောင့်ရှောက်ထားလေသည်။

နောင်တွင် သာမာဝတီကို ဥတေနမင်းက မိဖုရား အဖြစ် တော်ကောက်ချီးမြှောက်သောအခါ ခုဇ္ဇုတ္တရာသည် အခြံအရံ အမျိုးသမီးငါးရာနှင့်အတူ သာမာဝတီနောက်သို့ ပါသွားပြီး သာမာဝတီ၏ ပန်းအဝယ်တော်အဖြစ် ခ,စားရ လေသည်။

## သာမာဝတီ၏ ပန်းအဝယ်တော်တဝ

ကောသမ္ဗီပြည်၌ ဥတေနမင်းကြီး အုပ်ချုပ်မင်းပြု နေစဉ် ဖြစ်သည်။ ကောသမ္ဗီပြည်မှ နာမည်ကြီးသူဌေးကြီး သုံးဦးဖြစ်သော ဃောသကသူဌေးကြီး၊ ကုက္ကုဋ္ဌသူဌေးကြီး၊ ပါဝါရိကသူဌေးကြီးတို့သည် မိမိတို့ ကိုးကွယ်ဆည်းကပ်သော ရသေ့ငါးရာနှင့်အတူ သာဝတ္ထိပြည်သို့ လှူဒါန်းဖွယ်တို့နှင့် အတူ ရောက်ခဲ့ကြသည်။

မိမိတို့ ကိုးကွယ်ဆည်းကပ်သော ရသေ့ငါးရာတို့ သည် ဘုရားရှင်နှင့်တွေ့ပြီးနောက် ဘုရားရှင်ထံမှ တရားနာ ယူပြီးကြသောအခါ ရဟန္တာမထေရ်အသီးသီး ဖြစ်သွားကြ သည်။

သူဌေးကြီးသုံးဦးသည်လည်း ဘုရားရှင်အမှူးရှိသော သံဃာတော်များကို မိမိတို့၌ပါလာသော အဝတ်ပုဆိုး ထောပတ်,ပျား,တင်လဲ တို့ကို လှူဒါန်းပြီး ဘုရားရှင်ထံမှ တရားကို နာယူကြသည်။ ဘုရားရှင်၏ ဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

ထိုသူဌေးကြီးသုံးဦးတို့သည် သာဝတ္ထိမှ ကောသမ္ဗီသို့ ပြန်ရောက်ရှိကြသော်-

ဃောသကသူဌေးကြီးက - ဃောသိတာရာမ

ကုက္ကုဋ္ဌသူဌေးကြီးက - ကုက္ကုဋ္ဌာရာမ

ပါဝါရိကသူဌေးကြီးက - ပါဝါရိကာရာမ

ဟူသော ကျောင်းသုံးဆောင်ကို ဆောက်လုပ်ကြပြီးလျှင် ဘုရားရှင်အား ကောသမ္ဗီပြည်သို့ ကြွရောက်ပါရန် တမန်စေလွှတ်၍ လျှောက်ထားကြလေသည်။

ထိုအချိန်တွင် ကောသမ္ဗီပြည်၌ ဥတေနမင်းကြီးသည် စိုးစံနေ၍ ထိုမင်း၌ ထင်ရှားသော မာဂဏ္ဍိယမိဖုရား သာမာဝတီမိဖုရား၊ ဝါသုလဒတ္တာမိဖုရားတို့ ရှိကြသည်။

မြတ်စွာဘုရားရှင်သည် ထိုသူဌေးကြီးတို့၏ လျှောက်ထားပင့်ချက်အရ ရဟန်းသံဃာအပေါင်းနှင့်အတူ ကောသမ္ဗီပြည်သို့ ကြွတော်မူလေသည်။

သူဌေးကြီးတို့သည် ဘုရားရှင်ကို ခရီးဦးကြိုဆိုကြပြီး ဘုရားရှင်ကို ကျောင်းအာရာမ်သို့ ပင့်ဆောင်သွားကြပြီး အလှည့်ကျဖြင့် လုပ်ကျွေးပြုစုကြသည်။

မြတ်စွာဘုရားသည် တစ်နေ့တစ်ကျောင်း သီတင်းသုံးနေလေသည်။ ဆွမ်းကိုမူ သီတင်းသုံးနေသော ကျောင်းဒကာသူဌေး၏အိမ်သို့သာ ဆွမ်းခံကြွတော်မူသည်။

ထိုအချိန်တွင် သူဌေးကြီးသုံးဦး၏ အလုပ်အကျွေးဖြစ်သော သုမနအမည်ရှိသော ပန်းသည်သည် ရှိ၏။

တစ်နေ့ သုမနပန်းသည်က သူဌေးကြီးများကို-

"အကျွန်ုပ်သည် အရှင်တို့အား ရှည်စွာသောနေ့ညဉ့်ပတ်လုံး ကျေးဇူးများသူဖြစ်ပါသည်။ ကျွန်ုပ်သည် ဘုရားရှင်

အား ဆွမ်းလုပ်ကျွေးလိုပါသည်။ ကျွန်ုပ်အား တစ်နေ့အဖို့မျှ ဘုရားရှင်အား ပေးသနားတော်မူကြပါ''
ဟု ခွင့်တောင်းလေသည်။

''အချင်းသုမန…၊ ထိုသို့ဖြစ်လျှင် နက်ဖြန်အခါ၌ ကျွေးမွေးလှူဒါန်းပါလော''
ဟု သူဌေးတို့က ခွင့်ပေးသည်။

''အရှင်တို့…ကောင်းပါပြီ''
ဟု ဝမ်းမြောက်ဝမ်းသာ ဝန်ခံပြီး သုမနပန်းသည်သည် ဘုရားရှင်ကို ပင့်ဖိတ်၍ လှူဖွယ်ဝတ္ထုတို့ကို စီရင်လေသည်။

ထိုအချိန်တွင် ဥတေနမင်းကြီးသည် သာမာဝတီမိဖုရားအား နေ့စဉ်နေ့တိုင်း ပန်းဖိုး အသပြာ(၈)ကျပ်တို့ကို ပေးသည်။

သာမာဝတီမိဖုရားကြီးတွင် ခုဇ္ဇုတ္တရာ(ခါးကုန်း) အမည်ရှိသော ကျွန်မသည် သုမနပန်းသည်၏အထံသို့သွား၍ အမြဲမပြတ် ပန်းတို့ကို ဝယ်ယူသည်။

သုမနပန်းသည်၏ ဘုရားရှင်အား ဆွမ်းကပ်လှူသော နေ့တွင်လာသော ခုဇ္ဇုတ္တရာကို သုမနပန်းသည်က-

''ငါသည် မြတ်စွာဘုရားကို ပင့်ဖိတ်ထား၍ ယနေ့ အထွတ်အမြတ်အစီးဖြစ်သောပန်းတို့ဖြင့် ပူဇော်အံ့၊ အသင်သည် တစ်ခဏမျှ ဆိုင်းငံ့ပါဦး၊ ဆွမ်းဖြင့်လုပ်ကျွေးပြုစုရာ၌ အဖော်

ဖြစ်၍ တရားတော်နာပြီးလျှင် ကျန်သောပန်းတို့ကိုယူ၍ သွားပါလော့"

ဟု ပြောပြသည်။

"အရှင်...ကောင်းပါပြီ"

ဟု ခုဇ္ဇုတ္တရာက ဝန်ခံ၍ သုမနပန်းသည်၏ ဆွမ်းအလှူကို စောင့်ဆိုင်းနေပေးသည်။

သုမနပန်းသည်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အပေါင်းကို လုပ်ကျွေးပြုစုပြီးသောအခါ အနုမောဒနာတရားကို ဟောကြားပေးတော်မူသည်။

ခုဇ္ဇုတ္တရာသည် ဘုရားရှင်၏ တရားစကားကို ကြားနာ နေစဉ်မှာပင် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ခုဇ္ဇုတ္တရာသည် အခြားအခြားသော နေ့တို့၌ အသပြာ (၈)သပြာတွင် (၄)သပြာကို မိမိအဖို့ယူ၍ ပန်းကို(၄)အသပြာဖိုးသာ ဝယ်ယူ၍သွားလေသည်။

သောတာပတ္တိဖိုလ်တည်သွားသော ယနေ့အဖို့၌မူ (၈)အသပြာအပြည့် ပန်းတို့ကို ဝယ်ယူ၍ နန်းတော်သို့ ပြန်လေသည်။

ယခင်ကထက်များသော ပန်းတို့ကို ဆက်သသော ခုဇ္ဇုတ္တရာကို သာမာဝတီမိဖုရားက-

"မိခင်... အသို့နည်း၊ ယနေ့ ငါတို့အား အရှင်

မင်းမြတ်သည် နှစ်ဆထက်သော ပန်းဖိုးကို ပေးသနားတော်မူပါသလော။''
ဟု မေးသည်။

''အရှင်မ…မင်းကြီးက ပေးသနားတော်မူသည် မဟုတ်ပါ။''

''မိခင်…မင်းကြီးက မပေးဘဲလျက် အဘယ်ကြောင့် ပန်းတို့သည် များပြားလာရပါသနည်း''

''အရှင်မ…အခြားအခြားနေ့များက ကျွန်တော်မသည် အသပြာ(၄)ကျပ်တို့ကို မိမိအတွက်ယူထားပြီး ကျန်အသပြာ(၄)ကျပ်ဖိုးမျှသာ ပန်းတို့ကို ဝယ်ယူဆက်သခဲ့ပါသည်။

''မိခင် ယနေ့ အဘယ်ကြောင့် မယူပါသနည်း''

''အရှင်မ… ယနေ့မှာမူကား သစ္စာလေးပါးကို သိတော်မူသော ဘုရားရှင်ကိုယ်တော်ကြီး၏ တရားတော်မြတ်ကို ကြားနာရ၍ တရားထူးကို ရခဲ့သောကြောင့် မယူတော့ပါ''

ထိုအခါ သာမာဝတီမိဖုရားသည် ခုဇ္ဇုတ္တရာကို-

''ကြမ်းတမ်းယုတ်မာလှစွာသော အိုအချင်းကျွန်မ… ဤမျှလောက်သော ကာလပတ်လုံး အသင်သည် ခိုးယူထားသော အသပြာတို့ကို ငါ့အား ပြန်ပေးလော့''
ဟု မခြိမ်းခြောက်မပြောဆိုမူ၍-

"မိခင်… မိခင် သောက်မျိုးရှိခဲ့သော အမြိုက်တရားကို ငါတို့အားလည်း တိုက်ကျွေးပါလော့"

ဟု တောင်းပန်ပြောဆိုလေသည်။

"အရှင်မ…ကျွန်မသည် ဤသို့သော အဝတ်အစား အခြေအနေဖြင့် မြင့်မြတ်သော ဘုရားရှင်၏ တရားတော်မြတ်ကို မဟောကြားပေးနိုင်ပါ။ ကျွန်မအား သန့်ရှင်းစင်ကြယ်စွာ ရေချိုးပြုပြီးမှ ဟောပြောပြနိုင်ပါမည်။"

ထိုအခါ သာမာဝတီသည် ခုဇ္ဇုတ္တရာပြောသမျှ လက်ခံပြီး တစ်ဆယ်ခြောက်လုံးကုန်သော နံ့သာရေအိုးတို့ဖြင့် ရေချိုးစေပြီး ပြေပြစ်ချောမောသော ပုဆိုးနှစ်ထည်တို့ကို ပေးလေသည်။

ခုဇ္ဇုတ္တရာသည် တစ်ထည်သောပုဆိုးကိုဝတ်၍ တစ်ထည်သောပုဆိုးကိုရုံပြီးလျှင် နေရာကို ခင်းစေသည်။ တစ်ခုသောယပ်ကို ယူဆောင်ပြီးလျှင် ခင်းအပ်သော မြတ်သောနေရာ၌ထိုင်လျက် ငါးရာသော နန်းတွင်းသူ မောင်းမမိဿံတို့ကို ခေါ်စေ၍ မြတ်စွာဘုရားသည် ဟောတော်မူသောအမှတ်ဖြင့် သာလျှင် တရားတော်ကို ဟောကြားပြလေသည်။

ခုဇ္ဇုတ္တရာ၏ တရားကို ကြားနာကြရသော အလုံးစုံကုန်သော နန်းတွင်းသူမောင်းမအပေါင်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေသည်။

အလုံးစုံသော နန်းတွင်းသူမောင်းမအပေါင်းတို့သည် ခုဇ္ဇုတ္တရာကို ရှိသေမြတ်နိုးရှိခိုးကြကာ-

''မိခင်...ယနေ့မှစ၍ မိခင်သည် ညစ်နွမ်းဖွယ်သော အမှုကိစ္စတို့ကို မပြုပါလင့်၊ ငါတို့၏ မိခင်အရာ၌ လည်းကောင်း၊ ဆရာ၏အရာ၌လည်းကောင်း တည်၍ မြတ်စွာဘုရားအထံတော်သို့သွားပြီးလျှင် ဘုရားရှင်ဟောတိုင်း ဟောတိုင်းသောတရားတော်ကို ကြားနာပြီးသည့်ကာလမှ ငါတို့အား ဟောကြားပါလော့''
ဟု ပြောဆိုတောင်းပန်ကြလေသည်။

ခုဇ္ဇုတ္တရာသည် ထိုသို့ ပြောဆိုသည့်အတိုင်းသာ ပြုလျက် ဘုရားရှင်ထံသွားရောက်တရားနာပြီး သာမာဝတီ အမှူးပြုသောမောင်းမတို့ကို တရားပြန်လည်ဟောပြခဲ့ရာ ပိဋကတ်သုံးပုံကိုဆောင်သည်အထိ ဖြစ်လာခဲ့သည်။

တစ်နေ့တွင် သာမာဝတီအမှူးရှိသော နန်းတွင်းသူ (၅၀၀)တို့သည် ခုဇ္ဇုတ္တရာကို-

''မိခင်... ငါတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ အလိုရှိပါ၏၊ ငါတို့အား မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို ပြတော်မူပါလော့၊ ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်ကြပါကုန်အံ့''
ဟု တောင်းပန်ပြောဆိုကြကုန်သည်။

"အရှင်မ...မင်းမျိုးမည်သည်ကား ဝန်လေးလှပါ၏။ အရှင်မတို့ကို ခေါ်ဆောင်ပြီး အပြင်သို့ ထွက်သွားခြင်းငှာ မတတ်ကောင်းပါ"

"မိခင်... ငါတို့အား မဖျက်ဆီးပါလင့်၊ ငါတို့အား မြတ်စွာဘုရားကိုယ်တော်မြတ်ကို ပြပါလော့"

ဟု ထပ်ကာ ထပ်ကာ တောင်းပန်ကြကုန်သည်။

"ထိုသို့ဖြစ်လျှင် အရှင်မတို့၏ နေရာတိုက်ခန်းတို့၌ နံရံတို့၌ အကြင်မျှလောက်သော ပြတင်းပေါက်တို့ကို ဖောက်အပ်သည်ရှိသော် ဘုရားရှင်ကို ကြည့်ရှုခြင်းငှာ စွမ်းနိုင်ပါ၏။ ထိုပြတင်းပေါက်ကိုဖြတ်လျက် နံ့သာပန်း စသည်တို့ကို ဆောင်ယူလက်စွဲကုန်လျက် သူဌေးကြီးသုံးဦးတို့၏အိမ်သို့ ကြွကြ ပြန်လာကြသော မြတ်စွာဘုရားကို အရှင်မတို့သည် ထိုထိုအရပ်တို့၌တည်၍ ကြည့်ရှုကြကုန်လော့၊ လက်တို့ကို မြှောက်ချီ၍ ရှိခိုးပူဇော်ကြပါကုန်လော့"

ဟု အကြံပြုလေသည်။

သာမာဝတီတို့သည် ခုဇ္ဇုတ္တရာပြောပြသည့်အတိုင်း ပြုလုပ်၍ မြတ်စွာဘုရားကြွသောအခါ၌လည်းကောင်း ပြန်ကြွသောအခါ၌လည်းကောင်း ကြည့်ရှုဖူးမြော်လျက် ရှိခိုး ပူဇော်ကြလေသည်။

တစ်ဘက်ကလည်း ခုဇ္ဇုတ္တရာသည် နေ့စဉ် ဘုရားသခင် သီတင်းသုံးရာကျောင်း၌ ပြုလုပ်သော တရားပွဲများသို့ အစဉ်သွား၍ သာမာဝတီတို့ကို နေ့စဉ်တရားကို ပြန်လည်ဟောပြလေသည်။

ထိုသို့ ခုဇ္ဇုတ္တရာ နေ့စဉ်ဘုရားရှင်ထံ သွားရောက်တရားနာပြီး သာမာဝတီတို့အား ပြန်လည်ဟောပြသော တရားတော်များမှာ-

ထို့နောက် ဗုဒ္ဓက ခုဇ္ဇုတ္တရာကို-

''ဧတဒဂ္ဂံဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ဓမ္မကထိကာနံယဒိဒံ ခုဇ္ဇုတ္တရာ''

''ရဟန်းတို့…ယခုအခါ ငါဘုရား၏ တပည့်ဖြစ်ကုန်သော များသောအကြားအမြင်ရှိကုန်သော တရားဟောပြောကုန်သော တပည့်ဒါယိကာမတို့တွင် အကြင် ခုဇ္ဇုတ္တရာသည်ရှိ၏၊ ထိုခုဇ္ဇုတ္တရာသည် သာလွန်မြတ်လေ၏။''

# အခန်း ( ၂ )

# ဗုဒ္ဓက ဤသို့ဟောကြားခဲ့ပါသည်

## ၁။ တစ်ပါးစုအစဉ် (ဧကကနိပါတ)

### (က) ပထမအစု

### ၁။ တပ်မက်မှု (လောဘ)

ဘုန်းတော်ကြီးသော ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓသည် -

"ရဟန်းတို့… တပ်မက်မှု(လောဘ)ဟူသော တစ်ခုသောတရားကို ပယ်ကြကာ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရားတာဝန်ယူ၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။

ဤအနက်သဘောကို -

"အကြင်လောဘဖြင့် တပ်မက်မှုသတ္တဝါတို့သည် မကောင်းသောလားရာသို့ လားရောက်ကြရကုန်၏။ ထိုလောဘကို ကောင်းစွာသိ၍ ထိုလောဘကို ပယ်စွန့်ကုန်၏။ ယင်းလောဘကိုပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကုန်"

ဟု ဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ် ကြားနာခဲ့ရပါသည်။

## ၂။ အမျက်ထွက်မှု (ဒေါသ)

ဘုန်းတော်ကြီးသော ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓသည် -

"ရဟန်းတို့...ပြစ်မှားမှု(ဒေါသ)ဟူသော တစ်ခုသော တရားကို ပယ်ကြလော၊ သင် ထိုအနာဂါမ်ဖြစ်ရေးအတွက် ငါဘုရားတာဝန်ယူ၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင်ဒေါသဖြင့် ဖျက်ဆီးခံရသူ သတ္တဝါတို့သည် မကောင်းသောလားရာသို့ လားရောက်ကြရကုန်၏။ ထိုဒေါသကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ထိုဒေါသကိုပယ်စွန့်ကုန်၏။

ယင်းဒေါသကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံ တစ်ခါမျှ မလာရောက်ကုန်”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၃။ တွေဝေမှု(မောဟ)

ဘုန်းတော်ကြီးသော ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓသည် -

“ရဟန်းတို့…တွေဝေမှု(မောဟ)ဟူသော တစ်ခုသော တရားကို ပယ်ကြကုန်လော၊ သင်တို့ အနာဂါမ် ဖြစ်ရေး အတွက် ငါဘုရား တာဝန်ယူ၏ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။”

ဤအနက်သဘောကို -

“အကြင်မောဟဖြင့် တွေဝေသူ သတ္တဝါတို့သည် မကောင်းသောလားရာသို့ လားရောက်ကြကုန်၏။ ထိုမောဟ ကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်း အရာတို့ဖြင့် ရှုသူတို့သည် ထိုမောဟကို ပယ်စွန့်ကုန်၏။ ယင်းမောဟကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကုန်”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေးရန်ကုန်


## ၄။ အမျက်ထွက်စိတ်ဆိုးမှု (ကောဓ)

ဘုန်းတော်ကြီးသော ပူဇော်အထူးကို ခံယူတော်မူထိုက်သော ဗုဒ္ဓသည် -

''ရဟန်းတို့…အမျက်ထွက်မှု(ကောဓ)ဟူသော တစ်ခုသောတရားကို ပယ်ကြကုန်လော…သင်တို့ အနာဂါမ် ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူ၏''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။

ဤအနက်သဘောကို -

''အကြင် ကောဓတရားဖြင့် အမျက်ထွက်သူ သတ္တဝါတို့သည် မကောင်းသော လားရာသို့ လားရောက်ကြကုန်၏။ ထိုကောဓကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စသောအခြင်းအရာတို့ဖြင့် ရှုသူတို့သည် ထိုကောဓကို ပယ်စွန့်ကုန်၏။ ယင်းကောဓကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှမလာရောက်ရကုန်''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

၂၀၆၂၆

## ၅။ သူ့ကျေးဇူးချေဖျက်မှု(မက္ခ)

ဗုဒ္ဓသည်-

"ရဟန်းတို့… သူ့ကျေးဇူးကို ချေဖျက်မှု မက္ခ ဟူသော တစ်ခုသောတရားကို ပယ်ကြကုန်လော့၊ သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရားတာဝန်ယူ၏"

ဟု ဤအနက်သဘောကို-

"အကြင်မက္ခတရားဖြင့် သူ့ကျေးဇူးကိုချေဖျက်သော သတ္တဝါသည် မကောင်းသော လားရာသို့ လားရောက်ကြရကုန်၏။ ထိုမက္ခကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စ စသောအခြင်းအရာတို့ဖြင့် ရှုသူတို့သည် ထိုမက္ခကို ပယ်စွန့်ကုန်၏။ ထိုမက္ခကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံ တစ်ခါမျှ မလားရောက်ကုန်"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၆။ ထောင်လွှားမှု(မာန)

ဗုဒ္ဓသည်…

"ရဟန်းတို့…ထောင်လွှားမှု(မာန)ဟူသော တစ်ခုသော တရားကိုပယ်ကြကုန်သော သင်တို့ အနာဂါမ်ဖြစ်ရေးအတွက် ငါဘုရား တာဝန်ယူပါ၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။

ဤအနက်သဘောကို -

"အကြင်မာနဖြင့် ယစ်သူ သတ္တဝါတို့သည် မကောင်းသောလားရာသို့ လားရောက်ကြရကုန်၏။ ထိုမာနကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ထိုမာနကို ပယ်စွန့်ကုန်၏။

ယင်းမာနကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကုန်"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ် ကြားနာခဲ့ရပါသည်။

## ၇။ အလုံးစုံသောတရားကို ပိုင်းခြားသိမှု (သဗ္ဗပရိညာ)

ဗုဒ္ဓသည်...

"ရဟန်းတို့...အလုံးစုံသော တေဘူမ္မကတရားကို တူသောဉာဏ်ဖြင့် မသိသူ၊ ပိုင်းခြား၍မသိသူ၊ ထိုပိုင်းခြားအပ်သောတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် မပြုနိုင်သူ၊ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ဆုံးဖြင်းငှာ မထိုက်၊ အလုံးစုံသော တေဘူမ္မကတရားတို့ကို ထူးသော ဉာဏ်ဖြင့်သိသူ၊ ပိုင်းခြား၍သိသူ၊ ထိုပိုင်းခြားအပ်သော တရား၌ စိတ်ကိုတပ်စွန်းမှုကင်းအောင်ပြုနိုင်သူ၊ ကိလေသာဝဋ်

ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှာ ထိုက်၏။”
ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။

ဤအနက်သဘောကို -

“အကြင်သူသည် အလုံးစုံသောတေဘူမ္မကတရားကို အလုံးစုံအဖို့အားဖြင့် သိသောကြောင့် အလုံးစုံသော သက္ကာယ တရားတို့၌မတပ်မက်၊ထိုသူသည် အလုံးစုံသောတေဘူမ္မက တရားကို ပိုင်းခြားသိ၍ ဆင်းရဲအားလုံးကို မုချ လွန်မြောက် နိုင်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ် ကြားနာခဲ့ရပါသည်။

## ၈။ ထောင်လွှားမှုကိုပိုင်းခြားသိမှု (မာနပရိညာ)

ဗုဒ္ဓသည်…

“ရဟန်းတို့…မာနကို ထူးသောဉာဏ်ဖြင့်မသိသူ၊ ပိုင်းခြား၍မသိသူ၊ ထိုမာနတရား၌ စိတ်ကို တပ်စွန်းမှုကင်း အောင်မပြုနိုင်သူ၊ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှာမထိုက်၊ မာနကို ထူးသောဉာဏ်ဖြင့် ပိုင်းခြားသိသူ၊ တပ်စွန်းမှုကင်းအောင်ပြုနိုင်သူ၊ ကိလေသာ ဝဋ်ကိုပယ်စွန့်နိုင်သူသည်သာ ဆင်းရဲကုန်ခြင်းငှာထိုက်၏” ဟု ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။

ဤအနက်သဘောကို -

''ဤသတ္တဝါတို့သည် မာနနှင့်ပြည့်စုံကုန်၏။ မာနဖြင့် အထုံအဖွဲ့ခံရသူတို့သည် ဘဝ၌ မွေ့လျော်ကုန်၏။ မာနကို ပိုင်းခြား၍ မသိသူတို့သည် တစ်ဖန် ဘဝသစ်သို့ လာရောက်ကြရကုန်၏။

အကြင်သူတို့သည် မာနကိုပယ်သောကြောင့် မာနကုန်ခမ်းရာ နိဗ္ဗာန်၌ ကိလေသာမှ လွတ်မြောက်ကုန်၏။

ထိုသူတို့သည် မာနထုံးဖွဲ့ခြင်းကို လွှမ်းမိုးနိုင်ကုန်သောကြောင့် ဆင်းရဲအားလုံးကို လွန်မြောက်ကုန်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ် ကြားနာခဲ့ရပါသည်။

## ၉။ လိုချင်မှုကို ပိုင်းခြားသိမှု(လောဘပရိညာ)

ဗုဒ္ဓသည် -

''ရဟန်းတို့...လောဘကို ထူးသောဉာဏ်ဖြင့် မသိသူ၊ ပိုင်းခြား၍ မသိသူ၊ ထိုလောဘတရား၌ စိတ်ကို တပ်စွဲမှုကင်းအောင် မပြုနိုင်သူ၊ ကိလေသာတို့ကို မပယ်စွန့်နိုင်သူတို့သည် ဆင်းရဲကုန်ခြင်းငှာမထိုက်၊ လောဘကို ထူးသောဉာဏ်ဖြင့်သိသူ၊ ပိုင်းခြားသိသူ၊ တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ၊ ကိလေသာဝဋ် ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှာ ထိုက်၏''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင်လောဘဖြင့် တပ်မက်သူ သတ္တဝါတို့သည် မကောင်းသောလားရာသို့ လားရောက်ကြရကုန်၏၊ ထိုလောဘကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်းအရာအားဖြင့် ရှုသူတို့သည် ထိုလောဘကို ပယ်စွန့်ကုန်၏။ ယင်းလောဘကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကုန်။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၁၀။ ဒေါသပရိညာ(အမျက်ထွက်မှုကို ပိုင်းခြားသိမှု)

ဗုဒ္ဓသည်...

"ရဟန်းတို့... ဒေါသကို ထူးသောဉာဏ်ဖြင့် မသိသူ၊ ပိုင်းခြား၍မသိသူ၊ ထိုဒေါသတရား၌ စိတ်ကို တပ်စွဲမှုကင်းအောင် မပြုနိုင်သူ၊ ကိလေသာတို့ကို မပယ်စွန့်နိုင်သူတို့သည် ဆင်းရဲကုန်ခြင်းငှာမထိုက်၊

ဒေါသကို ထူးသောဉာဏ်ဖြင့်သိသူ၊ ပိုင်းခြားသိသူ၊ တပ်စွန်းမှုကင်းအောင်ပြုနိုင်သူ၊ ကိလေသာကို ပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှာထိုက်၏"

ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင်ဒေါသဖြင့် ဖျက်ဆီးခံရသူ သတ္တဝါတို့သည် မကောင်းသောလားရာသို့ လားရောက်ကြရကုန်၏။ ထိုဒေါသကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ထိုဒေါသကိုပယ်စွန့်ကုန်၏။ ယင်းဒေါသကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကုန်။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## (ခ) ဒုတိယအစု

### ၁။ တွေဝေမသိမှုကိုပိုင်းခြားသိမှု(မောဟဝရိညာ)

ဗုဒ္ဓသည် -

"ရဟန်းတို့… မောဟကို ထူးသောဉာဏ်ဖြင့်မသိသူ၊ ပိုင်းခြား၍ မသိသူ၊ ထိုတရား၌ စိတ်ကို တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ၊ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန်ခြင်းငှာ မထိုက်"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"ဉာဏ်ဖြင့်သိသူ၊ ပိုင်းခြား၍သိသူ၊ စိတ်၌တပ်စွန်းမှု ကင်းအောင်ပြုသူ၊ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသာ ဆင်းရဲကုန်ခြင်းငှာထိုက်၏။"

"အကြင်မောဟဖြင့် တွေဝေသော သတ္တဝါတို့သည် မကောင်းသော လားရာသို့ လားရောက်ကြရ၏။ ထိုမောဟကို ကောင်းစွာသိ၍ ခန္ဓာငါးပါးကို အနိစ္စစသော အခြင်းအရာ အားဖြင့် ရှုသူတို့သည် ထိုမောဟကို ပယ်စွန့်ကုန်၏။ ထိုမောဟကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံ တစ်ခါမျှ မလာရောက်ကုန်"

ဤအနက်သဘော ဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ် ကြားနာခဲ့ရပါ၏။

## ၂။ အမျက်ထွက်စိတ်ဆိုးမှုကိုပိုင်းခြားသိမှု(ကောဓပရိညာ)

ဗုဒ္ဓသည်-

"အမျက်ထွက်မှုကို ထူးသောဉာဏ်ဖြင့်မသိသူ၊ ပိုင်းခြား၍ မသိသူ၊ ထိုအရာ၌ စိတ်ကို တပ်စွန်းမှုကင်းအောင် မပြုနိုင်သူ၊ ကိလေသာဝဋ်ကို မပယ်စွန့်နိုင်သူသည် ဆင်းရဲကုန် ခြင်းငှာမထိုက်၊ ထူးသောဉာဏ်ဖြင့်သိသူ၊ ပိုင်းခြားသိသူ၊ စိတ်ကိုတပ်စွန်းမှု ကင်းအောင်ပြုသူ၊ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသာ ဆင်းရဲကုန်ခြင်းငှာ ထိုက်၏"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

''အကြင်ကောဓဖြင့် အမျက်ထွက်သောသူသည် မကောင်းသောလားရာသို့ လားရောက်ရ၏။

ထိုကောဓကို ကောင်းစွာသိ၍ ခန္ဓာငါးပါးကို အနိစ္စ စသော အခြင်းအရာအားဖြင့် ရှုသောသူတို့သည် ထိုကောဓကို ပယ်စွန့်ကုန်၏။

ထိုကောဓကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကြရကုန်။

ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၃။ သူ့ကျေးဇူးမသိမှုကို ပိုင်းခြားသိမှု (မက္ခပရိညာ)

ဗုဒ္ဓသည် -

''ရဟန်းတို့...သူ့ကျေးဇူးချေဖျက်မှုကို ထူးသော ဉာဏ်ဖြင့် မသိသူ၊ ပိုင်းခြား၍ မသိသူ၊ ထိုတရား၌ စိတ်ကို တပ်စွမ်းမှုကင်းအောင် မပြုနိုင်သူ၊ ကိလေသာဝဋ်ကို မပယ်စွန့် နိုင်သူသည် ဆင်းရဲကုန်ခြင်းငှာမထိုက်၊ ထိုမက္ခကို ထူးသော ဉာဏ်ဖြင့်သိသူ၊ ပိုင်းခြားသိသူ၊ တပ်စွန်းမှုကင်းအောင် ပြုနိုင်သူ၊ ကိလေသာဝဋ်ကို ပယ်စွန့်နိုင်သူသည် ဆင်းရဲ ကုန်ခြင်းငှာ ထိုက်၏။

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင် မဂ္ဂဖြင့် သူ့ကျေးဇူးကို ချေဖျက်သူတို့သည် မကောင်းသောလားရာသို့ လားရောက်ကြရကုန်၏။

ထိုမဂ္ဂတရားကို ကောင်းစွာသိ၍ ခန္ဓာငါးပါးတို့ကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသူတို့သည် ထိုမဂ္ဂကို ပယ်စွန့်ကုန်၏။

ယင်းမဂ္ဂတရားကို ပယ်စွန့်သောကြောင့် ဤလောကသို့ တစ်ရံတစ်ခါမျှ မလာရောက်ကုန်။"

ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ် ကြားနာခဲ့ရပါ၏။

## ၄။ မသိမှုကို ပိတ်ဖုံးထားမှု (အဝိဇ္ဇာနီဝရဏ)

ဗုဒ္ဓသည်...

"ရဟန်းတို့...အကြင် နီဝရဏတရားဖြင့် တားမြစ်ပိတ်ပင်ခံရသော သတ္တဝါတို့သည် ရှည်ကြာစွာသော နေ့ညဉ့်ပတ်လုံး သံသရာ၌ ပြေးသွားကျင်လည်ကြရကုန်၏။

ထိုနီဝရဏကား အဝိဇ္ဇာ(မသိမှု)နီဝရဏ(တားမြစ်မှု) ပင်တည်း။ အဝိဇ္ဇာနီဝရဏမှတစ်ပါး သံသရာ၌ ပြေးလွှားကျင်လည်စေတတ်သော အခြား နီဝရဏတစ်ခုကိုမျှလည်း ငါဘုရားမမြင်၊

အဝိဇ္ဇာ နီဝရဏဖြင့် တားမြစ်ပိတ်ပင်ခံရသော သတ္တဝါတို့သည် ရှည်စွာသော နေ့ညဥ့်ပတ်လုံး သံသရာ၌ ပြေးလွှားကျင်လည်ရ၏။

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင်မောဟဟူသော အဝိဇ္ဇာနီဝရဏဖြင့် တားမြစ်ပိတ်ပင်ခံရသော သတ္တဝါတို့သည် ရှည်ကြာစွာ နေ့ညဥ့်ပတ်လုံး သံသရာ၌ ကျင်လည်ကြရကုန်၏။

ထိုအဝိဇ္ဇာနီဝရဏကဲ့သို့ ပိတ်ပင်တတ်သော အခြားနီဝရဏတစ်ခုမျှမရှိ။

အကြင်အရိယာသာဝကသည် မောဟကို ပယ်စွန့်၍ အမိုက်တိုက်အစုကို ဖောက်ခွဲကုန်၏၊ ထိုအရိယာသာဝကတို့သည် သံသရာ၌ တစ်ဖန်မကျင်လည်ရကုန်။

ထိုအရိယာသာဝကတို့အား သံသရာ၌ တစ်ဖန်ကျင်လည်ရန် အကြောင်းတရားမရှိတော့ပေ။

ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၅။ တစ်မက်မှု၊ နှောင်ဖွဲ့မှု (တဏှာသံယောဇဉ်)

ဗုဒ္ဓသည်-

"အကြင်တဏှာသံယောဇဉ်ဖြင့် နှောင်ဖွဲ့ခံရသော သတ္တဝါတို့သည် ရှည်စွာသော နေ့ညဥ့်ပတ်လုံး သံသရာ၌ ပြေးသွားကျင်လည်ကြရကုန်၏။ တဏှာ သံယောဇဉ်မှ တစ်ပါး အခြားသံသရာ၌ ပြေးသွားကျင်လည်ရသော အခြားသံယောဇဉ်ကို ငါမမြင်"

ဟု ဤအနက်သဘောကို ဟောကြားခဲ့သည်။

ဤအနက်သဘောကို-

"တဏှာလျှင် အဖော်ရှိသော ယောကျ်ားသည် ရှည်စွာသော ကာလပတ်လုံး ကျင်လည်ရသည်ဖြစ်၍ လူ့ဘဝ၊ တစ်ပါးသောဘဝ ဟူသော သံသရာကို မလွန်မြောက်နိုင်၊

သတိရှိသော ရဟန်းသည် ဆင်းရဲ၏အကြောင်းဖြစ်သော ထိုတဏှာကို အပြစ်အားဖြင့်သိ၍ တဏှာကင်းသော ကြောင့် နှောင်တစ်ဖန် ပဋိသန္ဓေကို မယူတော့ဘဲ သံသရာမှ ထွက်မြောက်နိုင်ရာ၏။

ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၆။ ပထမကျော့ဆဲသာဝ(ပထမဓသာခ)

ဗုဒ္ဓသည်-

"ရဟန်းတို့ . . . ဤယောနိသောမနသိကာရသည် အရဟတ္တဖိုလ်သို့မရောက်သေးသော အတုမရှိ မြတ်သော အရဟတ္တဖိုလ်ကို တောင့်တလျက်နေသော သေက္ခရဟန်း (ကျင့်ဆဲရဟန်း)၏ အတွင်း(အဇ္ဈတ္တ)ဖြစ်သော အကြောင်း အင်္ဂါတည်းဟု နှလုံးပြု၍ ကျေးဇူးများသကဲ့သို့ ဤအတူ ယောနိသောမနသိကာရ မှတစ်ပါး အခြားကျေးဇူးများသော တရားတစ်ခုကိုမျှလည်း ငါဘုရားမမြင်၊ ယောနိသောမန သိကာရရှိသောရဟန်းသည် အကုသိုလ်ကို ပယ်စွန့်၍ ကုသိုလ် ကို ပွားစေ၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့သည်။

ဤအနက်သဘောကို-

"ယောနိသောမနသိကာရသည် ကျင့်ဆဲရဟန်းအား မြတ်သောအရဟတ္တဖိုလ်သို့ရောက်ရန် ကျေးဇူးများသကဲ့သို့ အလားတူ ယောနိသောမနသိကာရမှတစ်ပါး အခြားကျေးဇူး များသောတရားမရှိ။

အသင့်အားဖြင့် အားထုတ်သောရဟန်းသည် ဆင်းရဲ ကုန်ရာ နိဗ္ဗာန်သို့ရောက်နိုင်၏။ ဤဂါထာဖြင့် ဗုဒ္ဓဟောကြား ခဲ့သည်ကို ကျွန်ုပ် ကြားခဲ့ရပါသည်။

## ၇။ ဒုတိယကျင့်ဆဲဘာဝ (ဒုတိယသေခ)

ဗုဒ္ဓသည်-

"ရဟန်းတို့...မိတ်ဆွေကောင်းရှိမှုသည် အရဟတ္တဖိုလ်သို့ မရောက်သေးသော အတုမရှိသော မြတ်သော အရဟတ္တဖိုလ်ကို တောင့်တလျက်နေသော ကျင့်ဆဲရဟန်း၏ အပြင်(ဗာဟိရ)ဖြစ်သော အကြောင်းအင်္ဂါတည်းဟု နှလုံးပြု၍ ကျေးဇူးများသကဲ့သို့ အလားတူ မိတ်ဆွေကောင်းရှိမှုမှတစ်ပါး အခြားကျေးဇူးများသော တရားတစ်ခုကိုမျှလည်း ငါဘုရား မြင်တော်မမူ၊ မိတ်ဆွေကောင်းရှိသော ရဟန်းသည် အကုသိုလ်ကိုပယ်စွန့်၍ ကုသိုလ်ကို ပွားစေနိုင်၏"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။

ဤအနက်သဘောကို-

မိတ်ဆွေကောင်းရှိသူ အကြင်ရဟန်းသည် တုပ်ဝပ်ခြင်း ရှိ၏၊ ရိုသေခြင်းရှိ၏။ မိတ်ဆွေကောင်းတို့၏စကားကို လိုက်နာပြုကျင့်၏၊ ပညာအဆင်အခြင်ရှိ၏၊ သတိအမြဲပြု၏။

ထိုရဟန်းသည် ဝိပဿနာအစဉ်အားဖြင့် သံယောဇဉ်အားလုံးတို့၏ကုန်ရာ နိဗ္ဗာန်သို့ ရောက်နိုင်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၈။ သံဃာကိုသင်းခွဲမှု (သံဃဘေဒ)

ဗုဒ္ဓသည်-

``ရဟန်းတို့...သံဃာကွဲပြားမှုဟူသော တစ်ခုသော တရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော်-

- လူအများစီးပွားမဲ့ရန်
- လူအများ မချမ်းသာရန်၊
- လူအများ အကျိုးမဲ့ရန်၊
- နတ်၊လူတို့ အကျိုးစီးပွားမရှိရန်၊ ဆင်းရဲရန်သာဖြစ်၏။ သံဃာကွဲပြားသည်ရှိသော် သံဃာကွဲပြားခြင်းကြောင့်-

- အချင်းချင်းငြင်းခုန်မှုတို့သည်လည်း ဖြစ်ကုန်၏။
- အချင်းချင်း ခြိမ်းခြောက်မှုတို့သည်လည်း ဖြစ်ကုန်၏။
- အချင်းချင်း ရှုတ်ချပစ်ပယ်မှုတို့သည်လည်း ဖြစ်ကုန်၏။``
- အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့သည်လည်း ဖြစ်ကုန်၏။

ထိုသံဃာကွဲပြားရာ၌-

- မကြည်ညိုသေးသောသူတို့သည် မကြည်ညိုကုန်၊
- ကြည်ညိုပြီးသောအချို့သူတို့သည်လည်း အကြည်ညို ပျက်ကုန်၏``

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါ၏။

ဤအနက်သဘောကို-

"သံဃာကို သင်းခွဲသူသည် -

- အပါယ်၌ဖြစ်ထိုက်၏။ အဝီစိငရဲ၌ဖြစ်ရ၏၊ အန္တရကပ်ပတ်လုံးတည်၏။

- သံဃာကွဲပြားမှု၌ မွေ့လျော်၍ မတရားမှု၌ တည်သူသည် ယောဂလေးဖြာကုန်ရာ နိဗ္ဗာန်မှ ဆုတ်ယုတ်၏၊ ညီညွတ်သောသံဃာကို သင်းခွဲသောကြောင့် အန္တရကပ်ပတ်လုံး ငရဲ၌ ကျက်ရ၏။

ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၉။ သံဃာ၏ညီညွတ်မှု(သံဃသာမဂ္ဂီ)

ဗုဒ္ဓသည်-

"ရဟန်းတို့...သံဃာညီညွတ်မှုဟူသော တစ်ခုသော တရားသည် လောက၌ ဖြစ်ပေါ်လာသည်ရှိသော်-

- လူအများအကျိုးစီးပွားရှိရန်၊
- လူအများချမ်းသာရန်၊
- လူအများအကျိုးရှိရန်၊
- နတ်,လူတို့ အကျိုးစီးပွားရှိရန်၊

ချမ်းသာရန်ဖြစ်သည်။

သံဃာညီညွတ်သည်ရှိသော် သံဃာညီညွတ်ခြင်းကြောင့် -

- အချင်းချင်း ငြင်းခုန်မှုတို့သည်လည်း မဖြစ်ကုန်၊
- အချင်းချင်း ခြိမ်းခြောက်မှုတို့သည်လည်း မဖြစ်ကုန်၊
- အချင်းချင်း ရှုတ်ချပစ်ပယ်မှုတို့သည်လည်း မဖြစ်ကုန်၊
- အချင်းချင်း နှင်ထုတ်စွန့်လွှတ်မှုတို့လည်း မဖြစ်ကုန်၊

ထိုသံဃာညီညွတ်ရာ၌ -

- မကြည်ညိုသေးသောသူတို့သည်လည်း ကြည်ညိုကုန်၏။
- ကြည်ညိုပြီးသောသူတို့သည် တိုး၍ ကြည်ညိုကုန်၏။"

ဟု ဤအနက်သဘောကို ဟောကြားပါသည်။

ဤအနက်သဘောကို -

"သံဃာညီညွတ်မှုသည်လည်းကောင်း၊

ညီညွတ်သူတို့အား ချီးမြှောက်မှုသည်လည်းကောင်း ချမ်းသာ၏၊ ညီညွတ်မှု၌ မွေ့လျော်၍ တရား၌တည်သောသူသည် ယောဂလေးဖြာကုန်ရာ နိဗ္ဗာန်မှ မဆုတ်ယုတ်နိုင်၊

သံဃာညီညွတ်မှုကိုပြုသောကြောင့် အာယုကပ်ပတ်လုံး နတ်ပြည်၌ မွေ့လျော်ရ၏။"
ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၁၀။ ပြစ်မှားဖျက်စီးသောစိတ် (ပဒုဋ္ဌစိတ္တ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ဤလောက၌ ဒေါသဖြင့် ဖျက်ဆီး အပ်သော ဒေါသစိတ်ရှိသူ အချို့သောပုဂ္ဂိုလ်ကို ငါဘုရား၏ စိတ်ဖြင့် ထိုသူ၏စိတ်ကို ပိုင်းခြား၍သိ၏။ ဤဒေါသစိတ် ရှိသောအခါ၌ ဤပုဂ္ဂိုလ်သည်သေခဲ့မူ ဝန်ထုပ်ကို ဆောင်ယူ ချထားသကဲ့သို့ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာ ငရဲသို့ ကျရောက်ရ၏။ "
ဟု ဤအနက်သဘောကို ဟောကြားခဲ့သည်။

ဤအနက်သဘောကို-

ဗုဒ္ဓသည် ဤလောက၌ ဒေါသစိတ်ရှိသူ၊ အချို့သော ပုဂ္ဂိုလ်ကိုသိ၍ ရဟန်းတို့အား-

"ဤပုဂ္ဂိုလ်သည် ဒေါသစိတ်ရှိသော အချိန်အခါ၌ သေခဲ့မူ ဝန်ထုပ်ကို ဆောင်ယူ၍ ချထားသကဲ့သို့ ထိုပုဂ္ဂိုလ်၏ စိတ်ကို ဒေါသသည်ဖျက်ဆီးအပ်သောကြောင့် ငရဲ၌ဖြစ်ရာ၏။

သတ္တဝါတို့သည် ဒေါသဖျက်ဆီးအပ်သောစိတ် ဟူသော အကြောင်းကြောင့် မကောင်းသောလားရာ ဒုဂ္ဂတိဘဝသို့ လားရောက်ကြရ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## (ဂ) တတိယအစု

## ၁။ ကြည်ညိုမြတ်နိုးသောစိတ် (ပသန္နစိတ္တ)

ဗုဒ္ဓသည်-

"ဤလောက၌ စိတ်ကြည်လင်သော အချို့သော ပုဂ္ဂိုလ်ကို ငါဘုရား၏စိတ်ဖြင့် ပိုင်းခြား၍ သိ၏။ ဤစိတ်ကြည်လင်နေစဉ် သေခဲ့မူ ဝန်ထုပ်ကို ဆောင်ယူချထားသကဲ့သို့ ကောင်းသောလားရာ ဖြစ်သော နတ်ပြည်၌ ဖြစ်ရ၏။"

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို-

ဗုဒ္ဓသည် ဤလောက၌ စိတ်ကြည်လင်သူအချို့သော ပုဂ္ဂိုလ်ကိုသိ၍ ရဟန်းတို့အား "ဤပုဂ္ဂိုလ်သည် စိတ်ကြည်လင်သောအခါ၌ သေခဲ့မူ ဝန်ထုပ်ကိုဆောင်ယူ၍ ချထားသကဲ့သို့ စိတ်ကြည်လင်သောပုဂ္ဂိုလ်သည် ကောင်းသော သုဂတိဘဝသို့ လားရောက်ကြရကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၂။ ချစ်ခင်မြတ်နိုးမှု (မေတ္တာ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ကုသိုလ်ကို မကြောက်ကြကုန်လင့်၊ ထိုကောင်းမှုဟူသော အမည်သည် အလိုရှိအပ်၊ နှစ်သက်အပ်၊ ချစ်ခင်အပ်၊ မြတ်နိုးအပ်သော ချမ်းသာ၏ အမည်တည်း။

ငါဘုရားသည် ရှည်ကြာစွာသော နေ့ညဥ့်ပတ်လုံး မိမိပြုအပ်သော ကောင်းမှုတို့၏ အလိုရှိအပ်၊ နှစ်သက်အပ်၊ ချစ်ခင်အပ်၊ မြတ်နိုးအပ်သောအကျိုးကို ခံစားရဘူးသည်ကို မျက်မှောက်ထင်ထင် သိမြင်တော်မူ၏။

ခုနစ်နှစ်ပတ်လုံး မေတ္တာစိတ်ကိုပွား၍ ခုနစ်ကမ္ဘာတို့ ပတ်လုံး ဤကာမဘုံသို့ မလာရောက်ရတော့ပေ။

ကမ္ဘာပျက်သောအခါ၌ အာဘာဿရဘုံသို့ ရောက်နေရ၏။ ကမ္ဘာတည်မိသောအခါ၌ သတ္တဝါကင်းသော ဗြဟ္မာဘုံ၌ ဖြစ်လာရ၏။

ထိုဗြဟ္မာဘုံ၌ ဗြဟ္မာဖြစ်၏၊ မဟာဗြဟ္မာ ဖြစ်၏။ လွှမ်းမိုးနိုင်သူဖြစ်၏။ မည်သူကမျှ မလွှမ်းမိုးနိုင်သူဖြစ်၏။ အလုံးစုံကို မြင်သူဖြစ်၏။ အလိုအတိုင်း ဖြစ်စေနိုင်သူဖြစ်၏။

ငါဗုဒ္ဓသည်(၃၆)ကြိမ်တိုင်တိုင် နတ်တို့အရှင် သိကြားမင်း ဖြစ်ဘူး၏။ အကြိမ်ရာပေါင်းများစွာ သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော လေးကျွန်းလုံးကို အစိုးရသော ရန်သူ အပေါင်းတို့ကို အောင်သော၊ တိုင်းနိုင်ငံကို တည်ငြိမ်စေသော၊ ရတနာခုနစ်ပါးနှင့်ပြည့်စုံသော၊ တရားစောင့်သော တရားနှင့် အညီ မင်းပြုသော၊ စကြဝတေးမင်းဖြစ်ဘူး၏။ ပဒေသရာဇ် မင်းအဖြစ်ကား ဆိုဖွယ်ရာမရှိ ဖြစ်ခဲ့ဘူး၏။

ရဟန်းတို့…ယခုအခါ ငါဘုရား၏ ဤသို့ တန်ခိုးကြီးခြင်း၊ ဤသို့အာနုဘော်ကြီးခြင်း ဟူသော ဤအကျိုး တရားသည်-

- အဘယ်ကံ၏အကျိုးနည်း၊
- အဘယ်ကံ၏ဝိပါက်နည်း၊

ဟု ဤသို့ ငါဘုရားအကြံဖြစ်၏။

ရဟန်းတို့…. ယခု ငါဘုရား၏ ဤတန်ခိုးကြီးခြင်း၊ အာနုဘော်ကြီးခြင်းဟူသော ဤအကျိုးတရားသည်-

- ပေးကမ်းလှူဒါန်းမှု၊
- ဣန္ဒြေဆုံးမမှု
- ကိုယ်နှုတ်ကို စောင့်စည်းမှု ဟူသော ဤကံ သုံးပါးတို့၏ အကျိုးတည်း၊ ဝိပါက်တည်း ဟု ငါဘုရား အကြံ ဖြစ်၏။”

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို -

"ထိုသူသည် ကုသိုလ်ကိုသာလျှင် ကျင့်ရာ၏။ နောင်အခါ၌ မြတ်သောချမ်းသာကျိုးရှိသော ဒါနကိုလည်းကောင်း၊ ကောင်းသောအကျင့်ကိုလည်းကောင်း၊ မေတ္တာစိတ်ကိုလည်းကောင်း ပွားများရာ၏။

ပညာရှိသည် ချမ်းသာလျှင် အကျိုးရှိသော ဤတရားသုံးပါးကို ပွားများ၍ ကြောင့်ကြမှုကင်းသော ချမ်းသာသောလောကသို့ ကပ်ရောက်ရ၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ် ကြားနာခဲ့ရပါ၏။

## ၃။ နှစ်ပါးစုံအကျိုးတရား(ညာယတ္ထ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ပွားများအပ်သော ကြိမ်ဖန်များစွာပြုအပ်သော ကောင်းမှုတို့၌ မမေ့မလျော့မှု ဟူသော တစ်ခုသောတရားသည် မျက်မှောက်အကျိုး၊ တမလွန် အကျိုးဟူသော အကျိုးနှစ်ပါးတို့ကို ကောင်းစွာယူ၍တည်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"ပညာရှိတို့သည် ကောင်းမှုတို့၌ မမေ့မလျော့မှုကို

ချိုးမွမ်းကြကုန်၏။ ပညာရှိတို့သည် မမေ့မလျော့သည်ဖြစ်၍ အကျိုးနှစ်ပါးတို့ကို ယူနိုင်၏။

မျက်မှောက်အကျိုး၊ တမလွန်အကျိုး ဟူသော အကျိုးနှစ်ပါးတို့ကို ရခြင်းကြောင့် ပညာရှိဟူ၍ ဆိုအပ်၏''ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၄။ စုဆောင်းထားမှု (အဋ္ဌိပုဉ္ဇ)

ဗုဒ္ဓသည်-

''စုဆောင်းထားသူလည်း ရှိခဲ့မူ၊ စုဆောင်းထားတိုင်းလည်း မပျက်စီးခဲ့မူ၊ တစ်ကမ္ဘာပတ်လုံး ပြေးသွားကျင်လည်သော ပုဂ္ဂိုလ်တစ်ယောက်၏ ကြီးစွာသောအရိုးပေါင်း အရိုးပုံ အရိုးစုသည် ဤဝေပုလ္လတောင်ကြီးမျှပင်ရှိသည် ဖြစ်ရာ၏'' ဟု ဤအနက်သဘောကို ဟောကြားပါသည်။

ဤအနက်သဘောကို-

''တစ်ကမ္ဘာပတ်လုံး ကျင်လည်ပြေးသွားရသော ပုဂ္ဂိုလ်တစ်ယောက်၏ အရိုးစုသည် တောင်မျှလောက်အစုအပုံ ရှိရာ၏''ဟု ဗုဒ္ဓဟောတော်မူအပ်၏။

''ထိုတောင်ကိုမူကား မာဂဓတိုင်း၏ ဂိရိဗ္ဗဇမည်သော (ရာဇဂြိုဟ်)မြို့ဝယ် ဂိဇ္ဈကုဋ်တောင်၏ မြောက်ဘက်၌ တည်သော ကြီးသော ဝေပုလ္လတောင်ဟု ဆိုအပ်၏။

-ဒုက္ခသစ္စာကိုလည်းကောင်း၊
-ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုလည်းကောင်း
-ဒုက္ခလွန်မြောက်ရာ နိရောဓသစ္စာကိုလည်းကောင်း
-ဒုက္ခချုပ်ငြိမ်းရာ(နိဗ္ဗာန်)သို့ရောက်ကြောင်းဖြစ်သော မြတ်သောအင်္ဂါ(၈)ပါးရှိသော မဂ္ဂသစ္စာဟု ဆိုအပ်သော အရိယာသစ္စာတို့ကို အကြင်အခါ ကောင်းစွာ မဂ်ပညာဖြင့် မြင်၏။

ထိုအခါ ထိုပုဂ္ဂိုလ်သည် ကာမဘုံ၌(၇)ကြိမ် အလွန် ပြေးသွား၍ သံယောဇဉ်အားလုံးတို့၏ ကုန်ကြောင်းဝဋ်ဆင်းရဲ ၏ အဆုံးကို ပြုလေတော့၏။"ဟု ဤဂါထာဖြင့် ဗုဒ္ဓဟော ကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၅။ လိမ်လည်ပြောဆိုမှု (မုသာဝါဒ)

ဗုဒ္ဓသည်-

"ရဟန်းတို့…သိလျက် ချွတ်ယွင်းသောစကားကို ပြောဆိုမှု(မုသာဝါဒ)ဟူသော တစ်ခုသောတရားကို လွန်ကျူး၍တည်သော ပုဂ္ဂိုလ်အား တစ်စုံတစ်ရာသော မကောင်းမှုကို မပြုလုပ်ဟူ၍ ငါဘုရားမဟော"

ဟု ဤအနက်သဘောကို ဟောကြားပါသည်။

ဤအနက်သဘောကို -

‘‘တမလွန်လောကကို စွန့်လွှတ်ပြီးသော တစ်ခုသော တရားကို လွန်ကျူးသောမုသားပြောဆိုလေ့ရှိသော ပုဂ္ဂိုလ်အား မည်သည့်မကောင်းမှုကိုမျှမပြုနိုင်ဟူ၍ မရှိတော့ပေ။’’ ဟုဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၆။ ပေးကမ်းလှူဒါန်းမှု (ဒါန)

ဗုဒ္ဓသည်-

‘‘ရဟန်းတို့...သတ္တဝါတို့သည် လှူဒါန်းဝေဖန်ခြင်း၏ အကျိုးကို ငါဘုရားသိသကဲ့သို့ သိကြပါမူ မပေးလှူဘဲ မစားကုန်ရာ။ ဝန်တိုမှုနှင့်ငြူစူမှု ဟူသော အကုသိုလ် အညစ်အကြေးသည်လည်း ထိုသူ၏စိတ်ကို သိမ်းကျုံးလွှမ်းမိုး၍ မတည်နိုင်ရာ။ အလှူခံပုဂ္ဂိုလ်တို့ရှိကုန်မူ ထိုသူတို့သည် နောက်ဆုံးဖြစ်သော ထမင်းလုပ်တစ်ဆုပ်မှသော်လည်း မခွဲခြမ်း မဝေဖန်မူ၍ မစားကုန်ရာ။

ရဟန်းတို့...သတ္တဝါတို့သည် ငါဘုရားသိသကဲ့သို့ မသိကြသောကြောင့် -

- မပေးလှူဘဲ စားကုန်၏။
- ဝန်တိုမှုနှင့်ငြူစူမှု စသော အကုသိုလ်အညစ်အကြေးသည် ထိုသူ၏စိတ်ကိုသိမ်းကျုံးလွှမ်းမိုး၍တည်လေ၏’’

ဟု ဤအနက်သဘောကို ဟောကြားပါသည်။

ဤအနက်သဘောကို -

"ခွဲခြမ်းဝေဖန်မှုသည် ဤသို့ကြီးသောအကျိုးရှိ၏"ဟု ခွဲခြမ်းဝေဖန်မှု၏အကျိုးကို ဗုဒ္ဓဟောတော်မူသည့်အတိုင်း အကယ်၍ သိကြကုန်မူ ဝန်တိုမှုနှင့် ငြူစူမှု စသော အကုသိုလ် အညစ်အကြေးကို ပယ်ဖျောက်၍ အလွန်ကြည်လင်သော စိတ်ဖြင့် အရိယာပုဂ္ဂိုလ်တို့၌ ပေးလှူသော အလှူသည် အကျိုး ကြီး၏။

ထိုအရိယာပုဂ္ဂိုလ်တို့၌ လျှောက်ပတ်သော အခါ ပေးလှူကုန်ရာ၏။

လူများစွာအား ထမင်းကိုလည်းကောင်း၊ မြတ်သော အလှူခံပုဂ္ဂိုလ်တို့၌ မြတ်သောအလှူကိုလည်းကောင်း ပေးလှူသောကြောင့် အလှူဒါယကာတို့သည် ဤလူ၏အဖြစ်မှ စုတေသည်ရှိသော် နတ်ပြည်သို့ လားရောက်ကြရကုန်၏။

နတ်ပြည်၌ ရောက်ကြကုန်သော ထိုသတ္တဝါတို့သည် ထိုနတ်ပြည်၌ အလိုရှိအပ်သော ကာမဂုဏ်တို့နှင့်ပြည့်စုံကုန်သည်ဖြစ်၍ ဝမ်းမြောက်ကြရကုန်၏။

ဝန်တိုမှုရှိသူတို့သည် ခွဲခြမ်းဝေဖန်ခြင်းအကျိုးကို ခံစားကြရကုန်၏"ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၇။ ချစ်ခင်မြတ်နိုးပွားများမှု(မေတ္တာတာဝနာ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ခန္ဓာဟူသော ဥပဓိအကျိုးရှိကုန်သော ပုညကိရိယာဟူသော ကောင်းမှုမှန်သမျှအားလုံးတို့သည် မေတ္တာနှင့်ယှဉ်သော စိတ်၏ လွတ်မြောက်မှု (အပ္ပနာဈာန်)၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မှ မထိုက်တန်ကုန်။

မေတ္တာနှင့်ယှဉ်သောစိတ် လွတ်မြောက်မှု (အပ္ပနာဈာန်) သည်သာလျှင် ထိုကောင်းမှုတို့ကို လွှမ်းမိုး၍ ပြန်လည် တောက်ပြောင်၏။ ထွန်းပလည်း ထွန်းပ၏။ တင့်တယ်လည်း တင့်တယ်၏။

ရဟန်းတို့…ကြယ်တာရာတို့၏ အရောင်ဟူသမျှ အားလုံးတို့သည် လရောင်၏တစ်ဆယ့် ခြောက်စတ်စိတ်၍ တစ်စိတ်မျှ မထိုက်တန်ကုန်။

လရောင်သည်သာလျှင် ထိုကြယ်တာရာအရောင်တို့ကို လွှမ်းမိုး၍ တောက်ပြောင်လည်း တောက်ပြောင်၊ ထွန်းပလည်း ထွန်းပ၊ တင့်တယ်လည်းတင့်တယ်သကဲ့သို့ မေတ္တာနှင့်ယှဉ်သော စိတ်၏လွတ်မြောက်မှု(အပ္ပနာဈာန်)သည်သာလျှင် ကောင်းမှု တို့ကို လွှမ်းမိုး၍ တောက်ပြောင်လည်း တောက်ပြောင်၏။ ထွန်းလည်းထွန်းပ၏၊ တင့်တယ်လည်း တင့်တယ်၏။

ရဟန်းတို့…မိုးဥတု၏နောက်ဆုံးဖြစ်သော တန်ဆောင် မုန်းလ သရဒဥတု၌ ကောင်းကင်ဟင်းလင်းပြင်ဖြစ်၍ မိုးတိမ်

ကင်းလတ်သော် နေမင်းသည် ကောင်းကင်သို့တက်လျက် ကောင်းကင်ရှိ အမိုက်အားလုံးကို ပယ်ဖျောက်၍ တောက်ပြောင်လည်း တောက်ပြောင်၊ ထွန်းပလည်းထွန်းပ၊ တင့်တယ်လည်း တင့်တယ်သကဲ့သို့…

ခန္ဓာဟူသော ဥပဓိအကျိုးရှိသော ကောင်းမှုအားလုံးသည် မေတ္တာနှင့်ယှဉ်သောစိတ်၏ လွတ်မြောက်မှု(အပ္ပနာစျာန်)နှင့် တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှ မထိုက်တန်ချေ။

မေတ္တာနှင့်ယှဉ်သော စိတ်၏ လွတ်မြောက်မှု အပ္ပနာစျာန်သည်သာလျှင် ကောင်းမှုတို့ကို လွှမ်းမိုး၍ တောက်ပြောင်လည်းတောက်ပြောင်၏၊ ထွန်းပလည်းထွန်းပ၏၊ တင့်တယ်လည်း တင့်တယ်၏။

ရဟန်းတို့…ညဉ့်မိုးသောက်ခါနီး၌ သောကြာကြယ်သည် တောက်ပြောင်လည်းတောက်ပြောင်၊ ထွန်းပလည်းထွန်းပ၊ တင့်တယ်လည်း တင့်တယ်သကဲ့သို့…

အလားတူ ခန္ဓာဟူသော ဥပဓိအကျိုးရှိသော စိတ်၏ လွန်မြောက်မှု အပ္ပနာစျာန်၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်မျှ မထိုက်ကုန်။

ထိုမေတ္တာစိတ်သည်သာလျှင် ကောင်းမှုတို့ကိုလွှမ်းမိုး၍ တောက်ပြောင်လည်းတောက်ပြောင်၏၊ ထွန်းလည်းထွန်းပ၏၊ တင့်တယ်လည်းတင့်တယ်၏။”

ဟု ဤအနက်သဘောကို ဟောကြားပါသည်

ဤအနက်သဘောကို-

"အကြင်သူသည် အမြဲသတိပြုလျက် အတိုင်းအရှည် ပမာဏ မရှိသော မေတ္တာစျာန်ကို ပွားများ၏။ ခန္ဓာဟူသော ဥပဓိကုန်ရာ နိဗ္ဗာန်ကိုမြင်သော ထိုသူအား သံယောဇဉ်တို့သည် ခေါင်းပါးကုန်၏။

ဖျာပါဒကြောင့် ပျက်စီးသောစိတ်မရှိသူသည် တစ်ဦး တစ်ယောက်သော သတ္တဝါကိုသော်လည်း အကယ်၍ မေတ္တာ ပွားများခဲ့ပါမူ ထိုမေတ္တာပွားများခြင်းကြောင့် လွန်ကဲသော ကောင်းမှုရှိသူဖြစ်၏။ သတ္တဝါအားလုံးတို့ကို စိတ်ဖြင့် စောင့် ရှောက်အပ်သော စင်ကြယ်သောစိတ်ရှိသူသည် များစွာ ကောင်းမှုကို ပြီးစေ၏။

အကြင်ရာဇိယမည်ကုန်သော တရားစောင့်သောမင်း သည် သတ္တဝါဖြင့် ပြည့်ကြပ်နေသော မြေပြင်အလုံးကို အောင်နိုင်၍-

- အခွန်ဆယ့်ခိုင်တစ်ခိုင်ယူခြင်း (သဿမေဓ)
- စစ်သူကြီးတို့အား ခြောက်လတစ်ကြိမ် ရိက္ခာပေးခြင်း (ပုရိသမေဓ)
- သူဆင်းရဲတို့အား လက်မှတ်ရေးထိုးစေ၍ အသပြာ တစ်ထောင်နှစ်ထောင် အတိုးအပွားမရှိ ငှတ်ချေးခြင်း(သမ္မာပါသ)

-ချစ်သောဦးရီးသည် သိမ်မွေ့သောစကားဖြင့် ချီးမြှောက်ခြင်း(ဝါဇပေယျ)

ဤသင်္ဂဟတရားလေးပါးတို့ဖြင့် ချီးမြှောက်ပူဇော်ကုန်၍ အိမ်တို့၌ တံခါးအပိတ်မရှိပြုကုန်လျက် လှည့်လည်ကုန်၏။

အလုံးစုံသော ကြယ်တာရာအပေါင်းတို့သည် လရောင်၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်မျှမထိုက်တန်သကဲ့သို့ ထိုမင်း၏ သဿမေဓ စသော သင်္ဂဟတရားလေးပါးတို့သည် ကောင်းစွာပွားများအပ်သော မေတ္တာနှင့်ယှဉ်သောစိတ်၏ တစ်ဆယ့်ခြောက်စိတ်စိတ်၍ တစ်စိတ်ကိုမျှလည်း မထိုက်တန်ကုန်။

သတ္တဝါအားလုံးတို့၌ မေတ္တာနှင့်ယှဉ်သောစိတ်အဖို့အစု ရှိသော အကြင်သူသည် တစ်စုံတစ်ယောက်ကို ကိုယ်တိုင်လည်း မညှဉ်းဆဲ၊ မသတ်ပုတ်၊ အနိုင်ထက်ပြု၍လည်း အနိုင်မယူ၊ သူတစ်ပါးကိုလည်း မဆုံးရှုံးစေ၊ ထိုသူအား တစ်စုံတစ်ရာသော အကြောင်းကြောင့် ဘေးရန်မဖြစ်နိုင်။”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

# အခန်း( ၃ )

## ၂။ နှစ်ပါးစုအခဉ်

## (ဒုဘာနိပါတ)

### (က) ပထမအစု

### ၁။ ဆင်းရဲစွာနေရမှု(ဒုက္ခဝိဟာရ)

ဗုဒ္ဓသည်-

"ကြွန်တို့၌ ပိတ်ဆို့ထားသော တံခါးမရှိသည်အဖြစ်နှင့်လည်းကောင်း၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည် မသိသည်အဖြစ်နှင့်လည်းကောင်း၊ ဤတရားနှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည်-

- ယခုဘဝ၌ပင် ပင်ပန်းခြင်း၊ ပြင်းစွာပင်ပန်းခြင်း၊ ပူလောင်ခြင်းရှိသည်ဖြစ်၍ ဆင်းရဲစွာနေရ၏။
- ခန္ဓာပျက်စီးသေသည်မှနောက်၌ မကောင်းသောလားရာ ဒုဂ္ဂတိဘဝသို့သာ မချွတ်ရောက်လိမ့်မည် ဟု မျှော်လင့်အပ်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ရဟန်းသည် မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဟူသော ဤအပေါက်တို့ကို ပိတ်ဆို့မထား။

စားဖွယ်သောဇ၌ အတိုင်းအရှည်ကိုမသိ၊ ဣန္ဒြေတို့၌ မစောင့်ရှောက်၊ ထိုရဟန်းသည် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကို ရ၏။

ထိုသို့သဘောရှိသော ရဟန်းသည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း ပူလောင်သောကိုယ်၊ ပူလောင်သောစိတ်ဖြင့် ဆင်းရဲစွာနေရ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၂။ ချမ်းသာစွာနေရမှု (သုခဝိဟာရ)

ဗုဒ္ဓသည်-

"ဣန္ဒြေတို့၌ ပိတ်ဆို့ထားသော တံခါးရှိသည်အဖြစ်နှင့်လည်းကောင်း၊ စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်အဖြစ်၌လည်းကောင်း၊ ဤတရားနှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည်-

- ယခုဘဝ၌ပင် ပင်ပန်းခြင်း၊ ပြင်းစွာပင်ပန်းခြင်း၊ ပူလောင်ခြင်းမရှိမူ၍ ချမ်းသာစွာနေရ၏။
- ခန္ဓာကိုယ်ပျက်၍ သေသည်နောက်၌ မကောင်းသော လားရာသုဂတိဘဝသို့ မချွတ်ရောက်၏ဟု မျှော်လင့်အပ်၏။

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ရဟန်းသည် မျက်စိ,နား,နှာ,လျှာ,ကိုယ်, စိတ်ဟူသော ဤအပေါက်တို့ကို ပိတ်ဆို့ထား၏။

စားဖွယ်ဘောဇဉ်၌ အတိုင်းအရှည်ကိုသိ၏၊ ဣန္ဒြေတို့၌ စောင့်ရှောက်၏။ ထိုရဟန်းသည် ကိုယ်ချမ်းသာ စိတ်ချမ်းသာဟူသော ချမ်းသာကိုရ၏။

ဤသို့သဘောရှိသော ရဟန်းသည် နေ့၌ လည်းကောင်း၊ ညဥ့်၌လည်းကောင်း မပူလောင်သောကိုယ်၊ မပူလောင်သောစိတ်ဖြင့် ချမ်းသာစွာနေရ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၃။ ပူပန်ကြောင့်ကြရမှု(တပနိယ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ဤလောက၌ အချို့သောသူသည်-

- ကောင်းမှုကိုမပြုသူ၊
- သံသရာဘေးကို ကြောက်သူတို့၏ အစောင့်အရှောက်တရားကို မပြုသူဖြစ်၏။
- ယုတ်မာမှုကိုပြုသူ၊
- ကြမ်းကြုတ်မှုကိုပြုသူ၊
- ခက်ထန်ရက်စက်မှုကိုပြုသူဖြစ်၏။

ထိုသူသည် ကောင်းမှုကို ငါမပြုလိုက်မိဟူ၍ လည်းကောင်း၊ မကောင်းမှုကို ငါပြုလိုက်မိ၏ဟူ၍လည်း ကောင်းပူပန်၏။ ပူပန်စေတတ်သောတရားတို့သည် ဤနှစ်ပါးတို့တည်း။

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို-

"ပညာမဲ့သောသူသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကိုပြုသောကြောင့်လည်းကောင်း၊ ကောင်းမှုကုံ

ကိုမပြုဘဲ မကောင်းမှုကံကို အကြိမ်များစွာပြုခြင်းကြောင့်လည်းကောင်း၊ ခန္ဓာကိုယ်ပျက်သောအခါ ငရဲသို့ရောက်ရ၏'' ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၄။ မပူပန်မကြောင့်ကြရမှု(အတာပနိယ)

ဗုဒ္ဓသည် -

''ရဟန်းတို့...ဤလောက၌ အချို့သောသူသည် -

- ကောင်းမှုကိုပြုသူ၊
- သံသရာဘေးကိုကြောက်သူတို့၏ အစောင့်အရှောက်တရားကို ပြုပြီးသူဖြစ်၏။
- ယုတ်မာမှုကို မပြုသူ၊ ကြမ်းကြုတ်မှုကိုမပြုသူ၊ ခက်ထန်ရက်စက်မှုကို မပြုသူဖြစ်၏။ ထိုသူသည် ကောင်းမှုကို ငါပြုလိုက်မိ၏ဟူ၍လည်းကောင်း၊ မကောင်းမှုကို ငါမပြုလိုက်မိဟူ၍လည်းကောင်း၊ မပူပန် မပူပန်စေတတ်သောတရားတို့သည် ဤနှစ်ပါးတို့တည်း''

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို -

''ပညာရှိသူသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်တို့ကို ပယ်စွန့်သောကြောင့် လည်းကောင်း၊

ရာဂစသော အပြစ်နှင့်ယှဉ်သောအခြားအမှုတို့ကို ပယ်စွန့်သော ကြောင့် လည်းကောင်း၊ အကုသိုလ်ကံကိုမပြုဘဲ ကုသိုလ်ကံကို အကြိမ်များစွာပြုခြင်းကြောင့်လည်းကောင်း၊ ခန္ဓာကိုယ် ပျက် သေပြီးနောက် နတ်ပြည်သို့ရောက်ရ၏။ ”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ ရပါသည်။

**၅။ ပဌမအကျင့်(ပဌမသီလ)**

ဗုဒ္ဓသည်-

“ရဟန်းတို့..

- ယုတ်ညံ့သောသီလနှင့်လည်းကောင်း၊
- ယုတ်ညံ့သောအယူနှင့်လည်းကောင်း၊

ဤတရားနှစ်ပါးနှင့်ပြည့်စုံသော ဝန်ထုပ်ကိုဆောင်ယူ၍ ချသကဲ့သို့ ငရဲသို့ကျရောက်ရ၏။

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို-

“အကြင်သူသည် ယုတ်ညံ့သော သီလနှင့်လည်းကောင်း၊ ယုတ်ညံ့သောအယူနှင့်လည်းကောင်း ဤတရားနှစ်ပါးနှင့် ပြည့်စုံ၏။ ပညာမဲ့သောသူသည် ခန္ဓာကိုယ်ပျက်စီးသေသောအခါ ငရဲသို့ ကျရောက်ရ၏။ ဤဂါထာဖြင့် ဗုဒ္ဓ

ဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။"
ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၆။ ဒုတိယအကျင့်(ဒုတိယသီလ)

ဗုဒ္ဓသည်-

"- ကောင်းမြတ်သောသီလနှင့်လည်းကောင်း၊

- ကောင်းသောအယူနှင့်လည်းကောင်း၊

ဤတရားနှစ်ပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ဝန်ထုပ်ကို ဆောင်ယူချထားသကဲ့သို့ နတ်ပြည်သို့ ရောက်ရ၏။
ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို-

"အကြင်သူသည် ကောင်းမြတ်သောသီလနှင့်လည်းကောင်း၊ ကောင်းမြတ်သောအယူနှင့်လည်းကောင်း ဤတရားနှစ်ပါးနှင့် ပြည့်စုံ၏။ ပညာရှိသောသူသည် ခန္ဓာကိုယ်ပျက်သေပြီးနောက်၌ နတ်ပြည်သို့ ရောက်ရ၏။"
ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၇။ ပူပန်မှုကြောင့်ကြရမှုမရှိသူ(အာတာပိ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ကိလေသာကို ပူပန်စေတတ်သော လုံ့လမရှိသူသည်-

- မကောင်းမှုမှ မထိတ်လန့်တတ်သူ ရဟန်းသည် သစ္စာလေးပါးကိုသိခြင်းငှာ မထိုက်တန်၊
- နိဗ္ဗာန်ကိုရခြင်းငှာ မထိုက်တန်၊
- အတုမရှိမြတ်၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းငှာ မထိုက်တန်။

ရဟန်းတို့…

- ကိလေသာကိုပူပန်စေတတ်သော လုံ့လရှိသူ၊
- မကောင်းမှုမှ ထိတ်လန့်တတ်သူ ရဟန်းသည် သစ္စာလေးပါးတရားကို သိခြင်းငှာထိုက်တန်၏။
- နိဗ္ဗာန်ကိုရခြင်းငှာ ထိုက်တန်၏။
- အတုမရှိ မြတ်၍ ယောဂ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရခြင်းငှာ ထိုက်တန်၏။

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို-

"အကြင်ရဟန်းသည် ထိနမိဒ္ဓများသည်ဖြစ်၍ ကိလေသာကိုပူပန်စေတတ်သော လုံ့လမရှိ၊ မကောင်းမှုမှ

မထိတ်လန့်တတ်၊ ပျင်းရိ၏၊ ဝီရိယ ယုတ်လျော့၏၊ မကောင်းမှုမှ မရှက်တတ်၊ အကျင့်၌မရှိသော။

ထိုသို့သဘောရှိသော ရဟန်းသည် မြတ်သော အရဟတ္တဖိုလ်ကို တွေ့ထိသိမြင်ခြင်းငှာ မထိုက်၊ အကြင် ရဟန်းသည်ကား သတိရှိ၏။ ရင့်ကျက်သော ပညာရှိ၏။ သမထ၊ ဝိပဿနာဖြင့်ရှုလေ့ရှိ၏။ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိ၏။ မကောင်းမှုမှ ထိတ်လန့်တတ်၏။ မေ့လျော့မှုမရှိ။

ထိုရဟန်းသည် သံယောဇဉ်ကိုလည်းကောင်း၊ ပဋိသန္ဓေနေခြင်း၊ အိုခြင်းကိုလည်းကောင်း၊ ပြတ်တောက်၍ ဤဘဝ၌ပင် အတုမရှိ မြတ်သောအရဟတ္တဖိုလ်သို့ တွေ့ထိသိရှိနိုင်ရာ၏''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၅။ ပဌမ အံ့ဩအောင်ပြုမှု(ပဌမ–နကုဟန)

ဗုဒ္ဓသည်–

''ရဟန်းတို့…လူအပေါင်းကို အံ့ဩစေရန်–

- လူအပေါင်းက ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားစေရန်၊

- လာဘ်ပူဇော်သက္ကာ၊ အကျော်အစောဟူသော အကျိုးအာနိသင်ရရှိရန်၊

ဤမြတ်သောအကျင့်ကို ကျင့်သုံးသည်မဟုတ်။

ဤသို့ ကျင့်သုံးသဖြင့်-

- ''ငါ့ကို လူအပေါင်းသည် သိစေသတည်း''

ဟု နှလုံးသွင်း၍ မြတ်သောအကျင့်ကို ကျင့်သည် မဟုတ်။ စင်စစ် ကာယဒုစရိုက်စသည်မှ စောင့်စည်းရန်လည်းကောင်း ဤမြတ်သောအကျင့်ကို ကျင့်သုံး၏။''

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို-

''နိဗ္ဗာန်တည်းဟူသော ထောက်တည်ရာလမ်းသို့ ရောက်စေတတ်သော မျက်မှောက် မျက်ကွယ်ဘေးရန်မရှိသော မြတ်သောအကျင့်ကို ကာယဒုစရိုက် စသည်မှ စောင့်စည်းရန် တဒင်္ဂပဟာန် စသည်ဖြင့် ပယ်ရန် မြတ်စွာဘုရားသည် ဟောတော်မူ၏။

ဤမဂ်လမ်းစဉ်ကို မြတ်သောစိတ်ဓာတ်ရှိကုန်သော ဘုရားအရိယာတို့သည် အစဉ်အတိုင်း ကြွသွားတော်မူကုန်၏။ အကြွင်း,အကြွင်းသူတို့သည် ဘုရားရှင်ဟောကြားတော်မူသည့် အတိုင်း ထိုမဂ်(လမ်းစဉ်)သို့ သွားရောက်ကြရကုန်၏။ ပြုကျင့်ကြကုန်၏။

ထိုသူတို့သည် ဆင်းရဲ၏ ကုန်ဆုံးရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကုန်လတ္တံ့''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၉။ ဒုတိယအံ့ဩအောင်ပြုမှု (ဒုတိယ–နတုဟာန)

ဗုဒ္ဓသည်-

''ရဟန်းတို့...လူအပေါင်းတို့ အံ့ဩစေရန်-

- လူအပေါင်းက ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားစေရန်၊
- လာဘ်ပူဇော်သက္ကာ အကျော်အစောဟူသော အကျိုးအာနိသင်ရရှိရန်၊

ဤမြတ်သောအကျင့်ကို ကျင့်သုံးသည်မဟုတ်။

ဤသို့ ကျင့်သုံးသဖြင့်-

''ငါ့ကို လူအပေါင်းသည် သိစေသတည်း''ဟု နှလုံးသွင်း၍ ဤမြတ်သောအကျင့်ကို ကျင့်သုံးသည် မဟုတ်။

စင်စစ် ထူးသောဉာဏ်ဖြင့်သိရန် ပိုင်းခြားသိရန် ဤမြတ်သောအကျင့်ကို ကျင့်သုံး၏။''

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို -

'နိဗ္ဗာန်တည်းဟူသော ထောက်တည်ရာကမ်းသို့ ရောက်စေတတ်သော မျက်မှောက် မျက်ကွယ်ဘေးရန်မရှိသော မြတ်သောအကျင့်ကို ထူးသောဉာဏ်ဖြင့် သိရန်လည်းကောင်း၊ ပိုင်းခြားသိရန်လည်းကောင်း ထိုမြတ်စွာဘုရားဟောတော်မူ၏။

ဤမဂ်(လမ်းစဉ်)ကို မြတ်သောစိတ်ဓာတ်ရှိကုန်သောဘုရား အရိယာပုဂ္ဂိုလ်တို့သည် အစဉ်အတိုင်း ကြွသွားတော်မူကြသည်။

အကြွင်းအကြွင်းသူတို့သည် ဘုရားရှင်ဟောကြားတော်မူတိုင်း ထိုမဂ်(လမ်းစဉ်)သို့ သွားရောက်ကြကုန်၏။

မြတ်စွာဘုရား ဆုံးမသည့်အတိုင်း ပြုကျင့်ကုန်သော ထိုသူတို့သည် ဆင်းရဲကုန်ဆုံးရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်ကုန်ကြလတ္တံ့''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၁၀။ ဝမ်းမြောက်ဝမ်းသာဖြစ်မှု(သောမနဿ)

ဗုဒ္ဓသည်-

''ရဟန်းတို့...သံဝေဂဖြစ်စေတတ်သောအရာတို့၌ သံဝေဂဖြစ်ခြင်းနှင့်လည်းကောင်း၊ သံဝေဂဖြစ်သူအား

အကြောင်းအားလျော်စွာ အားထုတ်ခြင်းနှင့်လည်းကောင်း၊ ဤတရားနှစ်ပါးနှင့်ပြည့်စုံသော ရဟန်းသည် ယခုဘဝ၌ ပင်လျှင် ကိုယ်ချမ်းသာခြင်း၊ စိတ်ချမ်းသာခြင်းများလျက် နေရ၏။

ထိုရဟန်းသည် အာသဝေါတရားတို့ ကုန်ခြင်း၏ အကြောင်းကို အားထုတ်အပ်သည်ဖြစ်၏။''
ဟု ဤအနက်သဘောကို ဟောကြားပါသည်။

ဤအနက်သဘောကို -

''ပညာရှိသော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော ရင့်ကျက်သောပညာရှိသော ရဟန်းသည် သံဝေဂ ဖြစ်စေတတ်သောအရာတို့၌ ပညာဖြင့်ဆင်ခြင်၍ သံဝေဂ ဖြစ်သည်သာတည်း။

ဤသို့ပြင်းထန်သော လုံ့လရှိလျက် မတုန်မလှုပ်မှု၍ ငြိမ်သက်စွာဖြစ်ခြင်းရှိသော စိတ်၏တည်ကြည်မှုကို အားထုတ် ၍ နေလေ့ရှိသောရဟန်းသည် ဆင်းရဲကုန်ခန်းရာ နိဗ္ဗာန်သို့ ရောက်နိုင်၏။''
ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ ရပါသည်။

## (ခ) ဒုတိယအစု

## ၁။ ကြံစည်မှုများ(ဝိတက္က)

ဗုဒ္ဓသည်-

"ရဟန်းတို့ ...ပူဇော်အထူးကို ခံယူထိုက် အလုံးစုံသောတရားကို ကိုယ်တိုင်မှန်စွာသိသော ဘုရားရှင်၏ ဉာဏ်တော်၌-

- ဘေးမရှိသောကြံစည်မှု(ခေမဝိတက်)
- ဆိတ်ငြိမ်သောကြံစည်မှု(ပဝိဝေကဝိတက်)

ဟူသော အကြံနှစ်ပါးတို့သည် အကြိမ်များစွာ အဆင့်ဆင့်မပြတ်ဖြစ်ကုန်၏။

ရဟန်းတို့...ဘုရားရှင်သည်-

- ဆင်းရဲမရှိခြင်းလျှင် မွေ့လျော်ရာရှိ၏။
- ဆင်းရဲမရှိခြင်း၌ မွေ့လျော်၏။

ထိုသို့သဘောရှိသော မြတ်စွာဘုရား၏ဉာဏ်တော်၌-

- ဤအမူအရာဖြင့် ကိလေသာရှိသော သတ္တဝါတို့ကို လည်းကောင်း၊
- ကိလေသာမရှိသော သတ္တဝါကိုလည်းကောင်း၊
- အကုသိုလ်ကို ပယ်အပ်၏။

တစ်စုံတစ်ယောက်သည် မဆင်းရဲစေလိုဟု ဤကြံစည်မှုသည်ပင်လျှင် အကြိမ်များစွာ အဆင့်ဆင့်မပြတ် ဖြစ်၏။

ရဟန်းတို့…ထို့ကြောင့် သင်တို့သည်လည်း-

- ဆင်းရဲမရှိခြင်းလျှင် မွေ့လျော်ရာရှိကြကုန်သည်။
- ဆင်းရဲမရှိခြင်း၌ မွေ့လျော်ကြကုန်သည် ဖြစ်၍ နေကြကုန်လော့။

ထိုသို့သဘောရှိ၍နေသော သင်တို့အား-

''ငါတို့သည် ဤအမှုအရာဖြင့် ကိလေသာရှိသော သတ္တဝါကိုလည်းကောင်း၊ ကိလေသာမရှိသော သတ္တဝါကို လည်းကောင်း တစ်စုံတစ်ယောက်ကိုမျှ မဆင်းရဲစေအံ့ဟု ဤအကြံသည်ပင်လျှင် အကြိမ်များစွာ အဆင့်ဆင့် မပြတ် ဖြစ်လတ္တံ့။

ဤသို့နေသော သင်တို့အား-

- အကုသိုလ်မည်သည် အဘယ်နည်း၊
- အဘယ်ကို မပယ်အပ်သနည်း၊
- အဘယ်ကို ပယ်စွန့်ရအံ့နည်း၊

ဟု ဤအကြံသည်ပင်လျှင် အကြိမ်များစွာ အဆင့်ဆင့် မပြတ်ဖြစ်လတ္တံ့။''

ဟု ဤအနက်သဘောကို ဟောကြားပါ၏။

ဤအနက်သဘောကို-

''ရှက်ဆောင်နိုင်ခဲသော ဘုရားကိစ္စကို ရှက်ဆောင် တတ်သောသစ္စာလေးပါးကို သိတော်မူသော ထိုမြတ်စွာ

ဘုရား၏ ဉာဏ်တော်၌ ပထမ-ဘေးမရှိသော ကြံစည်မှု၊ ဒုတိယ-ဆိတ်ငြိမ်သော ကြံစည်မှုနှစ်ခုတို့သည် အဆင့်ဆင့် မပြတ် ဖြစ်ကုန်၏။

အမိုက်တိုက်ကိုပယ်လွှင့်တတ်သော-

- နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်သို့ ရောက်သော၊
- ဂုဏ်ကျေးဇူးအထူးကို ရှာမှီးတတ်သော၊
- ရောက်သင့်သော အရဟတ္တဖိုလ်သို့ရောက်ပြီးသော၊
- ဝသီဘော်နှင့်ပြည့်စုံသော၊
- အာသဝေါကင်းသော၊
- သံသရာဝဋ်ဆင်းရဲကို ကူးမြောက်ပြီးသော၊
- တဏှာ၏ကုန်ရာ၌ ကင်းလွတ်သော၊
- အဆုံးဖြစ်သောကိုယ်ကိုဆောင်သော၊
- ကိလေသာမာရ်ကိုစွန့်ပြီးသော၊
- အိုခြင်း၏တစ်ဘက်ကမ်းသို့ရောက်ပြီးသော၊

ထိုဘုရားရှင်၏ ဉာဏ်တော်၌ ဤကြံစည်မှုနှစ်ပါးသည် အဆင့်ဆင့်မပြတ်ဖြစ်ကုန်၏။

ကျောက်တောင်ထိပ်၌ ရပ်တည်လျက်ရှိသော ယောကျ်ားသည် ထက်ဝန်းကျင်လူအပေါင်းကို ကြည့်ရှုသကဲ့သို့

- အလားတူ ကောင်းမြတ်သော ပညာရှင်ဖြစ်တော်မူသော၊
- ထက်ဝန်းကျင် မြင်စွမ်းနိုင်သော ဉာဏ်မျက်စိရှိတော်မူသော စိုးရိမ်ပူဆွေး ကင်းဝေးတော်မူပြီးသော၊

မြတ်စွာဘုရားသည် ပညာ(ဓမ္မ)ဖြင့်ပြီးသော ပြာသာဒ်ထက်သို့ တက်တော်မူ၍ ပဋိသန္ဓေနေခြင်း၊အိုခြင်းကို နှိပ်စက်အပ်သဖြင့် စိုးရိမ်ပူဆွေးခြင်းသို့ ဆက်လက်ကျရောက်နေသောသတ္တဝါအပေါင်းကို ကြည့်ရှုတော်မူ၏။" ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၂။ ဟောကြားလမ်းညွှန်မှုများ(ဒေသနာ)

ဗုဒ္ဓသည်-

"-မကောင်းမှုကို မကောင်းမှုအားဖြင့် ကြည့်ရှုကြလော့၊ ဤသည်ကား ပထမဖြစ်သော တရားဟောခြင်းတည်း၊

- မကောင်းမှုကို မကောင်းမှုအားဖြင့် မြင်၍ ထိုမကောင်းမှု၌ ငြီးငွေ့ကြကုန်သော တပ်ခြင်းခြင်း ကြကုန်သော ကင်းလွတ်ကြကုန်လော့၊

ဤသည်ကား ဒုတိယဖြစ်သော တရားဟောခြင်း တည်း။

ရဟန်းတို့…ပူဇော်အထူးကို ခံယူထိုက်၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရား၏ ဤတရားဟောခြင်းနှစ်ပါးတို့သည် အကြောင်းအားဖြင့် ဖြစ်ကုန်၏။"

ဟု ဤအနက်သဘောကို ဟောတော်မူ၏။

ဤအနက်သဘောကို -

"သတ္တဝါအားလုံးကို စောင့်ရှောက်တော်မူသော သစ္စာလေးပါးကိုသိတော်မူသော မြတ်စွာဘုရား၏အကြောင်းအားဖြင့် ဟောတော်မူအပ်သောဒေသနာကို ဉာဏ်ဖြင့်ရှုပါလော့၊ ဘုရားရှင်သည် တရားနှစ်ပါးတို့ကိုလည်း ကောင်းစွာပြတော်မူအပ်၏။

ထိုမကောင်းမှုကို ဉာဏ်ဖြင့်ရှုကုန်လော့၊ ထိုမကောင်းမှုကိုလည်း တပ်ခြင်းကင်းကြကုန်လော့၊ ထိုတပ်မှုကင်းခြင်းကြောင့် မကောင်းမှု၌ တပ်ခြင်းကင်းသောစိတ်ရှိသည်ဖြစ်၍ ဆင်းရဲ၏ဆုံးရာ နိဗ္ဗာန်သို့ မျက်မှောက်ပြုကြကုန်လတ္တံ့ "

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၄။ အသိဉာဏ်(ဝိဇ္ဇာ)

ဗုဒ္ဓသည်-

"-ရဟန်းတို့…အဝိဇ္ဇာ(မောဟ)သည် အကုသိုလ်တရားတို့ဖြစ်ခြင်း၏ ရှေ့သွားဖြစ်၏။

- အရှက်မရှိသူ မထိတ်လန့်မှုသည် နောက်လိုက်တရားဖြစ်၏။

- ရဟန်းတို့…ဝိဇ္ဇာ(အမောဟ)သည် ကုသိုလ်တရားတို့ဖြစ်ခြင်း၏ ရှေ့သွားဖြစ်၏။ အရှက်ရှိမှု၊ ထိတ်လန့်မှုသည် နောက်လိုက်တရားဖြစ်၏ဟု အနက်သဘောကို ဟောကြားတော်မူသည်။"

ဟု ဤအနက်သဘောကို ဟောတော်မူ၏။

ဤအနက်သဘောကို-

- ဤလူ့ပြည်လောကဒ္ဓလည်းကောင်း၊ တစ်ပါးသော လောကဒ္ဓလည်းကောင်း၊ ဒုဂ္ဂတိဟူသမျှ အားလုံးတို့သည် အဝိဇ္ဇာ(မောဟ)ဤအကြောင်းရင်း ရှိကုန်၏။

- မရသေးသော အာရုံကို လိုချင်မှုနှင့် ရပြီးအာရုံကို တပ်မက်မှုတို့ဖြင့် ပွားစည်ကုန်၏။

- အကြင်အဝိဇ္ဇာဟူသော အကြောင်းကြောင့် ယုတ်မာသော အလိုရှိသူ၊ အရှက်မရှိသူ၊ ရိုသေမှုမရှိသူ ဖြစ်ရ၏။

- ထိုအဝိဇ္ဇာဟူသော အကြောင်းကြောင့် မကောင်းမှုကို ပွားများ၏။ ထိုမကောင်းမှုဖြင့် အပါယ်သို့လားရောက်ရ၏။
- ထို့ကြောင့် ရဟန်းသည် အလိုဆန္ဒကို လည်းကောင်း၊ လောဘကိုလည်းကောင်း၊ အဝိဇ္ဇာကိုလည်းကောင်းပယ်စွန့်ကာ ဝိဇ္ဇာ(အမောဟ)ကို ဖြစ်စေလျက် အလုံးစုံသော ဒုက္ခ၏တည်ရာ လားရာ(ဂတိ)ငါးရပ်တို့ကို ပယ်စွန့်နိုင်ရာ၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၄။ အသိဉာဏ်ဆုတ်ယုတ်မှု(ပညာပရိဟီန)

ဗုဒ္ဓသည်-

"- ရဟန်းတို့...စင်ကြယ်သော ဝိပဿနာပညာ မဂ်ပညာမှ ဆုတ်ယုတ်သော သတ္တဝါတို့သည် (သမ္ပတ္တိအားလုံးတို့မှ)အလွန့်အလွန် ဆုတ်ယုတ်သော သတ္တဝါတို့မည်ကုန်၏။
- ထိုသတ္တဝါတို့သည် ယခုဘဝ၌ပင် ပင်ပန်းခြင်း ပြင်းစွာ ပင်ပန်းခြင်း ပူလောင်ခြင်း ရှိသည်ဖြစ်၍ ဆင်းရဲစွာနေရကုန်၏။

- ခန္ဓာကိုယ်ပျက်စီး၍ သေသည်နောက်၌ မကောင်းသောလားရာ ဒုဂ္ဂတိဘဝသို့ မချွတ်ရောက်လိမ့်မည်ဟု မျှော်လင့်အပ်၏။

ရဟန်းတို့…

- စင်ကြယ်သော ဝိပဿနာပညာ၊ မဂ် ပညာမှ မဆုတ်ယုတ်ကုန်သော သတ္တဝါတို့သည် (သမ္ဗုဒ္ဓအားလုံးတို့မှ) မဆုတ်ယုတ်သော သတ္တဝါတို့ မည်ကုန်၏။
- ထိုသတ္တဝါတို့သည် မျက်မှောက်ဘဝ၌ပင် ပင်ပန်းခြင်း၊ ပြင်းစွာပင်ပန်းခြင်း၊ ပူလောင်ခြင်း မရှိဘဲ ချမ်းသာစွာနေရကုန်၏။
- ခန္ဓာကိုယ်ပျက်စီး၍ သေသည်နောက်၌ ကောင်းသော လားရာသုဂတိဘဝသို့ မချွတ်ရောက်လိမ့်မည်ဟု မျှော်လင့်အပ်၏။"

ဟုဤအနက်သဘောကို ဟောတော်မူ၏။

ဤအနက်သဘောကို

- နတ်နှင့်တကွသော လောကကို ကြည့်ရှုလော့… ပညာမှဆုတ်ယုတ်ခြင်းကြောင့် နာမ်,ရုပ်၌ အမှားနှလုံးသွင်းသည်ဖြစ်ရကား ဤသည်သာမှန်၏ဟု အောက်မေ့မှတ်ထင်အပ်၏။

- အကြင်ပညာသည် ဖောက်ထွင်း၍ နိဗ္ဗာန်သို့ ရောက်စေတတ်၏။
- အကြင်ပညာဖြင့် ဇာတိဘဝ၏ကုန်ခြင်းကို ကောင်းစွာသိ၏။
- ထိုပညာသည်သာ လောက၌ အမြတ်ဆုံးဖြစ်၏။
- သတိရှိတော်မူကုန်သော၊ ရွှင်သောပညာရှိကုန်သော၊ အဆုံးဖြစ်သောခန္ဓာကိုယ်ကိုဆောင်ကုန်သော သစ္စာလေးပါးကိုသိကုန်သော ဘုရား ရဟန္တာတို့အား နတ်လူတို့သည် ချစ်မြတ်နိုးကုန်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၅။ ဖြူစင်သောတရားများ(သုက္ကဓမ္မ)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- မကောင်းမှုမှကြောက်ခြင်း၊
- မကောင်းမှုမှရှက်ခြင်း

ဤဖြူစင်သော တရားနှစ်ပါးသည် လောကကို စောင့်ရှောက်ကုန်၏။ ဤလောက၌-

- အမိဟူ၍သော်လည်းကောင်း၊
- မိကြီး,မိထွေး ဟူ၍သော်လည်းကောင်း၊

- ဦးလေး၊ဦးကြီးမယားဟူ၍သော် လည်းကောင်း၊
- အလေးပြုထိုက်သူ၏ မယားဟူ၍သော်လည်းကောင်း မထင်ရှားနိုင်ရာ။ လောကြီးသည် ဆိတ်နှင့်သိုး၊ ကြက်၊ဝက်၊ခွေး၊မြေခွေးကဲ့သို့ ရောနှောပျက်စီးခြင်းသို့ ရောက်ရာ၏။
- အကြင်ကြောင့် ဖြူစင်သော ဤတရားနှစ်ပါးတို့သည် လောကကို စောင့်ရှောက်ကုန်၏။

ထို့ကြောင့် -

- အမိ ဟူ၍သော်လည်းကောင်း၊
- ဦးကြီး ဦးလေးမယားဟူ၍လည်းကောင်း၊
- ဆရာ၏မယားဟူ၍လည်းကောင်း၊
- အလေးပြုထိုက်သူ၏မယားဟူ၍ လည်းကောင်း ထင်ရှား၏။"

ဟု ဤအနက်သဘောကို ဟောတော်မူ၏။

ဤအနက်သဘောကို -

- အကြင်သူတို့အား အရက်အကြောက်သည် အခါခပ်သိမ်းမရှိ၊ ထိုသူတို့သည် ဖြူစင်သောတရားမှ သက်လျောသောကြောင့် အဖန်ဖန် ပဋိသန္ဓေနေခြင်း၊ သေခြင်းသို့ ရောက်ရ၏။
- အကြင်သူတို့အား အရက်အကြောက်သည် အမြဲထင်၏၊ မြတ်သောအကျင့်ပြန့်ပွား၍ ကိလေသာ

ငြိမ်းကုန်သော ထိုသူတို့သည် တစ်ဖန် ပဋိသန္ဓေနေခြင်းမှ ကင်းပြီးသူတို့ ဖြစ်ကုန်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၆။ ဖြစ်ပေါ်မှု၊ ထင်ရှားမှုမရှိသောတရား(အဇာတ)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- ဖြစ်ပေါ်မှုမရှိသော၊ ထင်ရှားဖြစ်နေမှု မရှိသော၊ ပြုလုပ်ထားမှုမရှိသော၊ စီရင်ထားမှု မရှိသော နိဗ္ဗာန်သည်ရှိ၏၊

ရဟန်းတို့…

- ထိုသို့သဘောရှိသော နိဗ္ဗာန်သည် အကယ်၍ မရှိပါမူ ဤလောက၌ ဖြစ်ပေါ်လာမှု၊ ထင်ရှားဖြစ်ပေါ်နေမှု၊ ပြုလုပ်ထားမှု၊ စီရင်ထားမှု ဟူသော ခန္ဓာငါးပါးမှ ထွက်မြောက်ရာသည် မထင်ရှားရာ"

ဟု ဤအနက်သဘောကို ဟောတော်မူ၏။

ဤအနက်သဘောကို-

- ဖြစ်ပေါ်နေသော ထင်ရှားဖြစ်ပေါ်နေသော ကောင်းစွာဖြစ်သော၊ ပြုလုပ်ထားသော၊ စီရင်ထားမှုရှိသော၊

မမြဲသော အိုခြင်း,သေခြင်းတို့နှင့် ရောစပ်နေသော ရောဂါအပေါင်းတို့၏တည်နေရာ အသိုက်သဖွယ် ဖြစ်သော ပျက်စီးခြင်းရှိသော အာဟာရနှင့်တကွာ လျှင်ဖြစ်ကြောင်းအမှန် အစ ရှိသော ထိုခန္ဓာ ငါးပါးကို နှစ်သက်ခြင်းငှာမသင့်၊

- ထိုခန္ဓာငါးပါး(သက္ကာယ)၏ ထွက်မြောက်ရာ ဖြစ်သော ကိလေသာ သင်္ခါရတို့၏ ငြိမ်းအေးရာ ဖြစ်သော၊ ကြံစည်မှုဉာဏ်၏ အာရုံမဟုတ်သော၊ ခိုင်မြဲသော၊ ဖြစ်ပေါ်မှုမရှိသော၊ ကောင်းစွာမဖြစ်သော၊ စိုးရိမ်မှုကင်းသော၊ ကိလေသာမြူကင်းသော၊ သံသရာဆင်းရဲနှိပ်စက်ခံရသူတို့ကျင့်အပ်သော၊ ဆင်းရဲတရားတို့၏ ချုပ်ရာဖြစ်သော၊ သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် ချမ်းသာ၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၇။ ငြိမ်းအေးမှုသဘာဝ(နိဗ္ဗာနဓာတု)

ဗုဒ္ဓသည်-

''ရဟန်းတို့...နိဗ္ဗာနဓာတ်သည်-

- ခန္ဓာငါးပါး အကြွင်းရှိသော သဉပါဒိသေသ နိဗ္ဗာနဓာတ်၊

- ခန္ဓာငါးပါး အကြွင်းမရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်၊

ဟူသော ဤနှစ်ပါးတို့တည်း။

ခန္ဓာငါးပါးအကြွင်းရှိသော သဉပါဒိသေသနိဗ္ဗာန် ဟူသည် ဤသာသနာတော်၌ ရဟန်းသည်-

- ပူဇော်အထူးကို ခံထိုက်သူ
- အာသဝေါကုန်ခမ်းသူ
- အကျင့်မြတ်ကို ကျင့်သုံးပြီးသူ
- ပြုအပ်ပြီးသော မဂ်ကိစ္စရှိသူ
- ခန္ဓာဝန်ကို ချပြီးဖြစ်သူ
- မိမိအကျိုး၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ
- ဘဝသံယောဇဉ်ကုန်ခမ်းပြီးသူ
- ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူ ဖြစ်၏။

ထို ရဟန္တာပုဂ္ဂိုလ်အား-

- နောက်ဆုံးဘဝ၏အကြောင်းကံ မကုန်သေးသမျှ ဣန္ဒြေငါးပါးတို့သည် တည်ရှိကုန်သည်သာလျှင် တည်း။

ထို ရဟန္တာပုဂ္ဂိုလ်သည်-

- ယင်းဣန္ဒြေငါးပါးတို့၏ မချုပ်ကုန်သောကြောင့်ပင် နှစ်သက်ဖွယ်၊ မနှစ်သက်ဖွယ်အာရုံကို ခံစား၏၊ ချမ်းသာဆင်းရဲကို ခံစား၏။
- ထိုရဟန္တာပုဂ္ဂိုလ်အား အကြင်ရာဂကုန်ခမ်းမှု၊ ဒေါသကုန်ခမ်းမှု၊ မောဟကုန်ခမ်းမှုသည်ရှိ၏။
- ထိုသုံးပါးကုန်ခမ်းမှုကိုပင် ခန္ဓာငါးပါးအကြွင်းရှိသော သဥပါဒိသေသ နိဗ္ဗာနဓာတ်ဟု ခေါ်ဆိုအပ်၏။

ရဟန်းတို့…

- ခန္ဓာငါးပါးအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူသည် ဤသာသနာတော်၌ ရဟန်းသည်-
- ပူဇော်အထူးကို ခံထိုက်သူ
- အာသဝေါကုန်ခမ်းသူ
- အကျင့်မြတ်ကို ကျင့်သုံးပြီးသူ
- ပြုအပ်ပြီးသော မဂ်ကိစ္စရှိသူ
- ခန္ဓာဝန်ကို ချပြီးဖြစ်သူ
- မိမိအကျိုး အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ
- ဘဝသံယောဇဉ်ကုန်ခမ်းပြီးသူ
- ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူဖြစ်၏။

ဤအတ္တဘောကိုပင် ထိုရဟန္တာပုဂ္ဂိုလ်အား-

- ခံစားမှုအားလုံးတို့သည် ရာဂစသည်တို့ဖြင့် မနှစ်သက်အပ်ကုန်မူ၍ တစ်ဖန်မဖြစ်သောကြောင့် ငြိမ်းအေးကုန်လတ္တံ့။
- ဤခံစားမှုဟူသမျှတို့၏ တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းမှုကိုပင် ခန္ဓာအကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဟု ခေါ်ဆိုအပ်၏။

ရဟန်းတို့ နိဗ္ဗာနဓာတ်တို့သည်ဤနှစ်ပါးတို့တည်း။"

ဟုဤအနက်သဘောကို ဟောတော်မူခဲ့ပါသည်။

ဤအနက်သဘောကို-

- "တဏှာဒိဋ္ဌိ အစွမ်းဖြင့် တစ်စုံတစ်ခုသော တရားကိုမမှီသော တာဒိဂုဏ်ရှင်ဖြစ်တော်မူသော စက္ခုငါးပါးရှိသော မြတ်စွာဘုရားသည် ဤနှစ်ပါးသော နိဗ္ဗာနဓာတ်တို့ကို ပြတော်မူအပ်ကုန်၏။
- တစ်မျိုးသော(သဉပါဒိသေသ) နိဗ္ဗာနဓာတ်သည် ဤမျက်မှောက် အတ္တဘော၌ဖြစ်၏။ ခန္ဓာငါးပါးကြွင်းကျန်၏။ တဏှာကုန်ခမ်း၏။
- ခန္ဓာငါးပါးအကြွင်းအကျန်မရှိသော အနုပါဒိသေသ နိဗ္ဗာနဓာတ်သည်ကား ခန္ဓာဖျက်ပြီးသောအခါ၌

ဖြစ်၏။ ယင်းနိဗ္ဗာနဓာတ်၌ အလုံးစုံသောအားဖြင့် ဘဝတို့သည် ချုပ်ကုန်၏။

- အကြင်ပုဂ္ဂိုလ်သည် ပြုပြင်ခြင်းကင်းသော ထို နိဗ္ဗာန်ကိုသိ၍ ကိလေသာမှ လွတ်မြောက်သော စိတ်ရှိ၏၊ ဘဝတဏှာကုန်ခမ်း၏။
- ထိုပုဂ္ဂိုလ်တို့သည် တရားအနှစ်ကို ရသောကြောင့် ရာဂစသည်ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်၏။
- တာဒိဂုဏ်ရှင် ထိုဘုရားရှင်တို့သည် အလုံးစုံသော ဘဝတို့ကို ပယ်စွန့်ကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၈။ တစ်ယောက်တည်းကိန်းအောင်းမှု၌မွေ့လျော်မှု (ပဋိသလ္လာန)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- တစ်ယောက်တည်း ကိန်းအောင်းခြင်းလျှင် မွေ့လျော်ကုန်သည်။
- တစ်ယောက်တည်း ကိန်းအောင်းခြင်း၌ မွေ့ကုန်သည်၊

- အဇ္ဈတ္တသန္တာန်၌ စိတ်၏ငြိမ်းခြင်းကို အားထုတ်ကြကုန်သည်။
- မပျက်စီးသော ဈာန်ရှိကြကုန်သည်။
- ဝိပဿနာနှင့် ပြည့်စုံကုန်သည်။

ဆိတ်ငြိမ်ရာအရပ်တို့သို့ ပွားစေကုန်သည်ဖြစ်၍ နေကြကုန်လော့။ ထိုသို့သဘောရှိ ကျင့်ကြံနေထိုင်သော ပုဂ္ဂိုလ်တို့အား -

- အရဟတ္တဖိုလ်ကိုလည်းကောင်း၊
- ကိလေသာအကြွင်းရှိသေးမူ အနာဂါမိဖိုလ်ကိုလည်းကောင်း၊

ဤနှစ်ပါးသောဖိုလ်တို့တွင် တစ်ပါးပါးသောဖိုလ်ကို ဤဘဝ၌ပင် မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏။" ဟုဤအနက်သဘောကို ဟောတော်မူ၏။

ဤအနက်သဘောကို -

- "အကြင်ပုဂ္ဂိုလ်တို့သည် ငြိမ်းအေးသောစိတ်၊ ရင့်ကျက်သောပညာ၊ သတိရှိကုန်လျက်သာလျှင် သမထဝိပဿနာနှစ်ပါးဖြင့် ရှုလေ့ရှိကုန်သည်။
- ကာမဂုဏ်ငဲ့ကွက်ခြင်း ကင်းကုန်သည်ဖြစ်၍ ခန္ဓာငါးပါးတရားကို အသင့်အားဖြင့် ရှုကုန်၏။

- မမေ့မလျော့မှုတရား၌ မွေ့လျော်ကုန်သော မွေ့လျော်မှုတရား၌ ဘေးဟု ရှုကုန်သော သူတော်ကောင်းတို့သည် ဆုတ်ယုတ်ခြင်းငှာ မထိုက်ကုန်၊ နိဗ္ဗာန်နှင့်သာလျှင် နီးကုန်၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၉။ အကျင့်၏အကျိုးများ(သိက္ခာနိသံသ)

ဗုဒ္ဓသည်-

''-သိက္ခာဟူသော အကျိုးရှိကုန်သည်၊

- ပညာလွန်ကဲကုန်သည်၊
- အရဟတ္တဖိုလ်ဟူသော အနှစ်ရှိကုန်သည်၊
- သတိဟူသော အကြီးအမှူးရှိကုန်သည်ဖြစ်၍

နေကြကုန်သောပုဂ္ဂိုလ်တို့အား-

- အရဟတ္တဖိုလ်ကိုလည်းကောင်း၊
- ကိလေသာအကြွင်းရှိသေးမူ အနာဂါမိဖိုလ်ကိုလည်းကောင်း၊

ဤနှစ်ပါးသော ဖိုလ်တို့တွင် တစ်ပါးပါးသောဖိုလ်ကို ဤဘဝ၌ပင်လျှင် မချွတ်ရလိမ့်မည်ဟု မျှော်လင့်ရအပ်၏''

ဟုဤအနက်သဘောကို ဟောတော်မူ၏။

ဤအနက်သဘောကို-

- ပြည့်စုံသောအကျင့်ရှိသော
- မပျက်သောတရားရှိသော
- ထူးကဲသောပညာရှိသော
- ဓာတ်ကုန်ရာ နိဗ္ဗာန်ကို မြင်လေ့ရှိသော
- အဆုံးဖြစ်သော အတ္တဘောကို ဆောင်သော
- ကိလေသာမာရ်ကိုစွန့်သော

ထိုရဟန်းကို ဇရာ၏ကမ်းတစ်ဘက်သို့ ရောက်သူဟု ငါဟော၏။

ရဟန်းတို့...ထို့ကြောင့် သင်တို့သည်-

- အခါခပ်သိမ်း နှစ်မျိုးသောစျာန်၌ မွေ့လျော်ကြသူ
- တည်ကြည်ကြသူ
- ပြင်းစွာအားထုတ်သော လုံ့လရှိကြသူ
- ဓာတ်ကုန်ရာ နိဗ္ဗာန်ကို ဉာဏ်ဖြင့်ရှုကြသူ
- စစ်သည်နှင့်တကွသော မာရ်ကို လွှမ်းမိုး၍ ပဋိသန္ဓေနေမှု၊ သေမှု၏ တစ်ဘက်ကမ်း(နိဗ္ဗာန်) သို့ ရောက်ကြရသူတို့ ဖြစ်ကြကုန်လော့"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၁၀။ နိုးကြားမှုအား(ဇာဂရိယ)

ဗုဒ္ဓသည်-

"ရဟန်းတို့. . .ရဟန်းသည်

- နိုးကြားမှုနှင့်ယှဉ်သူ
- အောက်မေ့မှု ဆင်ခြင်ဉာဏ်ရှိသူ
- တည်ကြည်မှုရှိသူ
- ဝမ်းမြောက်မှုပွားသူ
- ကောင်းစွာကြည်လင်သူဖြစ်၍လည်းနေရာ၏။

ထိုကမ္မဋ္ဌာန်းအားထုတ်ရာဝယ် ကုသိုလ်တရားတို့၌ အခါအားလျော်စွာ အထူးရှုလျက်လည်း နေရာ၏။

ထိုသို့သဘောရှိလျက် အထူးရှုလျက်နေသော ရဟန်းအား-

- အရဟတ္တဖိုလ်ကိုလည်းကောင်း၊
- ကိလေသာအကြွင်းရှိသေးမှု အနာဂါမိဖိုလ်ကိုလည်းကောင်း၊

ဤနှစ်ပါးသော ဖိုလ်တို့တွင် တစ်ပါးပါးသော ဖိုလ်ကို ယခုဘဝ၌ပင်လျှင် မချွတ်ရလိမ့်မည်ဟု မြော်လင့်အပ်၏"

ဟု ဤအနက်သဘောကို ဟောကြားပါသည်။

ဤအနက်သဘောကို-

"နိုးကြားကြကုန်သောသင်တို့သည် ငါ၏စကားကို နာကြကုန်သော-

- အိပ်ပျော်နေသောသင်တို့သည် နိုးကြားကြကုန် လော့၊
- အိပ်ပျော်ခြင်းထက် နိုးကြားခြင်းသည် မြတ်၏၊
- နိုးကြားသောသူအား ဘေးမရှိ၊

အကြင်သူသည် -

- နိုးလည်းနိုးကြား၏။
- အောက်မေ့မှု၊ ဆင်ခြင်မှုလည်းရှိ၏။
- တည်ကြည်မှုလည်းရှိ၏။
- ဝမ်းမြောက်မှုများ၍ ကြည်လင်သောစိတ်ရှိ၏။

ထိုသူသည် အခါအားလျော်စွာ အသင့်အားဖြင့် တရားကို စူးစမ်းရှာဖွေလျက် ငြိမ်သက်တည်ကြည်သည် အဖြစ်သို့ရောက်ကာ အဝိဇ္ဇာဟူသော အမိုက်တိုက်ကို ပယ် ဖျောက်နိုင်ရာ၏။

- ထိုကြောင့် ဤလောက၌ နိုးကြားသူကိုသာ ဆည်းကပ်ရာ၏။
- ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော ရင့်ကျက်သောပညာရှိသော ဈာန်ရသောရဟန်း သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၏အကြောင်း

သံယောဇဉ်ကို ဖြတ်တောက်၍ ဤဘဝ၌ပင်
အတုမရှိ မြတ်သော အရဟတ္တဖိုလ်၏ဉာဏ်သို့
ရောက်ရာ၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၀၀။ ဆင်းရဲလားရာရောက်ရာ(အာပါယိက)

ဗုဒ္ဓသည်-

''ရဟန်းတို့…

- အကြင်သူသည်ကား မြတ်သောအကျင့်ကို မကျင့်ဘဲလျက် မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံ၏၊
- အကြင်သူသည်ကား ထက်ဝန်းကျင် ပြည့်စုံ၍ ဖြူစင်သော မြတ်သောအကျင့်ကို ကျင့်သောသူကို အခြေအမြစ်မရှိသော အကျင့်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီး၏။

ရဟန်းတို့…ဤယုတ်မာသော တရားကို မပယ်နိုင်၍ အပါယ်ငရဲ၌ ဖြစ်ရမည့် ပုဂ္ဂိုလ်တို့သည် ဤနှစ်ယောက်တို့တည်း။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

- မဟုတ်မမှန်ပြောဆိုသောသူသည်လည်း ငရဲသို့ ရောက်ရ၏။
- မိမိပြုလုပ်လျက် မပြုလုပ်ဟု ပြောဆိုသောသူ သည်လည်း ငရဲသို့ရောက်ရ၏။

ထိုသူနှစ်ယောက်တို့သည်လည်း ဟုတ်သောအမူ ရှိကုန် သည်ဖြစ်၍ နောင်တမလွန်ဘဝ၌ ငရဲခံရခြင်း တူကုန်၏။

- ယုတ်မာသောသဘောရှိသည်ဖြစ်၍ ကိုယ်,နှုတ်, နှလုံးကို မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ ပတ်ကြကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ်မာသော မကောင်း မှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။
- သီလလည်းမရှိ၊ ကိုယ်နှုတ်နှလုံးလည်း မစောင့် စည်းဘဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သောဆွမ်းကို စားရခြင်းထက် မီးလျှံ ကဲ့သို့ ပူလောင်သောသံထွေခဲကို စားရခြင်းက သာ၍ ကောင်းမြတ်သေး၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ ရပါ၏။

၄။ အတွေးအယူမှားရောက်မှု(ဝိဋ္ဌိဂတ)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- နှစ်ပါးသော ဒိဋ္ဌိအယူဖြင့် နှိပ်စက်ခံရသော နတ်လူအချို့သည် တွန့်တို ဆုတ်နစ်ကုန်၏။
- အချို့တို့သည်ကား လွန်၍ ပြေးသွားကုန်၏။
- စက္ခုအမြင်ရှိသူတို့ကား မရှိမပဋိပဒါဖြင့် မျက်မှောက် ပြုနိုင်ကုန်၏။
- အဘယ်သို့လျှင် တွန့်တိုဆုတ်နစ်ကုန်သနည်း?
- နတ်လူတို့သည် ဘဝလျှင် မွေ့လျော်ရာ ရှိကုန်၏။
- ဘဝ၌ မွေ့လျော်တတ်ကုန်၏။
- ဘဝ၌ နှစ်သက်တတ်ကုန်၏။
- ထိုသူတို့အား ဘဝချုပ်ရန်အတွက် တရား ဟော ပြောသည်ရှိသော် စိတ်သည်မသက်ဝင်၊ မကြည်လင်၊ ကောင်းစွာမတည်၊ နှလုံးမသွင်း၊

ဤသို့လျှင် အချို့သူတို့သည် တွန့်တိုဆုတ်နစ်ကြ၏။

အဘယ်သို့လျှင် လွန်၍ ပြေးသွားကုန်သနည်း။

- အချို့သူတို့သည် ဘဝဖြင့်ပင် ငြီးငွေ့ကုန်၊ ဘဝမှ ရှက်နိုးကုန်၊ ဘဝ၌ စက်ဆုပ်ကုန်သည်ဖြစ်၍ ဘဝကင်းပြတ်ခြင်းကို နှစ်သက်ကုန်၏။

- အချင်းတို့ အကြင်ကြောင့် ဤအတ္တသည် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ပြတ်၏၊ ပျက်စီး၏၊ သေသည်နောက် မဖြစ်တော့။
- ဤတရားသည်ငြိမ်း၏။
- ဤတရားသည်မြတ်၏။
- ဤတရားသည် မဖောက်ပြန်မှန်ကန်သော သဘော ရှိ၏။

ဤသို့လျှင် အချို့တို့သည် လွန်၍ ပြေးသွားကုန်၏။
- အဘယ်သို့လျှင် စက္ခုအမြင်ရှိသော သူတို့သည် မဇ္ဈိမပဋိပဒါဖြင့် မျက်မှောက်ပြုနိုင်ကုန်သနည်း။
- ဤသာသနာတော်၌ ရဟန်းသည်-
- ဟုတ်မှန်သော ခန္ဓာငါးပါးကို ဟုတ်မှန်သော အားဖြင့် မြင်၏။
- ထိုသို့ ဟုတ်မှန်စွာမြင်ခြင်းကြောင့် ဟုတ်မှန်သော ခန္ဓာငါးပါးတို့၌ ငြီးငွေ့ရန် တပ်ခြင်းကင်းရန် ချုပ်ရန် ကျင့်၏။

ဤသို့လျှင် မဇ္ဈိမပဋိပဒါဖြင့် မျက်မှောက်ပြုကုန်၏"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

- အကြင်သူတို့သည် ဟုတ်မှန်သော ခန္ဓာငါးပါးကို ဟုတ်မှန်သောအားဖြင့် မြင်ခြင်းကြောင့် ဟုတ်မှန်သော ခန္ဓာငါးပါးကို လွန်မြောက်လျက် ဘဝတဏှာကုန်ခြင်းကြောင့် ဟုတ်မှန်သော နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာမှ လွတ်မြောက်ကုန်၏။
- ခန္ဓာငါးပါးကို ပိုင်းခြား၍သိသော ဘဝကြီးငယ်၌ တဏှာကင်းသော ထိုရဟန်းသည် ခန္ဓာငါးပါး ထပ်၍ မဖြစ်ခြင်းကြောင့် တစ်ဖန် ဘဝသစ်သို့ မရောက်တော့"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

.....နှစ်ပါးစုအာစဉ်ပြီး၏......

# အခန်း( ၄ )

# သုံးပါးစုအခဥ်

# (တိကနိပါတ်)

## (က) ပထမအစု

### ၁။ လူသား၏အခြေခံတရားများ(မူလ)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- လောဘဟူသောအကုသိုလ်မူလ
- ဒေါသဟူသော အကုသိုလ်မူလ
- မောဟဟူသော အကုသိုလ်မူလ

အကုသိုလ်မူလတို့သည် ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"လောဘ,ဒေါသ,မောဟတို့ မိမိ၌ဖြစ်ကုန်သော ဤ တရားတို့သည် ဝါးပင်ကို မိမိအသီးသည်ပင် ဖျက်ဆီးသကဲ့သို့ ယုတ်မာသောစိတ်ရှိသူကို ဖျက်ဆီးကုန်၏။" ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၂။ ရုပ်,နာမ်သဘာဝများ(ဓာတု)

ဗုဒ္ဓသည် -

"ရဟန်းတို့...

- ရူပဓာတ်၊
- အရူပဓာတ်၊
- နိရောဓဓာတ်၊

ဓာတ်တို့သည် ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင်သူတို့သည် ရူပဓာတ်ကို ပိုင်းခြားသိ၍ အရူပဓာတ်တို့၌ မကပ်ငြိဘဲ နိရောဓဓာတ်၌ အာရုံပြုကာ အရိယာမဂ်ဖြင့် ကိလေသာမှ လွတ်ကုန်၏။ ထိုသူတို့သည် သေခြင်းမှ လွန်မြောက်ကုန်၏"

"အာသဝေါကင်းတော်မူပြီးသော ဗုဒ္ဓသည် နာမကာယဖြင့် ဥပဓိကင်းသော အမတဓာတ်သို့ ရောက်တော်မူ၍ ဥပဓိတို့၏စွန့်လွှတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးလျှင် စိုးရိမ်မှုကင်းသော ကိလေသာမြူကင်းသော နိဗ္ဗာန်တရားကို ဟောတော်မူ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၃။ ပထမခံစားမှု(ပထမဝေဒနာ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ဝေဒနာ(ခံစားမှု)တို့ဟူသည်-

- သုခဝေဒနာ
- ဒုက္ခဝေဒနာ
- ဥပေက္ခာဝေဒနာ

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"မြတ်စွာဘုရား၏တပည့်သည် တည်ကြည်မှုဆင်ခြင်ဉာဏ်၊ အောက်မေ့မှုရှိသည်ဖြစ်၍-

- ခံစားမှုတို့ကိုလည်းကောင်း
- ခံစားမှုတို့၏ဖြစ်ကြောင်းကိုလည်းကောင်း

- ခံစားမှုတို့၏ချုပ်ရာကိုလည်းကောင်း
- ခံစားမှုတို့ ချုပ်ကုန်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း

ဖြစ်သော အရိယာမဂ်ကိုလည်းကောင်း ပိုင်းခြား၍ သိ၏။

ရဟန်းတို့သည် ဝေဒနာတို့၏ ကုန်ခြင်းကြောင့် တဏှာ ကင်းသည်ဖြစ်၍ ကိလေသာပရိနိဗ္ဗာန် ခန္ဓာပရိနိဗ္ဗာန် ဖြင့် ပရိနိဗ္ဗာန်ပြုရာ၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၄။ ဒုတိယခံစားမှုဟူသည်(ဒုတိယဝေဒနာ)

ဗုဒ္ဓသည်-

''ရဟန်းတို့...ဝေဒနာ(ခံစားမှု)တို့ဟူသည်-

- သုခဝေဒနာ
- ဒုက္ခဝေဒနာ
- ဥပေက္ခာဝေဒနာ သုံးမျိုးတို့တည်း။
- သုခဝေဒနာကို ဆင်းရဲဟူ၍ရှုအပ်၏။
- ဒုက္ခဝေဒနာကို ငြောင့်တံကျင်ဟူ၍ ရှုအပ်၏။
- ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍ ရှုအပ်၏။

ထိုသဘောကိုမြင်သော ရဟန်းသည်-

- ဖြူစင်၍ ကောင်းသောအမြင်ရှိသူ
- တဏှာပြတ်ပြီးသူ

- သံယောဇဉ်ကင်းပြီးသူ
- အကြွင်းမဲ့မာနကို ပယ်ခြင်းကြောင့် ဆင်းရဲအဆုံးကို ပြုပြီးသူဟု ဆိုအပ်၏။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''အကြင်သူသည် သုခဝေဒနာကို ဆင်းရဲဟူ၍ မြင်၏။ ဒုက္ခဝေဒနာကို ငြောင့်တံဟူ၍မြင်၏၊

ငြိမ်သက်သော ဥပေက္ခာဝေဒနာကို အနိစ္စဟူ၍ မြင်၏။

- ဝေဒနာသုံးပါးကို ကောင်းစွာမြင်ပြီးသော ရဟန်းသည် ထိုဝေဒနာ၌ အပြတ်အားဖြင့် လွတ်မြောက်၏။ ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ်ကိစ္စပြီးဆုံးပြီး ဖြစ်၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွတ် မြောက်ပြီးသူ ဖြစ်၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၅။ ဝထမမှီဝဲမှု(ဝထမဓသနာ)

ဗုဒ္ဓသည်-

''ရဟန်းတို့...ရာမှီးခြင်းတို့သည်-

- ကာမကိုရှာမှီးခြင်း
- ဘဝကိုရှာမှီးခြင်း
- အကျင့်မြတ်ကိုရှာမှီးခြင်း ဤသုံးပါးတို့တည်း''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''ဗုဒ္ဓ၏တပည့်သည် တည်ကြည်မှု ဆင်ခြင်ဉာဏ်၊ အောက်မေ့မှုရှိသည်ဖြစ်၍ -

- ရှာမှီးခြင်းတို့ကိုလည်းကောင်း၊
- ရှာမှီးခြင်းတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊
- ရှာမှီးခြင်းတို့၏ချုပ်ရာကိုလည်းကောင်း၊
- ရှာမှီးခြင်းတို့ကုန်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်း ဖြစ်သော အရိယာမဂ်ကိုလည်းကောင်း ပိုင်းခြား၍ သိ၏။
- ရဟန်းသည် ရှာမှီးခြင်းဝို့၏ ကုန်ခြင်းကြောင့် တဏှာကင်းသည်ဖြစ်၍ ကိလေသာပရိနိဗ္ဗာန်၊ ခန္ဓာပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုရ၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၆။ ဒုတိယမှီဝဲမှု(ဒုတိယသေနာ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ရာမှီးခြင်းတို့သည်-

- ကာမကိုရှာမှီးခြင်း
- ဘဝကိုရှာမှီးခြင်း
- အကျင့်မြတ်ကို ရှာမှီးခြင်း

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားတော်မူခဲ့ပါသည်။

ဤအနက်သဘောကို-

"- အကျင့်မြတ်ကိုရှာမှီးခြင်း
- ကာမကိုရှာမှီးခြင်း
- ဘဝကိုရှာမှီးခြင်းဟု ရှာမှီးခြင်း

ဤသုံးပါးတို့တည်း။

ဤသည်သာမှန်၏ဟု အမှားသုံးသပ်ခြင်းသည် ဒိဋ္ဌိလျှင် အကြောင်းရှိ၏။

- ကိလေသာအဆင့်ဆင့်တိုးပွား၏။
- ရာဂအားလုံးတို့မှ ကင်းသော တဏှာကုန်ရာ အရဟတ္တဖိုလ် လွတ်မြောက်မှုရှိသော ရဟန္တာပုဂ္ဂိုလ်သည် ရှာမှီးခြင်းတို့ကို စွန့်လွှတ်၏။

- ဒိဋ္ဌိဟူသောတည်ရာအကြောင်းတို့ကို ပယ်နုတ်၏
  ရဟန်းသည် ရှာမှီးခြင်းတို့၏ ကုန်ခြင်းကြောင့်
  အလိုအာသာမရှိသူ၊

သို့လော သို့လော တွေးတောမှုမရှိသူဖြစ်၏။ "

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

**၇။ ပထမယိုစီးမှု(ပထမအာသဝ)**

ဗုဒ္ဓသည်-

"ရဟန်းတို့...အာသဝတို့သည်-

- ကာမာသဝ
- ဘဝါသဝ
- အဝိဇ္ဇာသဝ

သုံးပါးတို့တည်း။ "

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"တည်ကြည်မှု ဆင်ခြင်ဉာဏ်၊ အောက်မေ့မှု ရှိသည်ဖြစ်၍ ဗုဒ္ဓ၏တပည့်သည်-

- အာသဝတို့ကိုလည်းကောင်း၊
- အာသဝတို့၏ဖြစ်ကြောင်းကိုလည်းကောင်း၊
- အာသဝတို့၏ ချုပ်ရာကိုလည်းကောင်း၊

- အာသဝတို့၏ကုန်ရာ(နိဗ္ဗာန်)သို့ ရောက်ကြောင်းဖြစ်သော အရိယာမဂ်ကိုလည်းကောင်း ပိုင်းခြား၍သိ၏
- ရဟန်းသည် အာသဝတို့၏ ကုန်ခြင်းကြောင့် တဏှာကင်းသည်ဖြစ်၍ ကိလေသာပရိနိဗ္ဗာန် ခန္ဓပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြု၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၈။ ဒုတိယယိုစီးမှု(ဒုတိယအာသဝ)

ဗုဒ္ဓသည်-

"ရဟန်းတို့...အာသဝတို့သည်-

- ကာမာသဝ
- ဘဝါသဝ
- အဝိဇ္ဇာသဝ

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ပုဂ္ဂိုလ်အား ကာမာသဝသည် ကုန်ခဲ့ပြီး ဘဝါသဝသည် ကုန်ခမ်းပြီး အဝိဇ္ဇာသဝသည် ကင်းရောက်ပြီး၊ ထိုပုဂ္ဂိုလ်သည် ကိလေသာမှ ကင်းလွတ်ပြီးလျှင် ဥပဓိ

မရှိမူ၍ စစ်သည်နှင့်တကွသော မာရ်ကိုအောင်လျက် အဆုံးစွန်သော ကိုယ်အတ္တဘောကို ဆောင်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၉။ တစ်မတ်မှုများ(တဏှာ)

ဗုဒ္ဓသည်-

"ရဟန်းတို့...တဏှာတို့သည်-

- ကာမတဏှာ
- ဘဝတဏှာ
- ဝိဘဝတဏှာ

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားတော်မူသည်။

ဤအနက်သဘောကို-

"တဏှာယောဂနှင့်ယှဉ်၍ ဘဝကြီးငယ်၌တပ်သော စိတ်ရှိကြသူ နိဗ္ဗာန်အရဟတ္တဖိုလ် အရဟတ္တဖိုလ်ကို မရကြသော ထိုသတ္တဝါတို့သည် မာရ်နတ်၏ကျော့ကွင်းတည်းဟူသော ယောဂနှင့်ယှဉ်ကုန်၍ ပဋိသန္ဓေနေခြင်း၊ သေခြင်းသို့ရောက်ကုန်သည် ဖြစ်ရကား သံသရာသို့ သွားကုန်၏။

လောက၌ အကြွင်းသူတို့သည်ကား တဏှာကိုပယ်သတ်ပြီး၍ ဘဝကြီးငယ်၌ တဏှာကင်းကုန်၏။

အကြင်သူတို့သည်လည်း အာသဝကုန်ခြင်းသို့ ရောက်ကုန်၏။ ထိုသူအားလုံးတို့သည် နိဗ္ဗာန်တည်းဟူသော တစ်ဘက် ကမ်းသို့ မုချရောက်ကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၁၀။ မာရ်မင်းလွှန်ရာ(မာရဓေယျ)

ဗုဒ္ဓသည်

"ရဟန်းတို့...ဤသာသနာတော်၌ ရဟန်းသည် ရဟန္တာတို့၏ ဥစ္စာဖြစ်သော-

- အသေက္ခဖြစ်သော သမာဓိအစုနှင့်ပြည့်စုံ၏။
- အသေက္ခဖြစ်သော ပညာအစုနှင့်ပြည့်စုံ၏။

ဤတရားသုံးပါးနှင့်ပြည့်စုံသော ရဟန်းသည် မာရ်မင်း၏နိုင်ငံကိုလွှန်၍ နေမင်းကဲ့သို့ တင့်တယ်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ပုဂ္ဂိုလ်သည် သီလ, သမာဓိ, ပညာဟူသော ဤတရားတို့ကို ကောင်းစွာ ပွားများအပ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် မာရ်မင်း၏နိုင်ငံကိုလွှန်၍ နေမင်းကဲ့သို့ တင့်တယ်၏"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်မှတ်သားခဲ့ရပါ၏။

## (ခ) ဒုတိယအစု

### ၁။ ကောင်းမှုပြုမှုများ(ပုညကိရိယဝတ္ထု)

ဗုဒ္ဓသည်-

''ရဟန်းတို့...

- ပေးကမ်းမှုဒါနဟူသော ပုညကိရိယာဝတ္ထု
- ကျင့်မှုသီလဟူသော ပုညကိရိယာဝတ္ထု
- ပွားများမှုဘာဝနာဟူသော ပုညကိရိယဝတ္ထု

ဤသုံးပါးတို့တည်း''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''ထိုသူသည် ကောင်းမှုကိုသာ ကျင့်သုံးရာ၏၊နှောင်အခါ မြင့်မြတ်၍ ချမ်းသာအကျိုးရှိသော ဒါနကိုလည်းကောင်း၊ ကောင်းသောအကျင့်ကိုလည်းကောင်း၊ မေတ္တာစိတ်ကိုလည်းကောင်း ပွားများရာ၏။

ပညာရှိသည် ချမ်းသာလျှင် အကျိုးရှိကုန်သော ဤတရားသုံးပါးတို့ကို ပွားများ၍ ဆင်းရဲကင်း၍ ချမ်းသာသော လောကသို့ ကပ်ရောက်ရ၏။ ''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၂။ မြင်မှုမျက်စိများ(စက္ခု)

ဗုဒ္ဓသည်-

"ရဟန်းတို့...စက္ခုတို့သည်-

- မံသစက္ခု(ပကတိမျက်စိ)
- ဒိဗ္ဗစက္ခု(နတ်မျက်စိ)
- ပညာစက္ခု(ပညမျက်စိ)

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"မံသစက္ခု၊ ဒိဗ္ဗစက္ခု အတုမရှိသော ပညာစက္ခု ဟူသော စက္ခုသုံးပါးတို့ကို ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

မံသစက္ခု၏ ဖြစ်ခြင်းသည် ဒိဗ္ဗစက္ခုဟူသော အာသဝက္ခယဉာဏ်သည် ထင်ရှားဖြစ်၏။ ထိုအခါ ယင်း ပညာစက္ခုဟူသော အာသဝက္ခယဉာဏ်ကို ရခြင်းကြောင့် ဆင်းရဲအားလုံးမှ ကင်းလွတ်၏။ "

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၃။ ထိန်းသိမ်းစောင့်စည်းမှု(တ္တာဒြိယ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ဤနေ့တို့သည်-

- သောတာပတ္တိမဂ်ဉာဏ်ဟူသော အနညာတညဿာမိတိန္ဒြေ
- အထက်မဂ်သုံးပါးနှင့်အောက်ဖိုလ်သုံးပါးဟူသော အညိန္ဒြေ
- အရဟတ္တဖိုလ်ဟူသော အညတာဝိန္ဒြေ

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"ဖြောင့်မှန်သောလမ်းသို့ အစဉ်လိုက်သော ကျင့်ဆဲသေက္ခပုဂ္ဂိုလ်အား ကိလေသာကုန်ရာ နိဗ္ဗာန်၌ ပထမ အနညတညာဿာမိတိန္ဒြေဉာဏ်ဖြစ်၏။ ထိုဉာဏ်မှ အခြားမဲ့၌ အထက်မဂ်သုံးပါးနှင့် အောက်ဖိုလ်သုံးပါးဟူသော အညိန္ဒြေဖြစ်၏။

ထိုအရဟတ္တမဂ်၏ အခြားမဲ့၌ အရဟတ္တဖိုလ်ဟူသော အညာတာဝိန္ဒြေဖြစ်၏။ ကိလေသာမှလွတ်ပြီးသော တာဒိဂုဏ်နှင့် ရဟန္တာပုဂ္ဂိုလ်အား ဘဝသံယောဇဉ်ကုန်ခမ်းခြင်းကြောင့် ငါ၏အရဟတ္တဖိုလ်သည် မပျက်စီးဟု ပစ္စဝေက္ခဏာဉာဏ်သည် မုချဖြစ်၏။

စင်စစ် ဣန္ဒြေနှင့်ပြည့်စုံ၍ ငြိမ်းအေးလျက် ငြိမ်းအေးရာ နိဗ္ဗာန်၌မွေ့လျော်သော ထိုပုဂ္ဂိုလ်သည် စစ်သည်နှင့်တကွ မာရ်ကိုအောင်လျက် အဆုံးစွန်သောအတ္တဘောကို အောင်၏" ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါ၏။

## ၄။ အချိန်ကာလများ(အဒ္ဓါ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ကာလတို့သည်-

- အတိတ်ကာလ
- အနာဂတ်ကာလ
- ပစ္စုပ္ပန်ကာလ

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"ခန္ဓာငါးပါး၌ ငါ,သူတစ်ပါးဟု အမှတ်ရှိကုန်သော သတ္တဝါတို့သည် ခန္ဓာငါးပါးတည်ကုန်လျက် ခန္ဓာငါးပါးကို ပိုင်းခြား၍ မသိသောကြောင့် သေမင်းနှင့်စပ်ယှဉ်ခြင်းသို့ ရောက်ကုန်၏။

ရဟန္တာပုဂ္ဂိုလ်သည် ခန္ဓာငါးပါးကို ပိုင်းခြား၍ သိသောကြောင့် ခန္ဓာငါးပါးကို ငါသူတစ်ပါးဟု မအောက်မေ့

ကိလေသာမှ လွတ်သည်ဖြစ်၍ အတုမရှိမြတ်သော ငြိမ်းအေး
ရာ နိဗ္ဗာန်ကို စိတ်ဖြင့် တွေ့ထိသိမြင်၏။

ခန္ဓာငါးပါးကို ပိုင်းခြားသိခြင်းနှင့် ပြည့်စုံလျက်
သူတော်ကောင်းဖြစ်၍ ငြိမ်းအေးရာ နိဗ္ဗာန်၌ မွေ့လျော်ကာ
ဆင်ခြင်၍ မိုဝဲလေ့ရှိသောတရား၌တည်သူ၊ ထိုရဟန္တာ ပုဂ္ဂိုလ်
သည် သင်္ချာဝါဟူသော ရေတွက်ခြင်းသို့ မရောက်။ ”
ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ
ပါ၏။

## ၅။ မကောင်းမှုပြုမှု(ဒုစ္စရိတ)

ဗုဒ္ဓသည်-

“ရဟန်းတို့...ဒုစရိုက်တို့သည်-

- ကာမဒုစရိုက်
- ဝစီဒုစရိုက်
- မနောဒုစရိုက်

ဤသုံးပါးတို့တည်း။”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

“ပညာမဲ့သူသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊
မနောဒုစရိုက်ကို ပြုပြင်ခြင်းကြောင့်လည်းကောင်း၊ ရာဂ

စသော အပြစ်နှင့်စပ်ယှဉ်သော အခြားသောအမှုကို ပြုခြင်းကြောင့်လည်းကောင်း၊ ကုသိုလ်ကံကို မပြုဘဲ အကုသိုလ်ကံကိုသာ အကြိမ်များစွာပြုခြင်းကြောင့်လည်းကောင်း ခန္ဓာပျက်စီးသောအခါ ငရဲသို့ ကပ်ရောက်ရ၏။”
ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၆။ ကောင်းမှုပြုမှု(သုစရိတ)

ဗုဒ္ဓသည်-

“ရဟန်းတို့. . .သုစရိုက်တရားတို့သည်-

- ကာယသုစရိုက်
- ဝစီသုစရိုက်
- မနောသုစရိုက်”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

“ပညာရှိသည် ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်ကို စွန့်ခြင်းကြောင့်လည်းကောင်း၊ ရာဂစသော အပြစ်နှင့်စပ်ယှဉ်သော အခြားအမှုကိုစွန့်ခြင်းကြောင့်လည်းကောင်း အကုသိုလ်ကံကိုမပြုမူ၍ ကုသိုလ်ကံကိုသာ အကြိမ်များစွာပြုခြင်းကြောင့်လည်းကောင်း ခန္ဓာကိုယ်ပျက်စီးသောအခါ နတ်ပြည်ရောက်ရ၏။”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၇။ ဖြူစင်မှု(သောဓေယျ)

ဗုဒ္ဓသည်-

''ရဟန်းတို့…စင်ကြယ်ခြင်းတို့သည်-

- ကိုယ်၏စင်ကြယ်ခြင်း
- နှုတ်၏စင်ကြယ်ခြင်း
- စိတ်၏စင်ကြယ်ခြင်း

ဤသုံးမျိုးတို့တည်း။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''ကိုယ်စင်ကြယ်မှု၊ နှုတ်စင်ကြယ်မှု၊ စိတ်စင်ကြယ်မှုရှိသော အလုံးစုံသော ကိလေသာအညစ်အကြေးကိုပယ်ပြီးဖြစ်၍ ဖြူစင်မှုတရားနှင့်ပြည့်စုံသော အာသဝေါကင်းသူ ရဟန္တာပုဂ္ဂိုလ်ကို စင်ကြယ်သူဟု ဆိုကြကုန်၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၈။ ရဟန္တာဖြစ်စေသောအကျင့်(မောနေယျ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ရဟန္တာအဖြစ်ကို ပြုတတ်သော (မောနေယျ)အကျင့်တို့သည်-

- ကာယမောနေယျ
- ဝစီမောနေယျ
- မနောမောနေယျ

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"ကာယဒုစရိုက်ပယ်ဖျက်မှု၊ ဝစီဒုစရိုက်ပယ်ဖျက်မှု၊ မနောဒုစရိုက်ပယ်ဖျက်မှုရှိသော မဂ်ရေစင်ဖြင့် မကောင်းမှုကို ဆေးကြောပြီးသော မြင့်မြတ်သော မောနေယျတရားနှင့် ပြည့်စုံသော အာသဝေါမရှိသူ ရဟန္တာကို မုနိ ဟု ဆိုကြကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

၉။ ပထမထကြွမှု(ပထမ–ရာဝ)

ဗုဒ္ဓသည်-

"ရဟန်းတို့. . .အကြင်တစ်စုံတစ်ယောက်သော သူသည်

- ရာဂကိုမပယ်နိုင်သေး
- ဒေါသကိုမပယ်နိုင်သေး
- မောဟကိုမပယ်နိုင်သေး

ဤပုဂ္ဂိုလ်ကို -

- မာရ်သည်နှောင်ဖွဲ့ထားသူ
- မာရ်၏ကျော့ကွင်းအစွပ်ခံရသူ
- မာရ်နတ်အလိုရှိတိုင်း အပြုခံရသူဟုဆိုအပ်၏။

ရဟန်းတို့. . . အကြင်တစ်စုံတစ်ယောက်သောသူသည်

- ရာဂကို ပယ်နိုင်၏
- ဒေါသကို ပယ်နိုင်၏
- မောဟကို ပယ်နိုင်၏

ဤပုဂ္ဂိုလ်ကို -

- မာရ်သည် မနှောင်ဖွဲ့နိုင်သူ
- မာရ်၏ကျော့ကွင်းအစွပ်မခံရသူ
- မာရ်နတ်အလိုရှိတိုင်း အပြုမခံရသူ ဟု ဆိုအပ်၏"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင်သူသည် ရာဂကိုလည်းကောင်း၊ ဒေါသကို လည်းကောင်း၊ မောဟကိုလည်းကောင်း ကင်းကွာစေနိုင်၏။

ထိုသူကို ပွားများပြီးသူတို့တွင် တစ်ယောက်အပါ အဝင် ဖြစ်၍ -

- မြတ်သော အရဟတ္တဖိုလ်သို့ရောက်ပြီးသူ
- ရှေးရှေးရဟန္တာတို့ကဲ့သို့ ကြွယ်သောသူ
- အလုံးစုံသော ကိလေသာတို့ကို ပယ်ပြီးသူ
- ဘေးအပေါင်း, ရန်အပေါင်းကို လွန်ပြီးသူ
- သစ္စာလေးပါးကိုသိပြီးသူဟု ဆိုအပ်ကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါ၏။

## ၁၀။ ဒုတိယထကြွမှု(ဒုတိယရာဂ)

ဗုဒ္ဓသည်

"ရဟန်းတို့...ရဟန်းယောက်ျားဖြစ်စေ, ရဟန်းမိန်းမ ဖြစ်စေ အကြင်တစ်စုံတစ်ယောက်သည်-

- ရာဂကိုမပယ်နိုင်သေး
- ဒေါသကို မပယ်နိုင်သေး
- မောဟကို မပယ်နိုင်သေး

ဤပုဂ္ဂိုလ်ကို လှိုင်းတံပိုး ဝဲ,ဖမ်းယူတတ်သော ငါး မကာရ်း…ရက္ခိုက်နှင့်တကွဖြစ်သော သမုဒ္ဒရာကို မကူး မြောက်နိုင်သေးသူဟု ဆိုအပ်၏။

- ရာဂကို ပယ်နိုင်၏၊
- ဒေါသကို ပယ်နိုင်၏။
- မောဟကို ပယ်နိုင်၏။

ဤပုဂ္ဂိုလ်ကို လှိုင်းတံပိုး,ဝဲ ဖမ်းယူတတ်သော ငါး မကာရ်း, ရက္ခိုက်နှင့်တကွဖြစ်သော သမုဒ္ဒရာကို ကူးမြောက် နိုင်သူဟု ဆိုအပ်၏။

- ကူးမြောက်ပြီးသူ
- ကမ်းတစ်ဘက်ရောက်ပြီးသူ
- မကောင်းမှုမှအပပြုပြီးသူ
- နိဗ္ဗာန်တည်းဟူသော ကြည်းကုန်း၌ တည်သောသူ ဟု ဆိုအပ်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အကြင်ပုဂ္ဂိုလ်သည် ရာဂကိုလည်းကောင်း၊ ဒေါသကို လည်းကောင်း၊ မောဟကိုလည်းကောင်း ကင်းကွာစေနိုင်၏။

ထိုပုဂ္ဂိုလ်သည် ဖမ်းယူတတ်သော ငါးမကာရ်း, ရက္ခိုက် ကြောက်မက်ဖွယ် လှိုင်းတံပိုးနှင့်တကွဖြစ်၍ လွန် မြောက်နိုင်ခဲသော ဤသမုဒ္ဒရာကို လွန်မြောက်ပြီး၊

အကြင်ပုဂ္ဂိုလ်သည် ရာဂစသော ငါးပါးအပေါင်းကို လွန်မြောက်လျက် သေမင်းကို စွန့်ပြီးလျှင် ကိလေသာ စသော ဥပစ်မရှိမူ၍ တစ်ဖန် ပဋိသန္ဓေနေခြင်းကို ပယ်စွန့်နိုင်၏။

ရာဂစသည်တို့၏ ချုပ်ခြင်းသို့ရောက်သော ထိုသူသည် သီလ စသည်ဖြင့် တစ်စုံတစ်ယောက်နှင့် နှိုင်းယှဉ်ထိုက်သူ၏အဖြစ်သို့ မရောက်၊ သေမင်းကို တွေဝေစေ၏ဟု ငါဆို၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## (ဂ) တတိယအစု

### ၁။ မှားသောအယူအဆများ(မိစ္ဆာဒိဋ္ဌိက)

ဗုဒ္ဓသည်-

"ရဟန်းတို့...ငါဘုရားသည်-

- ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်နှင့် ပြည့်စုံကြသူ
- အရိယာတို့ကို စွပ်စွဲတတ်ကြသူ
- မှားသောအယူရှိကြသူ
- မှားသောအယူဖြင့် ဆောက်တည်အပ်သော ကံရှိကြသူ သတ္တဝါတို့ကိုလည်းကောင်း-

- ထိုသတ္တဝါတို့ခန္ဓာပျက်စီး၍ သေလွန်သည်မှ နောက်၌ ချမ်းသာကင်းသော မကောင်းသော လားရာ၊ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ရသည်ကိုလည်းကောင်း ငါဘုရား မြင်တော်မူ၏။
- ငါဘုရားသည် ထိုအခြင်းအရာကို တစ်ပါးသော သမဏထံမှသော်လည်းကောင်း၊ ဗြာဟ္မဏထံမှ သော်လည်းကောင်း ကြား၍ ဟောသည်မဟုတ်ပါ။
- ထိုအကြောင်းအရာများကို စင်စစ် ကိုယ်တိုင်သိ ကိုယ်တိုင်မြင် ကိုယ်တိုင်ထင်ရှားသော အခြင်း အရာကိုသာလျှင် ငါဘုရားဟောတော်မူ၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"ဤလောက၌ အကြားအမြင်နည်းသော ပုဂ္ဂိုလ် သည် ဤလူ့ပြည်ဝယ် အသက်တိုသည်ဖြစ်ပါလျက် ကိုယ် ဖြင့်မှားသောအမှုတို့ကိုပြု၍ မှားသောစကားကို ပြောဆို၍ မှားသောစိတ်ကို ဆောက်တည်၍ မကောင်းမှုတို့ကို ပြု၏။

ပညာမဲ့သောထိုသူသည် ခန္ဓာကိုယ်ပျက်စီးသောအခါ ငရဲသို့ရောက်ရ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါ၏။

## ၂။ မှန်သောအယူအဆများ(သမ္မာဒိဋ္ဌိက)

ဗုဒ္ဓသည်-

''ရဟန်းတို့…

- ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနော သုစရိုက်နှင့် ပြည့်စုံသူ
- အရိယာတို့ကို မစွပ်စွဲတတ်ကြသူ
- ကောင်းသောအယူရှိကြသူ
- ကောင်းသောအယူဖြင့် ဆောက်တည်အပ်သောကံရှိကြသူ သတ္တဝါတို့ကိုလည်းကောင်း၊
- ထိုသတ္တဝါတို့ ခန္ဓာကိုယ်ပျက်စီး၍ သေသည်နောက်၌ ကောင်းသောလားရာဖြစ်သော နတ်ပြည်သို့ ကပ်ရောက်ရသည်ကိုလည်းကောင်း ငါဘုရားမြင်တော်မူ၏။
- ငါဘုရားသည် ထိုအခြင်းအရာကို တစ်ပါးသောသမဏထံမှသော်လည်းကောင်း၊ ဗြဟ္မဏထံမှသော်လည်းကောင်း ကြား၍ ဟောသည်မဟုတ်၊
- စင်စစ်သော်ကား ကိုယ်တိုင်သိ ကိုယ်တိုင်မြင်ကိုယ်တိုင်ထင်ရှားသော အခြင်းအရာကိုသာလျှင်ငါဘုရား ဟောတော်မူ၏။''

ဟု ဤအနက်သဘောကို ဟောကြားတော်မူပါသည်။

ဤအနက်သဘောကို -

"ဤလောက၌ အကြားအမြင်များသော ပုဂ္ဂိုလ်သည် ဤလူ့ပြည်ဝယ် အသက်တိုသည်ဖြစ်ရကား -

- ကိုယ်ဖြင့်ကောင်းသောအမှုတို့ကိုပြု၍
- မှန်ကန်သောစကားကိုလည်းပြောဆို၍
- ကောင်းသောစိတ်ကိုလည်း ဆောက်တည်၍ ကောင်းမှုတို့ကိုပြု၏။
- ပညာရှိသောထိုသူသည် သေပြီးနောက် နတ်ပြည်သို့ ရောက်ရ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၃။ လွတ်မြောက်မှု, ထွက်မြောက်မှု(နိဿရဏိယ)

ဗုဒ္ဓသည် -

"ရဟန်းတို့...ထွက်မြောက်ကြောင်းနှင့် စပ်ကုန်သော ဓာတ်တို့သည် -

- ကာမတို့မှ ထွက်မြောက်ကြောင်းဖြစ်သော ပထမဈာန်ဟူသော နေက္ခမဓာတ်၊
- ရူပါဝစရတို့မှ ထွက်မြောက်ကြောင်းဖြစ်သော အရူပဈာန်ဟူသော အရူပဓာတ်၊

- ထင်ရှားဖြစ်ပေါ်လာသော အကြောင်းအရာတို့ ပြုပြင်စီရင်အပ်သော အကြောင်းကိုစွဲ၍ဖြစ်သော အလုံးစုံသော တရားတို့မှ ထွက်မြောက်ကြောင်း ဖြစ်သော နိဗ္ဗာန်ဟူသော နိရောဓဓာတ်

ဤသုံးပါးတို့တည်း"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိသော အခါခပ်သိမ်း နိဿရဏသုံးပါးတို့ကို ကောင်းစွာမြင်သော ပုဂ္ဂိုလ်သည် -

- ကာမတို့မှ ထွက်မြောက်ကြောင်းကိုလည်းကောင်း၊
- ရူပါဝစရတရားတို့မှ လွန်မြောက်ကြောင်းကို လည်းကောင်း သိသောကြောင့် သင်္ခါရအားလုံး တို့၏ ငြိမ်းအေးရာနိဗ္ဗာန်ကို တွေ့ထိသိမြင်ရ၍ ထိုကာမရူပသင်္ခတတို့၌ သမုစ္ဆေဒဝိမုတ္တိအားဖြင့် လွတ်မြောက်၏။

ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ်ကိစ္စ ပြီးဆုံး ပြီး၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါးကို လွန်မြောက်ပြီးသူ ဖြစ်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါ၏။

## ၄။ ငြိမ်သက်မှုတရား(သန္တတရ)

ဗုဒ္ဓသည်-

''ရဟန်းတို့...

- ရူပါဝစရတရားတို့ထက် အရူပါဝစရတရားတို့သည် အထူး ငြိမ်းအေးကုန်၏။
- အရူပါဝစရတရားတို့ထက် ရုပ်နာမ်ချုပ်ရာ နိဗ္ဗာန်သည် အထူး ငြိမ်းအေး၏။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''ရူပဘဝသို့ ကပ်ရောက်ကြကုန်သော အကြင်သတ္တဝါတို့သည်လည်းကောင်း၊ အရူပဘဝ၌ တည်ကြသော အကြင်သတ္တဝါတို့သည် လည်းကောင်း နိဗ္ဗာန်ကို မသိကြကုန်သောကြောင့် တစ်ဖန် ဘဝသစ်သို့ လားရောက်ရကုန်၏။

အကြင်သူတို့သည် ရူပါဝစရတရားတို့ကို ပိုင်းခြားသိကုန်၍ အရူပါဝစရတရားတို့၌ မတည်ကြကုန်ဘဲ နိရောဓ၌ အာရုံပြုကာ အရိယာမဂ်ဖြင့် ကိလေသာမှ လွတ်မြောက်ကုန်၏။ ထိုသူတို့သည် သေမင်းမှ လွန်မြောက်ကုန်၏။

အာသဝေါကင်းတော်မူပြီးသော မြတ်စွာဘုရားသည် နာမကာယဖြင့် ဥပဓိကင်းသော အမတဓာတ်သို့ရောက်တော်မူ၍ ဥပဓိတို့၏ စွန့်လွှတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးလျှင်

စိုးရိမ်မှုကင်းသော ကိလေသာမြူကင်းသော နိဗ္ဗာန်တရားကို ဟောတော်မူ၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၅။ သားများ(ပုတ္တ)

ဗုဒ္ဓသည်-

''ရဟန်းတို့…ဤသား(၃)ယောက်တို့သည် လောက၌ ထင်ရှားရှိကုန်၏-

- အမိအဖတို့ထက် ဂုဏ်လွန်သော အတိဇာတသား
- အမိအဖတို့ထက် ဂုဏ်တူသော အနုဇာတသား
- အမိအဖတို့ထက် ဂုဏ်ယုတ်သော အဝဇာတသား

အတိဇာတသားဟူသည်-

- ဤလောက၌ သား၏မိဘတို့သည်- ဘုရား,တရား,သံဃာကို ဆည်းကပ်ကိုးကွယ်သူတို့ မဟုတ်ကုန်၊
- အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူမဟုတ်ကုန်
- အရှင်မပေးသောဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊
- ကာမတို့မှ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊

- မမှန်သောစကား ပြောခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊
- မူးယစ်မေ့လျော့ကြောင်းဖြစ်သော သေရည် သောက်ခြင်းမှ ရှောင်ကြဉ်သူတို့ မဟုတ်ကုန်၊
- သီလမဲ့ကုန် ယုတ်မာသောသဘောရှိကုန်၏။

ထိုအမိအဖတို့၏သားသည်ကား-

- ရတနာသုံးပါးကိုလည်း ကိုးကွယ်ဆည်းကပ်၏။
- သူ့အသက်သတ်ခြင်းစသော ငါးပါးသီလတို့မှ ရှောင်ကြဉ်၏။
- သီလရှိ၏၊ ကောင်းသောသဘောရှိ၏၊

ထိုသားသည် အတိဇာတသားဖြစ်သည်။

အနုဇာတသားဟူသည်-

- ဤလောက၌ သား၏အမိအဖတို့သည်
- ဘုရား,တရား,သံဃာကို ကိုးကွယ်ဆည်းကပ်ကြသူ ဖြစ်ကြကုန်၏။
- သူ့အသက်သတ်ခြင်းစသော ငါးပါးသီလကို ရှောင်ကြဉ်ကြသူဖြစ်ကြကုန်၏။
- သီလရှိ၏၊ ကောင်းသောသဘောရှိ၏။

ထိုအမိအဖတို့၏သားသည် အလားတူ-

- ရတနာသုံးပါးကိုးကွယ်ဆည်းကပ်၏၊

- သူ့အသက်သတ်ခြင်းစသော ငါးပါးသီလကို ရှောင်ကြဉ်၏။
- သီလရှိ၏၊ ကောင်းသောသဘောရှိ၏။

ထိုသားသည် အနုဇာတသားဖြစ်ပါ၏။

အဝဇာတသားဟူသည်-

- ဤလောက၌ သား၏အမိအဖတို့သည်
- ဘုရား,တရား,သံဃာကို ကိုးကွယ်ဆည်းကပ်သူ ဖြစ်၏။
- သူ့အသက်သတ်ခြင်းစသော ငါးပါးသီလကို ရှောင်ကြဉ်ကြသူများဖြစ်၏။
- သီလရှိ၍ ကောင်းသောသဘောရှိ၏။
- ထိုအမိအဖတို့၏သားသည် ထိုကဲ့သို့သဘောမရှိ
- သီလမဲ့၏၊ ယုတ်မာသောသဘောရှိ၏။

ထိုသားသည် အဝဇာတသားဖြစ်ပါသည်။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''ပညာရှိတို့သည် အမိအဖထက်ဂုဏ်လွန်သော အတိဇာတသားနှင့် အမိအဖတို့နှင့် ဂုဏ်တူသော အနုဇာတ သားကို အလိုရှိကုန်၏။

- အကြင်သားသည် အမျိုးအနွယ်ကိုဖြတ်၏။

- အမိအဖတို့အောက် ဂုဏ်ယုတ်သော ထိုအဝဇာတ သားကို အလိုမရှိကုန်။

ဤသုံးယောက်သော သားတို့သည် လောက၌ ထင်ရှား ရှိကုန်၏။

အကြင်သားတို့သည်-

- ရတနာသုံးပါးကိုဆည်းကပ်ကုန်၏။
- သဒ္ဓါသီလနှင့်ပြည့်စုံကုန်၏။
- တောင်းဆိုသူတို့၏ စကားကို သိကုန်၏။
- ဝန်တိုခြင်းကင်းကုန်၏။

ထိုသားတို့သည် တိမ်တိုက်မှ လွတ်သော လ,သည် တင့်တယ်သကဲ့သို့ ပရိသတ်အလယ်၌ တင့်တယ်ကုန်၏" ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါ၏။

## ၆။ မိုးရွာ,မရွာတူမှု(အဝုဋ္ဌိက)

ဗုဒ္ဓသည်-

"ရဟန်းတို့...ဤပုဂ္ဂိုလ်သုံးယောက်သည် လောက၌ ထင်ရှားရှိကုန်၏။

- မရွာသောမိုးနှင့်တူသောလူပုဂ္ဂိုလ်
- တစ်စိတ်တစ်ဒေသ၌ ရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ်

- အရပ်အားလုံးကို ပြန့်နှံ့၍ရှာသောမိုးနှင့်တူသော ပုဂ္ဂိုလ်

မရွာသောမိုးနှင့်တူသော ပုဂ္ဂိုလ်ဟူသည်-

- ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အလုံးစုံ သာလျှင် ဖြစ်ကုန်သော သာမဏ, ဗြာဟ္မဏ, အထီးကျန်သူ,ညှော်သည်,သူပုန်းစား, သူတောင်းစား တို့အား ထမင်းအဖျော်ကိုလည်းကောင်း၊ အဝတ် ကိုလည်းကောင်း၊ ယာဉ်ကိုလည်းကောင်း၊ ပန်း နံ့သာ နံ့သာပျောင်း, အိပ်ရာနေရာ, ဆီမီးကို လည်းကောင်း ပေးလှူတတ်သူ မဟုတ်ကုန်။ ဤသူသည် မရွာသောမိုးနှင့်တူသောပုဂ္ဂိုလ် ဖြစ်၏။''

တစ်စိတ်တစ်ဒေသ၌ ရွာသောမိုးနှင့်တူသူဟူသည်-

- ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အဆိုပါ ဝတ္ထုတို့ကို ပေးလှူတတ်သူဖြစ်၍ အချို့ကား ပေးလှူတတ်သူမဟုတ်၊ ဤသူသည် တစ်စိတ် တစ်ဒေသ၌ ရွာသောမိုးနှင့်တူသောပုဂ္ဂိုလ်ဖြစ်၏။

အရပ်အားလုံး ပျံ့နှံ့၍ရွာသော မိုးနှင့်တူသော ပုဂ္ဂိုလ် ဟူသည်-

- ဤလောက၌ အချို့သောပုဂ္ဂိုလ်သည် အလုံးစုံ သာလျှင်ဖြစ်သော သမဏ,ဗြာဟ္မဏတို့ကို ထို အရာဝတ္ထုအားလုံးတို့ကို ပေးလှူတတ်၏။

ဤသူသည် အရပ်ဒေသအားလုံးကို ပျံ့နှံ့၍ရှာသော မိုးနှင့်တူသော ပုဂ္ဂိုလ်ဖြစ်၏''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''အကြင်သူသည် ထမင်း,အဖျော်,ဘောဇဉ်ကို ရ၍ သမဏ,ဗြာဟ္မဏ, အထီးကျန်သူ, ဧည့်သည်, သူပုန်းစား, သူတောင်းစားတို့ကို ထမင်း,အဖျော်ကို လည်းကောင်း၊ ဘောဇဉ်ကို လည်းကောင်း ရသည်ဖြစ်လျက် မဝေဖန်၊ စင်စစ် ထိုသို့သဘောရှိသော ထိုယောက်ျားယုတ်ကို မရွာသော မိုးနှင့် တူသူဟု ဆိုကုန်၏။

အကြင်သူသည် အလှူခံအချို့တို့အား ပေးလှူ၏။ အလှူခံ အချို့တို့အား မပေးလှူ၊ ထိုသို့ သဘောရှိသောသူကို ပညာရှိတို့သည် ကွက်ကျားရွာသောမိုးနှင့်တူသူဟု ဆိုကုန်၏။

ထင်းရလွယ်သည့် စကားကို ပြောတတ်သော အလုံးစုံသောသတ္တဝါတို့ကို သနားစောင့်ရှောက်တတ်သော ယောက်ျားသည် နှစ်သက် ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ဖြန့်ကြဲပေးလှူတတ်၏၊ ပေးလိုက်ကြပါကုန်၊ ပေးလိုက်ကြပါကုန်ဟု ဆိုတတ်၏။

မိုးသည် ထစ်ချုန်းမြည်ဟည်း၍ ရွာပြီးလျှင် ရေဖြင့် စီးလျက်သာလျှင် ကြည်းကုန်းကိုလည်းကောင်း၊ ချိုင့်ဝှမ်းကို လည်းကောင်း ပြည့်စေသကဲ့သို့ အလားတူသာလျှင်

ဤလောက၌ ထိုသို့သဘောရှိသော အချို့သောပုဂ္ဂိုလ်သည် တရားသဖြင့် စုဆောင်း၍ ထကြွလုံ့လမှုကြောင့်ရသော ဥစ္စာကို ရှေ့မှောက်ရောက်လာကုန်သော သူပုန်းစားတို့အား ထမင်းအဖျော်ဖြင့် ရောင့်ရဲစေ၏။”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## ၇။ ချမ်းသာဆုတောင်းမှု(သုခပတ္ထနာ)

ဗုဒ္ဓသည်

“ရဟန်းတို့...

- ကျော်စောသတင်း ချီးမွမ်းခြင်းသည် ငါ့ထံရောက်ပါစေဟု၊
- စည်းစိမ်ချမ်းသာတို့သည် ငါ့အားဖြစ်ပေါ်ပါစေကုန်သတည်းဟု၊
- သေပြီးနောက် နတ်ပြည်လောကသို့ ဖြစ်ရလိမ့်မည်ဟု၊

အလိုရှိသောပညာရှိသည် သီလကိုစောင့်ရှောက်ရာ၏”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

“-ချီးမွမ်းခြင်းကိုလည်းကောင်း၊

- စည်းစိမ်ဥစ္စာရခြင်းကိုလည်းကောင်း၊
- နတ်ပြည်သို့ ဝမ်းမြောက်ဝမ်းသာ လားရောက်ရခြင်းကိုလည်းကောင်း၊

ဤချမ်းသာသုံးပါးကို တောင့်တသော ပညာရှိသည် သီလကို စောင့်ရှောက်ရာ၏။

- မကောင်းမှုကို မိမိမပြုသော်လည်း မကောင်းမှုပြုသူကို မှီဝဲဆည်းကပ်မှု၊ မကောင်းမှု၌ ပြုလေသလော မပြုလေသလောဟု တွေးတောယုံမှားခံရ၏။
- မကောင်းသတင်းကျော်စောခြင်းသည်လည်း ထိုသူအပေါ်သို့ ကျရောက်၏။
- အကြင်သူသည် အကြင် ကောင်း,မကောင်း သဘောရှိသောသူကို အဆွေခင်ပွန်းပြု၍ မှီဝဲဆည်းကပ်၏။
- ထိုသူသည် ထိုကောင်း,မကောင်းရှိသူသာ ဖြစ်၏။ မှန်၏၊ အတူတကွ ပေါင်းဖော်နေသူသည် ထိုအတူတကွ နေထိုင်သူနှင့်တူသော သဘောရှိသည်သာ ဖြစ်၏။
- အဆိပ်လူးမြားသည် အဆိပ်မလိမ်းကျံသေးသော မြားစည်းကို မိမိအဆိပ်ဖြင့် လိမ်းကျံကူးစက်စေသကဲ့သို့ မှီဝဲဆည်းကပ်ခံရသူ သူယုတ်မာသည်

မိမိသို့ မှီဝဲဆည်းကပ်လာသူ သူတော်ကောင်းကို မိမိ၏ယုတ်မာမှုဖြင့် လိမ်းကျံကူးစက်၏။

- အတူတကွ ပေါင်းသင်းဆက်ဆံလက်ခံသူ သူယုတ်မာသည် မိမိသို့ ပေါင်းသင်းဆက်ဆံလာသူ သူတော်ကောင်းကို မိမိယုတ်မာမှုဖြင့် လိမ်းကျံကူးစက်၏။
- ပညာရှိသည် ဤသို့ ယုတ်မာမှုဖြင့် လိမ်းကျံကူးစက်ခြင်းမှ ကြောက်သောကြောင့် ယုတ်မာသော အဆွေခင်ပွန်းရှိသူ မဖြစ်ရာ၊
- အကြင်သူသည် ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်၏။ ထိုသူသည် သမန်းမြက်တို့သည်လည်း အပုပ်နံ့ လှိုင်ကုန်သကဲ့သို့ သူမိုက်ကို မှီဝဲသူတို့သည် ဤအတူ အပုပ်နံ့လှိုင်ကုန်၏။
- အကြင်သူသည် ပေါက်ရွက်ဖြင့် တောင်ဇလပ်ပန်းကို ထုပ်၏။ ထိုသူ၏ ပေါက်ရွက်တို့သည်လည်း အမွှေးနံ့လှိုင်သကဲ့သို့ ပညာရှိကို မှီဝဲသူသည် ဤအတူ အမွှေးနံ့ လှိုင်ကုန်၏။
- ထို့ကြောင့် ဖက်ရွက်ထုပ်ကဲ့သို့ မိမိကောင်းကျိုးမကောင်းကျိုးကိုသိ၍ ပညာရှိသည် သူယုတ်မာတို့ကို မမှီဝဲရာ သူတော်ကောင်းတို့ကိုသာ မှီဝဲရာ၏။

- သူယုတ်မာတို့သည် ငရဲသို့ ဆောင်တတ်ကုန်၏။
- သူတော်ကောင်းတို့သည် နတ်ပြည်သို့ ရောက်စေတတ်ကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၈။ ကွဲပြိုပျက်မှု(တိဒုရ)

ဗုဒ္ဓသည်-

"ရဟန်းတို့...

- ဤခန္ဓာကိုယ်သည် ကွဲပြိုခြင်းသဘော ရှိ၏။
- ဝိညာဏ်သည် ကင်းပြတ်ခြင်းသဘောရှိ၏။
- ခန္ဓာကိလေသ အဘိသင်္ခါရ ကာမဂုဏ် ဟူသော ဥပဓိ=(ခန္ဓာငါးပါးသည်-ခန္ဓုပဓိ)
- ကိလေသာဟူသမျှသည် - ကိလေသုပဓိ
- ကုသိုလ်ကံအကုသိုလ်ကံသည်- အဘိသင်္ခါရုပဓိ
- ကာမဂုဏ်ငါးပါးသည် - ကာမဂုဏုပဓိ)

အားလုံးတို့သည် အမြဲမရှိကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘောရှိကုန်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"ကွဲခြင်းသဘောရှိသော ခန္ဓာကိုယ်ကိုလည်းကောင်း၊ ကင်းပြတ်ခြင်းသဘောရှိသော ဝိညာဏ်ကိုလည်းကောင်းသိ၍ ဥပဓိအားလုံးတို့၌ ဘေးကိုလည်းတွေ့မြင်လျက် ပွားများပြီးသော ကိုယ်စိတ်ရှိသူသည် မြတ်သော ငြိမ်းအေးရာနိဗ္ဗာန်သို့ရောက်၍ ပဋိသန္ဓေနေခြင်း၊ သေခြင်းလွန်မြောက်ပြီး ဖြစ်ရကား မိမိအသက်ကို မနှစ်သက်ဘဲ ပရိနိဗ္ဗာန်ပြုရမည့်ကာလကို ကြည့်ရှုဆိုင်းငံ့၏"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၉။ သဘာဝနှီးနှောမှု(ဓာတုသော်သန္ဒန)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- အတိတ်ကာလ၌လည်း သတ္တဝါတို့သည် သတ္တဝါတို့နှင့်အတူတကွ အရှျာသယဓာတ်အားဖြင့် နှီးနှောကြ၊ ညီညွတ်ခဲ့ဘူးကြကုန်၏။
- ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ယုတ်သောနှလုံးသွင်းရှိသော သတ္တဝါတို့နှင့် အတူတကွ နှီးနှောကြ ညီညွတ်ခဲ့ကြဘူးကုန်၏။

- ကောင်းသောနှလုံးသွင်းရှိသော သတ္တဝါတို့သည် ကောင်းသောနှလုံးသွင်းရှိသော သတ္တဝါတို့နှင့် အတူတကွ နှီးနှောကြ၊ ညီညွတ်ခဲ့ကြဘူးကုန်၏။

ရဟန်းတို့···

- အနာဂတ်ကာလ၌လည်း···နှီးနှော ညီညွတ်ကြကုန်လတ့်။
- ပစ္စုပ္ပန်ကာလ၌လည်း···နှီးနှော ညီညွတ်ကြကုန်၏"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"-ရောနှောခြင်းကြောင့် ကိလေသာဖြစ်၏။
-မရောနှောခြင်းကြောင့် ကိလေသာပျက်စီး၏။

သေးငယ်သောသစ်ဖောင်ကို တက်စီး၍ မဟာသမုဒ္ဒရာ၌ နစ်မြုပ်ရသကဲ့သို့ ဤအတူ ပျင်းရိသူကို အကြောင်းပြု၍ ကောင်းသောအသက်မွေးခြင်းရှိသောသူသည်လည်း သံသရာ၌ နစ်မြုပ်ရ၏။

ထို့ကြောင့် ယုတ်လျော့သော ဝီရိယရှိသော ထိုပျင်းရိသူကို ရှောင်ကြဉ်ရာ၏။

- ကာယဝိဝေက စသည်ဖြင့် ကင်းဆိတ်ကြသူ
- နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြသူ
- သမထ,ဝိပဿနာဖြင့် ရှုလေ့ရှိကြသူ

- အမြဲထက်သန်သော လုံ့လရှိသူ
- အရိယာပညာရှိတို့နှင့် အတူတကွ နေထိုင်မှီဝဲရာ၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၁၀။ ကျင့်ဆဲပုဂ္ဂိုလ်များအတွက် ဆုတ်ယုတ်မှု (ပရိဟာန)

ဗုဒ္ဓသည်-

''ရဟန်းတို့...ဤသာသနာတော်၌-

- ကျင့်ဆဲ(သေက္ခ)ရဟန်းသည် အမှုကိစ္စလျှင် မွေ့လျော်ရာရှိသူဖြစ်၏။ အမှုကိစ္စ၌ မွေ့လျော်သူဖြစ်၏။ အမှုကိစ္စ၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏။
- စကားပြောခြင်းလျှင် မွေ့လျော်ရာရှိသူဖြစ်၏။ စကားပြောခြင်း၌ မွေ့လျော်တတ်သူဖြစ်၏။ စကားပြောခြင်း၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏။
- အိပ်ခြင်းလျှင် မွေ့လျော်ရာရှိသူဖြစ်၏၊ အိပ်ခြင်း၌ မွေ့လျော်သူဖြစ်၏။ အိပ်ခြင်း၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏။

ဤတရားသုံးပါးတို့သည် ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ်အား မတိုးတက် မကြီးပွားရန်သာဖြစ်၏။

ထိုမှအပြန် -

- အမှုကိစ္စများ၌ မမွေ့လျော်သူ
- စကားပြောခြင်း စသည်၌ မမွေ့လျော်သူ
- အိပ်ခြင်း၌ မမွေ့လျော်သူ

ဤတရားသုံးပါးသည် ကျင့်ဆဲပုဂ္ဂိုလ်အား မဆုတ်ယုတ်ခြင်းငှာဖြစ်၏။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

''အကြင်ရဟန်းသည် -

- အမှုကိစ္စ၌ မွေ့လျော်ရာရှိ၏။
- စကားပြောခြင်း၌ မွေ့လျော်ရာရှိ၏။
- တုန်လှုပ်ပျံ့လွင့်တတ်၏။

ထိုသို့သဘောရှိသောရဟန်းသည် မြတ်သောအရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာမထိုက်။ ထို့ကြောင့်ပင် အမှုကိစ္စနည်းသူ၊ စကားပြောနည်းသူ၊ အိပ်ခြင်းနည်းသူ၊ မပျံ့လွင့်သူ ဖြစ်ရာ၏။ ထိုသို့သဘောရှိသော ရဟန်းသည် အရဟတ္တဖိုလ်ရောက်ခြင်းငှာ ထိုက်၏''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

- အမြဲထက်သန်သော လုံ့လရှိသူ
- အရိယာပညာရှိတို့နှင့် အတူတကွ နေထိုင်မှီဝဲရာ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၁၀။ ကျင့်ဆဲပုဂ္ဂိုလ်များအတွက် ဆုတ်ယုတ်မှု (ပရိဟာန)

ဗုဒ္ဓသည်-

"ရဟန်းတို့...ဤသာသနာတော်၌-

- ကျင့်ဆဲ(သေက္ခ)ရဟန်းသည် အမှုကိစ္စလျှင် မွေ့လျော်ရာရှိသူဖြစ်၏။ အမှုကိစ္စ၌ မွေ့လျော်သူဖြစ်၏။ အမှုကိစ္စ၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏။
- စကားပြောခြင်းလျှင် မွေ့လျော်ရာရှိသူဖြစ်၏။ စကားပြောခြင်း၌ မွေ့လျော်တတ်သူဖြစ်၏။ စကားပြောခြင်း၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏။
- အိပ်ခြင်းလျှင် မွေ့လျော်ရာရှိသူဖြစ်၏၊ အိပ်ခြင်း၌ မွေ့လျော်သူဖြစ်၏။ အိပ်ခြင်း၌ မွေ့လျော်မှုကို အားထုတ်သူဖြစ်၏။

ဤတရားသုံးပါးတို့သည် ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ်အား မတိုးတက် မကြီးပွားရန်သာဖြစ်၏။

ထိုမှအပြန် -

- အမှုကိစ္စများ၌ မမွေ့လျော်သူ
- စကားပြောခြင်း စသည်၌ မမွေ့လျော်သူ
- အိပ်ခြင်း၌ မမွေ့လျော်သူ

ဤတရားသုံးပါးသည် ကျင့်ဆဲပုဂ္ဂိုလ်အား မဆုတ်ယုတ်ခြင်းငှာဖြစ်၏။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

''အကြင်ရဟန်းသည် -

- အမှုကိစ္စ၌ မွေ့လျော်ရာရှိ၏။
- စကားပြောခြင်း၌ မွေ့လျော်ရာရှိ၏။
- တုန်လှုပ်ပျံ့လွင့်တတ်၏။

ထိုသို့သဘောရှိသောရဟန်းသည် မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာမထိုက်။ ထို့ကြောင့်ပင် အမှုကိစ္စနည်းသူ၊ စကားပြောနည်းသူ၊ အိပ်ခြင်းနည်းသူ၊ မပျံ့လွင့်သူ ဖြစ်ရာ၏။ ထိုသို့သဘောရှိသော ရဟန်းသည် အရဟတ္တဖိုလ်ရောက်ခြင်းငှာ ထိုက်၏''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါ၏။

## (ဃ) စတုတ္ထအစု

### ၁။ ကြံစည်မှုများ(ဝိတက္က)

ဗုဒ္ဓသည်-

"ရဟန်းတို့...အကုသိုလ်နှင့်စပ်ယှဉ်သော ကြံစည်မှုတို့သည်-

- သူတစ်ပါးတို့က မထေမဲ့မြင် မပြုခြင်းနှင့် စပ်ယှက်သော ကြံစည်မှု၊
- လာဘ်ပူဇော်သက္ကာရ အကျော်အစောနှင့်စပ်ယှဉ်သော ကြံစည်မှု၊
- သူတစ်ပါးချစ်ခင်မှု(ဂေဟဿိတပေမ)နှင့် စပ်ယှဉ်သော ကြံစည်မှု

ဟူ၍(၃)ပါးတို့တည်း"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"သူတစ်ပါးတို့က မထေမဲ့မြင်ပြုခြင်းနှင့်စပ်ယှဉ်သူ၊

လာဘ်ပူဇော်သက္ကာရ အကျော်အစော၌ လေးစားသူ၊ ချစ်ကျွမ်းဝင်သူတို့နှင့်တကွ ဂေဟဿိတပေမဖြင့် နှစ်သက်ဝမ်းမြောက်လေ့ရှိသူသည် သံယောဇဉ်ကုန်ခမ်းရန် ဝေးကွာ၏။

အကြင်သူသည်ကား-

- သား၊သမီး၊ ကျွဲ၊နွားကိုလည်းကောင်း၊

- ထိမ်းမြားခြင်းအမှုတို့ကိုလည်းကောင်း၊
- ပစ္စည်းသိမ်းဆည်းမှုတို့ကိုလည်းကောင်း၊

ပယ်စွန့်၍ ရဟန်းပြု၏။ ထိုသို့သဘောရှိသော ရဟန်းသည် မြတ်သော အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာထိုက်၏'' ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၂။ ပူဇော်အရိုအသေပြုမှု(သက္ကာရ)

ဗုဒ္ဓသည်-

''ရဟန်းတို့...

- ပူဇော်သက္ကာရမှုဖြင့် နှိပ်စက်အပ်ကုန် သိမ်းကျုံးယူအပ်သော စိတ်ရှိကုန်သော သတ္တဝါတို့ ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏။
- ပူဇော်သက္ကာရမပြုမှုဖြင့် နှိပ်စက်အပ်၊ သိမ်းကျုံးယူအပ်သော စိတ်ရှိကုန်သောသတ္တဝါကို ခန္ဓာကိုယ်ပျက်စီး၍ သေသည်နောက်၌ မကောင်းသောလားရာ ပျက်စီးရာကျရောက်ရာဖြစ်သော

ငရဲသို့ကပ်ရောက်ကြရသည်တို့ကို ငါဘုရား မြင်တော်မူ၏။

- ပူဇော်သက္ကာရပြုမှု၊မပြုမှု ဟူသော နှစ်ပါးစုံဖြင့် နှိပ်စက်အပ်ကုန်၊ သိမ်းကျုံးယူအပ်သောစိတ်ရှိကုန်သောသတ္တဝါတို့ ခန္ဓာကိုယ်ပျက်စီး၍ သေသည်နောက်၌ မကောင်းသောလားရာ ပျက်စီးကျရောက်ရာဖြစ်သော ငရဲသို့ ကပ်ရောက်ကြရသည်ကို ငါဘုရားမြင်တော်မူ၏။

ရဟန်းတို့…

- ထိုအခြင်းအရာကို အခြားတပါးသော သမဏ၊ ဗြာဟ္မဏထံမှလည်းကောင်း ကြား၍ ဟောတော်မူသည်မဟုတ်။ စင်စစ် ငါဘုရားသည် ကိုယ်တိုင်သိ၊ ကိုယ်တိုင်မြင်၊ ကိုယ်တိုင် ထင်ရှားသော အခြင်းအရာကိုသာလျှင် ဟောတော်မူ၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"-ပူဇော်သက္ကာရပြုမှုကြောင့်လည်းကောင်း၊

-ပူဇော်သက္ကာရ မပြုမှုကြောင့်လည်းကောင်း၊

-နှစ်ပါးစုံကြောင့်လည်းကောင်း

ပူဇော်သက္ကာရအပြုခံရသော မမေ့မလျော့နေလေ့ရှိသော အကြင်ပုဂ္ဂိုလ်၏ သမာဓိသည် မတုန်မလှုပ်။

သိမ်မွေ့သော ပညာဖြင့် ရှုလေ့ရှိသော အမြဲမပြတ် သမထ ဝိပဿနာဖြင့် ရှုလေ့ရှိသော ဥပါဒါန်တို့ကုန်ရာ၊ အရဟတ္တဖိုလ်လျှင် မွေ့လျော်ရာရှိသော ထိုပုဂ္ဂိုလ်ကို သူတော်ကောင်းဟု ဆိုကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၃။ နတ်တို့အချင်းချင်း ပြောဆိုသံ(ဒေဝသဒ္ဒ)

ဗုဒ္ဓသည်-

"ရဟန်းတို့...

- အကြင်အခါ၌ အရိယာတပည့်သည် ဆံမုတ်ဆိတ်ကိုပယ်၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ပြီးလျှင် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက် ရဟန်းပြုရန် ကြိုးစားအားထုတ်၏။ ထိုအခါ ဤအရိယာတပည့်သည် မာရ်နှင့်ယှဉ်ပြိုင်၍ စစ်တိုက်ရန် ကြိုးစားအားထုတ်၏"

ဟု နတ်ပြည်တို့၌ နတ်အချင်းချင်း ပြောဆိုသံသည် ဖြစ်ပေါ်လာ၏။

ဤကား ပထမဖြစ်သော နတ်တို့၏ အချင်းချင်း ပြောဆိုသံ ဖြစ်၏။

- အကြင်အခါ၌ အရိယာတပည့်သည် အာသဝေါ တရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ ကင်း သောကိလေသာမှလွတ်မြောက်၍ အရဟတ္တဖိုလ် နှင့်ကိလေသာမှလွတ်မြောက်မှု အရဟတ္တဖိုလ် ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ဟူသော ဉာဏ် ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်လျက်နေ၏။

ထိုအခါ -

- အရိယာတပည့်သည် အောင်အပ်ပြီးသော စစ်မြေ ပြင်ရှိ၍ ထိုစစ်မြေဦးကိုပင် အောင်နိုင်ကာ လွှမ်းမိုးလျက် နေ၏။

ဟု နတ်ပြည်၌ နတ်တို့ အချင်းချင်း ပြောဆိုသံသည် ဖြစ်ပေါ်လာ၏။

ဤကား တတိယဖြစ်သော နတ်တို့၏ အချင်းချင်း ပြောဆိုသံဖြစ်သည်။

ရဟန်းတို့...နတ်ပြည်တို့၌ အချိန်ကာလတစ်ခုမှ အချိန်ကာလတစ်ခုကို အကြောင်းပြု၍ ဤသုံးပါးသောနတ်တို့ အချင်းချင်း ပြောဆိုသံတို့သည် ဖြစ်ပေါ်လာကုန်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"အောင်အပ်ပြီးသော စစ်မြေပြင်ရှိသော သီလ စသော ဂုဏ်အားဖြင့် ကြီးမြတ်သော ကြောက်ရွံ့ခြင်းကင်းသော ဗုဒ္ဓ၏ တပည့်သားကို တွေ့မြင်ကြရကုန်၍ နတ်တို့သည်လည်း ရှိခိုးကုန်၏။

ယောက်ျားအာဇာနည်ဖြစ်သော အရှင်ဘုရား… အရှင်ဘုရားသည် တားမြစ်ခြင်းငှာ ခဲယဉ်းလှစွာသော သေမင်း၏ စစ်သည်ကို အရဟတ္တမဂ်ဖြင့် အောင်နိုင်သော ကြောင့် လူများစွာတို့၏ အောင်နိုင်သည်ကို ဟောတော်မူပေပြီ။ ထိုအရှင် ဘုရားအား ရှိခိုးပါ၏။

အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီးသော ဤရဟန္တာ ပုဂ္ဂိုလ်ကို နတ်တို့သည် ဤသို့ ရှိခိုးကြကုန်၏။

အကြင်အကြောင်းကြောင့် ယောက်ျားအာဇာနည်သည် သေမင်း၏ အလိုသို့ လိုက်နာရ၏။ ထိုယောက်ျားအာဇာနည်၏ သေမင်းအလိုသို့ လိုက်နာရမည့် ထိုအကြောင်းကို နတ်တို့သော်မှလည်း မမြင်နိုင်ကြကုန်"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၄။ နတ်သက်ကြွေကြိုတင်နိမိတ်ငါးမျိုး(ပဥ္စပုဗ္ဗနိမိတ္တ)

ဗုဒ္ဓသည်-

"ရဟန်းတို့…နတ်တို့သည် နတ်ပြည်မှ စုတေချိန် နီးသောအခါ ထိုနတ်သားအား-

- ဖန်ဆင်းသော ပန်းတို့ ညှိုးနွမ်းကုန်၏၊
- အဝတ်တန်ဆာတို့ ညစ်နွမ်းကုန်၏၊
- လက်ကတီး(ချိုင်း)ကြားတို့မှ ချွေးထွက်ကုန်၏၊
- ကိုယ်၌ အရေအဆင်းမလှခြင်းသို့ ရောက်ရ၏၊
- နတ်သားသည် မိမိနေရာ နတ်ပိမာန်၌ မမွေ့လျော်

ဟူသော ဤပုဗ္ဗနိမိတ်ငါးမျိုးတို့သည် ထင်ရှား ဖြစ်ပေါ် လာကုန်၏။ ထိုနတ်သားကို နတ်တို့သည် ဤ နတ်သားကား စုတေချိန် နီး၏ဟု သိကြ၍-

'အရှင်…ဤနတ်ဘုံမှ သုဂတိဘဝသို့ သွားပါလော့၊ သုဂတိဘဝသို့သွားပြီးလျှင် ကောင်းစွာရနိုင်သော လာဘ်ကို ယူပါလော့၊ ကောင်းစွာရနိုင်သောလာဘ်ကိုယူပြီး၍ ကောင်းစွာ မတုန်မလှုပ် သက်ဝင်၍တည်သူ ဖြစ်ပါလော့'

ဟု စကားသုံးခွန်းတို့ဖြင့် ဝမ်းမြောက်စေကြကုန်၏ဟု ဗုဒ္ဓက ဟောတော်မူသည်ရှိသော် ရဟန်းတစ်ပါးက ဗုဒ္ဓအား -

- အရှင်ဘုရား…နတ်တို့၏ သုဂတိဘဝသို့သွားခြင်း ဟု ချီးမွမ်းပြောဆိုသည် အဘယ်ပါနည်း။

- နတ်တို့၏ ကောင်းစွာရနိုင်သော လာဘ်ဟု ပြောဆိုချီးမွမ်းခြင်းသည်အဘယ်ပါနည်း။
- နတ်တို့ မတုန်မလှုပ် သက်ဝင်၍ တည်ကြည်ခြင်းဟု ချီးမွမ်းပြောဆိုခြင်းသည် အဘယ်ပါနည်း။

ဟု မေးလျှောက်သည်။

"ရဟန်း…နတ်တို့၏ သဂတိဘဝသို့သွားခြင်းဟု ပြောဆိုချီးမွမ်းခြင်းသည် လူအဖြစ်ပင်တည်း၊ နတ်သည် လူဖြစ်သည်ရှိသော် ဗုဒ္ဓဟောကြားအပ်သော ဓမ္မ-ဝိနယသာသနာတော်၌ ယုံကြည်မှု(သဒ္ဓါ)ကို ရ၏။"

"ရဟန်း… နတ်တို့၏ ကောင်းစွာရနိုင်သော လာဘ်ကိုရခြင်းဟု ဆိုခြင်းသည် ယုံကြည်မှု(သဒ္ဓါ)ကို ရခြင်းပင်တည်း။ ထိုယုံကြည်မှု(သဒ္ဓါ)သည် ထိုနတ်သား၏ စိတ်အစဉ်သို့ သက်ဝင်၏။ အမြစ်အရင်းဖြစ်၏။ မတုန်မလှုပ် သက်ဝင်၍ တည်၏။ မြဲမြံ၏။ သမဏသော်လည်းကောင်း၊ ဗြာဟ္မဏသော်လည်းကောင်း၊ နတ်သော်လည်းကောင်း၊ မာရ်နတ်သော်လည်းကောင်း၊ ဗြဟ္မာသော်လည်းကောင်း၊ လောက၌တစ်စုံတစ်ယောက်သောသူသော်လည်းကောင်း မပယ်ရှားနိုင်၊ ရဟန်းနတ်တို့၏ ကောင်းစွာ မတုန်မလှုပ်သက်ဝင်၍ တည်ခြင်းဟု ဆိုခြင်းသည် မပယ်ရှားနိုင်သော ယုံကြည်မှု(သဒ္ဓါ)ပင်တည်း" ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်အခါ၌ နတ်သည် အသက်တမ်း ကုန်ခြင်းကြောင့် နတ်ပြည်မှ စုတေ၏။ ထိုအခါ ဝမ်းမြောက်စေသော နတ်တို့၏ သုံးမျိုးသော မှာကြားသံသည် ဖြစ်ပေါ်လာကုန်၏။

အရှင်...ဤနတ်ဘုံမှ သုဂတိဘဝဖြစ်သော လူတို့၏ အသင်းဝင်အဖြစ်သို့ သွားပါလေလော့၊ လူဖြစ်သောသင်သည် သူတော်ကောင်းတရား၌ အတုမရှိမြတ်သော ယုံကြည်မှု (သဒ္ဓါ) ကို ရယူပါလော။

သင်၏ ထိုယုံကြည်မှုတရားသည် အမြဲ စိတ်အစဉ်သို့ သက်ဝင်၍ အမြစ်အရင်းဖြစ်ကာ မတုန်မလှုပ်ကောင်းစွာ တည်ပြီးလျှင် ကောင်းစွာဟောကြားအပ်သော သူတော်ကောင်း တရားဟူသော သာသနာတော်၌ အသက်ထက်ဆုံး တစ်စုံ တစ်ယောက်ကမျှ မဖယ်ရှားနိုင်သော သဒ္ဓါတရားဖြစ်ပါစေ။

ကာယဒုစရိုက်ကိုလည်းကောင်း၊ ဝစီဒုစရိုက်ကို လည်းကောင်း၊ မနောဒုစရိုက်ကိုလည်းကောင်း ပယ်စွန့်၍ အခြားတစ်ပါးသော ဒေါသနှင့်ယှဉ်သော အမှုကိုလည်း ပယ်စွန့် ပြီးလျှင် အတိုင်းအရှည်ပမာဏမရှိသော ကိလေသာ ကင်းစင် သော ကုသိုလ်ကို ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်း ကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ အကြိမ်ကြိမ်များစွာပြု၍ ထို နတ်ပြည်လောက၌ ပေးကမ်းလှူဒါန်းခြင်းဖြင့် ခန္ဓာကိုယ်

ဥပမိ၏ တင့်တယ်ပြည့်စုံကြောင်းဖြစ်သော ထိုကောင်းမှုကို အကြိမ်များစွာပြု၍ တစ်ပါးသော အပေါင်းအဖော်တို့ကိုလည်း သူတော်ကောင်းတရားတည်းဟူသော မြတ်သောအကျင့်၌ သက်ဝင်စေပါလော့။''

အကြင်အခါ၌ နတ်တို့သည် စုတေမည့်နတ်ကို သိကြကုန်၏။ ထိုအခါ ဤသနားစောင့်ရှောက်မှုဖြင့်-

''အချင်းနတ်သား... ဤနတ်ပြည်သို့ အဖန်ဖန်လာလှည့်ပါ''ဟု ဝမ်းမြောက်ကုန်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၅။ လူသားတို့၏အကျိုး(ဗဟုဇနဟိတ)

ဗုဒ္ဓသည်-

''ရဟန်းတို့...ဤပုဂ္ဂိုလ်သုံးယောက်သည် လောက၌

- ပူဇော်အထူးကို ခံတော်မူထိုက်သော
- အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိသော
- အသိဉာဏ် အကျင့်နှင့်ပြည့်စုံသော
- ကောင်းသောစကားကို ဆိုတော်မူသော
- လောကကို သိတော်မူသော

- ဆုံးမထိုက်သူကို ဆုံးမတတ်သည်၊ အတုမဲ့ ပုဂ္ဂိုလ် ဖြစ်သော
- နတ်လူတို့၏ဆရာဖြစ်တော်မူသော
- သစ္စာလေးပါးကို သိတော်မူသော
- ဘုန်းတန်ခိုးကြီးတော်မူသော

ဗုဒ္ဓသည် ပွင့်တော်မူ၏။

ထိုဗုဒ္ဓသည်-

- အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်း ရှိသော အနက်နှင့်ပြည့်စုံသောသဒ္ဒါနှင့်ပြည့်စုံသောတရားကို ဟောတော်မူ၏။
- အလုံးစုံပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။

ရှေးဦးစွာသော ဤပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော်-

ထို ဗုဒ္ဓ၏ တပည့်သာဝကတို့သည်-

- ပူဇော်အထူးကို ခံထိုက်သူ
- အာသဝေါကုန်ခန်းသူ
- ကျင့်သုံးပြီးသူ
- မဂ်ကိစ္စပြုပြီးသူ
- ခန္ဓာဝန်ကိုချပြီးသူ
- အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ

- ဘဝသံယောဇဉ်ကုန်ခန်းပြီးသူ
- ကောင်းစွာသိ၍ ကိလေသာမှ လွတ်မြောက်ပြီးသူ ဖြစ်၏။

ထိုတပည့်သာဝကသည်-

- အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။

ဤဒုတိယဖြစ်သော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော်-

ဗုဒ္ဓ၏တပည့်သာဝကသည်-

- ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ်ဖြစ်၏။
- မဂ်အကျင့်ဖြင့် အရိယာဇာတ်ရှိသူ
- အကြားအမြင်များသူ
- သီလအကျင့်နှင့်ပြည့်စုံသူ ဖြစ်၏။

ထိုတပည့်သားသာဝကသည်-

- အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းရှိသော အနက်နှင့်ပြည့်စုံသော ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကို ပြတော်မူ၏။

ဤတတိယမြောက်ဖြစ်သော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော်-

ဤပုဂ္ဂိုလ်သုံးဦးဖြစ်ပေါ်သည်ရှိသော်-

- လူအများ အကျိုးငှာ
- လူများ ချမ်းသာခြင်းငှာ
- လောကကို စောင့်ရှောက်ခြင်းငှာ
- နတ်လူတို့၏အကျိုးငှာ
- စီးပွားအလိုငှာ
- ချမ်းသာခြင်းငှာ ဖြစ်ကုန်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"လောက၌ ဂုဏ်ကျေးဇူးကို ရှာမှီးသော ရှေးဦး (ပထမ)ဖြစ်သော ဗုဒ္ဓသည်လည်းကောင်း၊ ထိုဗုဒ္ဓကို အတုလိုက်၍ ကျင့်သော ပွားများအပ်ပြီးသော အရဟတ္တဖိုလ်စိတ်ရှိသော တပည့်သာဝကသည်လည်းကောင်း၊

ထို့ပြင် မဂ်အကျင့်ဖြင့် အရိယာဇာတ်ရှိသော အကြားအမြင်များ၍ သီလနှင့်ပြည့်စုံသော ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ်သည်လည်းကောင်း၊

နတ်လူတို့ထက်မြတ်သော ဤသုံးမျိုးသော ပုဂ္ဂိုလ်တို့သည် ပညာအရောင်ကို ပြုတတ်ကုန်လျက် တရားကို ဟောကြားပြီးလျှင် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်ကြကုန်၏။

ထိုပုဂ္ဂိုလ်တို့သည် များစွာသော လူအပေါင်းကို ယောဂလေးပါးမှ လွတ်မြောက်စေကုန်၏။

အကြင်သူတို့သည် အတုမရှိ မြတ်သော လူ့သည်းမှူး သဖွယ်ဖြစ်တော်မူသော ဗုဒ္ဓ၏ ကောင်းစွာဟောတော်မူအပ်သော အရိယာမဂ်ကို အတုလိုက်၍ ကျင့်ကုန်၏။

အကြင်သူတို့သည် ဗုဒ္ဓသာသနာတော်၌ မမေ့မလျော့ ကြကုန်၊

ထိုသူနှစ်ဦးတို့သည် ဤဘဝ၌ပင် ဆင်းရဲ၏အဆုံးကို ပြုကြကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၆။ ခန္ဓာကိုယ်မတင့်တယ်မှုကိုရှုမှု (အသုဘာနုဿတိ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက်နေကြကုန်သော-

- အာနာပါနဿတိသည်လည်း သင်တို့၏ ကမ္မဋ္ဌာန်း အာရုံ၌ ရှေးရှုတည်ကြစေကုန်လော့၊
- အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟု ရှုလျက် နေကြကုန်လော့၊

ဤတတိယမြောက်ဖြစ်သော ပုဂ္ဂိုလ်သည် လောက၌ ဖြစ်ပေါ်သည်ရှိသော်-

ဤပုဂ္ဂိုလ်သုံးဦးဖြစ်ပေါ်သည်ရှိသော်-

- လူအများ အကျိုးငှာ
- လူများ ချမ်းသာခြင်းငှာ
- လောကကို စောင့်ရှောက်ခြင်းငှာ
- နတ်လူတို့၏အကျိုးငှာ
- စီးပွားအလိုငှာ
- ချမ်းသာခြင်းငှာ ဖြစ်ကုန်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"လောက၌ ဂုဏ်ကျေးဇူးကို ရှာမှီးသော ရှေးဦး (ပထမ)ဖြစ်သော ဗုဒ္ဓသည်လည်းကောင်း၊ ထိုဗုဒ္ဓကို အတု လိုက်၍ ကျင့်သော ပွားများအပ်ပြီးသော အရဟတ္တဖိုလ်စိတ် ရှိသော တပည့်သာဝကသည်လည်းကောင်း၊

ထို့ပြင် မဂ်အကျင့်ဖြင့် အရိယာဇာတ်ရှိသော အကြား အမြင်များ၍ သီလနှင့်ပြည့်စုံသော ကျင့်ဆဲ(သေက္ခ)ပုဂ္ဂိုလ် သည်လည်းကောင်း၊

နတ်လူတို့ထက်မြတ်သော ဤသုံးမျိုးသော ပုဂ္ဂိုလ် တို့သည် ပညာအရောင်ကို ပြုတတ်ကုန်လျက် တရားကို ဟောကြားပြီးလျှင် အမြိုက်နိဗ္ဗာန်တံခါးကို ဖွင့်လှစ်ကြကုန်၏။

ထိုပုဂ္ဂိုလ်တို့သည် များစွာသော လူအပေါင်းကို ယောဂလေးပါးမှ လွတ်မြောက်စေကုန်၏။

အကြင်သူတို့သည် အတုမရှိ မြတ်သော လှည်းမှူး သဖွယ်ဖြစ်တော်မူသော ဗုဒ္ဓ၏ ကောင်းစွာဟောတော်မူအပ် သော အရိယာမဂ်ကို အတုလိုက်၍ ကျင့်ကုန်၏။

အကြင်သူတို့သည် ဗုဒ္ဓသာသနာတော်၌ မမေ့မလျော့ ကြကုန်၊

ထိုသူနှစ်ဦးတို့သည် ဤဘဝ၌ပင် ဆင်းရဲ၏အဆုံးကို ပြုကြကုန်၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၆။ ခန္ဓာကိုယ်မတင့်တယ်မှုကိုရှုမှု (အသုဘာနုဿတိ)

ဗုဒ္ဓသည်-

''ရဟန်းတို့…ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုလျက်နေကြကုန်သော-

- အာနာပါနဿတိသည်လည်း သင်တို့၏ ကမ္မဋ္ဌာန်း အာရုံ၌ ရေးရှုတည်ကြစေကုန်လော့၊
- အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟု ရှုလျက် နေကြကုန်လော့၊

ရဟန်းတို့...ခန္ဓာကိုယ်၌အသုဘအခြင်းအရာကို ရှုလျက်နေကြကုန်သော သူတို့အား-

- တင့်တယ်သည်အဖြစ်ဟူသော သုဘဓာတ်ကြောင့် ရာဂကိန်းဝပ်မှု(ရာဂါနုသယ)သည် ကင်းပျောက်၏။
- အာနာပါနသတိ၏ ကမ္မဋ္ဌာန်းအာရုံ ရှေ့ရှုတည်မှုကြောင့် အပဖြစ်ကုန်သော ဆင်းရဲခြင်းအဖို့ ရှိကုန်သော အလိုဆန္ဒ(အာသယ)သို့ အစဉ်လိုက်တတ်သော မိစ္ဆာဝိတက်တို့သည် မဖြစ်ပေါ်ကုန်၊

အလုံးစုံသော သင်္ခါရတရားတို့၌ အနိစ္စဟု ရှုလျက်နေကြကုန်သော သူတို့အား-

- မသိမှု(အဝိဇ္ဇာ)ကင်းပျောက်၍ သိမှု(ဝိဇ္ဇာ)ဉာဏ်ဖြစ်ပေါ်၏။ ”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

“ကိလေသာ ပူပန်စေတတ်သော လုံ့လရှိသောအခါ ခပ်သိမ်း ကောင်းစွာမြင်သော ထိုရဟန်းသည်-

- ခန္ဓာကိုယ်၌ အသုဘအခြင်းအရာကို ရှုသည်ဖြစ်၍ လည်းကောင်း၊
- ထွက်သက်ဝင်သက်၌တင်သော သတိရှိသည်ဖြစ်၍ လည်းကောင်း၊

- အလုံးစုံသော သင်္ခါရတို့၏ ချုပ်ငြိမ်းမှုကို ရှုသည် ဖြစ်၍လည်းကောင်း၊
- ထိုအလုံးစုံသောသင်္ခါရတို့ ချုပ်ငြိမ်းရာ၌ အရဟတ္တဖလဖြင့် လွတ်မြောက်၏။

ထို့ကြောင့် ထိုရဟန်းသည် အဘိညာဉ်ကိစ္စ ပြီးဆုံးပြီး ဖြစ်၍ ငြိမ်းအေးပြီးလျှင် ယောဂလေးပါး လွန်မြောက်ပြီး ဖြစ်၏''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၇။ တရားအစဉ်သို့ရောက်မှု၏ဘဝ(ဓမ္မာနုဓမ္မပဋိပန္န)

ဗုဒ္ဓသည်-

''ရဟန်းတို့...လောကုတ္တရာတရားကိုးပါးအား လျော်သော အကျင့်ကိုကျင့်သော ရဟန်းအား ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်ဟု ပြောကြားရန် အလျော်သဘောသည် ဖြစ်ပေါ်လာ၏။ ဤဓမ္မာနုဓမ္မပဋိပန္နရဟန်းသည် ပြောဆိုသည်ရှိသော်-

- တရားနှင့်စပ်သောစကားကိုသာလျှင် ပြောဆို၏။ မစပ်ယှဉ်သောစကားကို မပြောဆို၊ ကြံစည်သည် ရှိသော်၊

- တရားနှင့်စပ်သော အကြံအစည်ကိုသာလျှင် ကြံစည်၏။ မစပ်ယှဉ်သော အကြံအစည်ကို မကြံစည်။

ထိုပြောဆိုမှု ကြံစည်မှုနှစ်ပါးစုံကို မပြုမူ၍ နေသည် ရှိသော်-

- အောက်မေ့မှု ဆင်ခြင်ဉာဏ်ရှိသည်ဖြစ်၍ လျစ်လျူ ရှုလျက်နေ၏"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"တရားလျှင် မွေ့လျော်ရာရှိကုန်သော တရား၌ မွေ့လျော်တတ်သော၊ တရားကို ကြံစည်တတ်သော၊ တရားကို အစဉ်အောက်မေ့သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်၊

သွားသော်လည်းကောင်း၊ ရပ်သော်လည်းကောင်း၊ ထိုင်သော်လည်းကောင်း၊ အိပ်သော်လည်းကောင်း၊ ကမ္မဋ္ဌာန်း အာရုံ၌ စိတ်ကို ကိလေသာတို့မှ ငြိမ်းအေးစေသော ရဟန်း သည် ငြိမ်းအေးရာ(နိဗ္ဗာန်)ကိုသာလျှင် ရောက်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၈။ ထဝ၏အမိုက်အမှောင်များ(အနွယရက)

ဗုဒ္ဓသည်-

"ရဟန်းတို့...အကုသလဝိတက် (မကောင်းကြံစည်မှု) သုံးပါးဖြစ်သော-

- ကာမဝိတက်
- ဗျာပါဒဝိတက်
- ဝိဟိံသာဝိတက်

ဤသုံးပါးတို့သည်-

- ပညာဉာဏ်ကန်းသည်ကို ပြုတတ်၏။
- ပညာစက္ခုကို မပြုတတ်
- မသိခြင်းကို ပြုတတ်၏
- ပညာကို တားမြစ်ပိတ်ပင်တတ်၏
- ဆင်းရဲခြင်းအဖို့ရှိ၏
- ကိလေသာငြိမ်းအေးမှုကို မဖြစ်စေတတ်၊

ရဟန်းတို့...ကုသလဝိတက်(ကောင်းမှုကြံစည်မှု) သုံးပါး ဖြစ်သော-

- နေက္ခမ္မဝိတက်
- အဗျာပါဒဝိတက်
- အဝိဟိံသဝိတက်

ဤသုံးပါးတို့သည်-

- ပညာကန်းသည်ကို မပြုတတ်၊

- ပညာစက္ခုကိုပြုတတ်၏။
- သိခြင်းကိုပြုတတ်ကုန်၏၊
- ပညာကို ပွားစေတတ်၏၊
- ဆင်းရဲခြင်းအဖို့ မရှိကုန်၊
- ကိလေသာငြိမ်းအေးခြင်းကို ဖြစ်စေတတ်ကုန်၏”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

- ယောဂါဝစရပုဂ္ဂိုလ်သည် ကုသလဝိတက် သုံးပါးကိုသာ ကြံစည်ရာ၏၊
- အကုသလဝိပါက်သုံးပါးတို့ကိုမူကား နှင်ထုတ် ပယ်စွန့်ရာ၏။
- အခါမဲ့ရွာသောမိုးကြီးသည် မြေမှုထသော မြူမှုန့် အပေါင်းကို တစ်ခဏချင်း ငြိမ်းပျောက်စေသကဲ့ သို့ ထိုယောဂါဝစရပုဂ္ဂိုလ်သည် အကုသလ ဝိတက်တို့ကိုလည်းကောင်း၊ ထိုနှင့်ယှဉ်သော သုံးသပ်ဆင်ခြင်မှုတို့ကိုလည်းကောင်း ငြိမ်းအေး ကင်းပျောက်စေပြီးလျှင် မိစ္ဆာဝိတက် ငြိမ်းအေး သောမဂ်စိတ်ဖြင့် ဤဘဝ၌ပင် ငြိမ်းအေးရာ နိဗ္ဗာန်ကို ရနိုင်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၉။ တဝ၏အန္တရာယ်အညစ်အကြေးများ(အန္တရာဓလ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ဤသုံးပါးတို့သည်-

လောဘ,ဒေါသ,မောဟတို့သည်

- စိတ်၏အညစ်အကြေး
- စိတ်၏မိတ်ဆွေပျက်
- စိတ်၏ရန်သူ
- စိတ်၏လူသတ်သမား
- စိတ်၏ဆန့်ကျင်ဘက်သား ဖြစ်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

လောဘ, ဒေါသ, မောဟသည်-

- အကျိုးမဲ့ကို ဖြစ်စေတတ်၏။
- စိတ်ကို ချောက်ချားစေတတ်၏။
- အတွင်းစိတ်၌ဖြစ်သော ထိုလောဘ, ဒေါသ, မောဟ ဟူသော ဘေးကို လူအပေါင်းတို့သည် မသိနိုင်။

တပ်မက်သောသူသည် အကျိုးမဲ့ကိုမသိ၊ တရားကို မမြင်-

- အကြင်အခါ၌ လောဘသည် လူကို လွှမ်းမိုး ဖိစီး၏။ ထိုအခါ အမိုက်တိုက်သဖွယ်ဖြစ်၏။

- ပညာစက္ခုကိုပြုတတ်၏။
- သိခြင်းကိုပြုတတ်ကုန်၏၊
- ပညာကို ပွားစေတတ်၏၊
- ဆင်းရဲခြင်းအဖို့ မရှိကုန်၊
- ကိလေသာငြိမ်းအေးခြင်းကို ဖြစ်စေတတ်ကုန်၏”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

- ယောဂါဝစရပုဂ္ဂိုလ်သည် ကုသလဝိတက် သုံးပါးကိုသာ ကြံစည်ရာ၏၊
- အကုသလဝိပါက်သုံးပါးတို့ကိုမူကား နှင်ထုတ်ပယ်စွန့်ရာ၏။
- အခါမဲ့ရွာသောမိုးကြီးသည် မြေမှုတသော မြူမှုန့်အပေါင်းကို တစ်ခဏချင်း ငြိမ်းပျောက်စေသကဲ့သို့ ထိုယောဂါဝစရပုဂ္ဂိုလ်သည် အကုသလဝိတက်တို့ကိုလည်းကောင်း၊ ထိုနှင့်ယှဉ်သော သုံးသပ်ဆင်ခြင်မှုတို့ကိုလည်းကောင်း ငြိမ်းအေးကင်းပျောက်စေပြီးလျှင် မိစ္ဆာဝိတက် ငြိမ်းအေးသောမဂ်စိတ်ဖြင့် ဤဘဝ၌ပင် ငြိမ်းအေးရာနိဗ္ဗာန်ကို ရနိုင်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၉။ ထဝ၏အန္တရာယ်အညစ်အကြေးများ(အန္တရာမလ)

ဗုဒ္ဓသည်-

"ရဟန်းတို့ . . . ဤသုံးပါးတို့သည်-

လောဘ ,ဒေါသ ,မောဟတို့သည်

- စိတ်၏အညစ်အကြေး
- စိတ်၏မိတ်ဆွေပျက်
- စိတ်၏ရန်သူ
- စိတ်၏လူသတ်သမား
- စိတ်၏ဆန့်ကျင်ဘက်သား ဖြစ်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

လောဘ, ဒေါသ, မောဟသည်-

- အကျိုးမဲ့ကို ဖြစ်စေတတ်၏။
- စိတ်ကို ချောက်ချားစေတတ်၏။
- အတွင်းစိတ်၌ဖြစ်သော ထိုလောဘ, ဒေါသ, မောဟ ဟူသော ဘေးကို လူအပေါင်းတို့သည် မသိနိုင်။

တပ်မက်သောသူသည် အကျိုးမဲ့ကိုမသိ၊ တရားကို မမြင်-

- အကြင်အခါ၌ လောဘသည် လူကို လွှမ်းမိုးဖိစီး၏။ ထိုအခါ အမိုက်တိုက်သဖွယ်ဖြစ်၏။

- အကြင်သူသည် လောဘကိုပယ်နိုင်သောကြောင့် တပ်မက်ဖွယ် ရူပါရုံ စသည်၌ မတပ်မက်၊
- ရေပေါက်သည် ကြာရွက်မှ လျှော့ကျဘိသကဲ့သို့ ထိုသူ၏ လောဘသည် ထိုတပ်မက်ဖွယ် အာရုံမှ ကင်းပျောက်၏။
- အမျက်ဒေါသထွက်သူသည် အကျိုးကိုမသိ၊ တရားကိုမမြင်၊ အကြင်အခါ၌ ဒေါသသည် လူကို လွှမ်းမိုးဖိစီး၏။ ထိုအခါ အမိုက်တိုက် သဖွယ် ဖြစ်၏။
- အကြင်သူသည် ဒေါသကို ပယ်သောကြောင့် အမျက်ထွက်ဖွယ် ရူပါရုံ စသည်၌ အမျက် မထွက်၊
- ထန်းသီးမှည့်သည် အညှာမှ ကြွေကျရသကဲ့သို့ ထိုသူ၏ ဒေါသသည် ထိုအမျက်ထွက်ဖွယ် အာရုံမှ ကင်းပျောက်၏။
- တွေဝေသူသည် အကျိုးကိုမသိ၊ တရားကိုမမြင်၊ အကြင်အခါ၌ မောဟသည် လူကို လွှမ်းမိုး ဖိစီး၏။ ထိုအခါ အမိုက်တိုက်သဖွယ်ဖြစ်၏။
- အကြင်သူသည် မောဟကို ပယ်သောကြောင့် တွေဝေဖွယ် ရူပါရုံစသည်၌ မတွေဝေ ထွက်ပေါ်

လာသောနေမင်းသည် အမိုက်တိုက်ကို ပယ်ဖျောက်သကဲ့သို့ ထိုသူသည် အလုံးစုံသော မောဟကို အကြွင်းမဲ့ ပယ်ဖျောက်နိုင်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၁၀။ ဒေဝဒတ်၏တဝ(ဒေဝဒတ္တ)

ဗုဒ္ဓသည်-

''ရဟန်းတို့...ဒေဝဒတ်သည်-

- ယုတ်မာသော အလိုဆိုးဖြင့် အနှိပ်စက်ခံရသော သိမ်းကျုံးအပ်သော စိတ်ရှိသော၊
- မိတ်ဆွေယုတ်ရှိသည်၏အဖြစ်ဖြင့် အနှိပ်စက်ခံရသော သိမ်းကျုံးယူအပ်သော စိတ်ရှိသော၊
- ဈာန်အဘိညာဉ်တို့ထက် အလွန်မြတ်သော မဂ်ဖိုလ်အတွက် ပြုဖွယ်ကိစ္စရှိသေးသည်ဖြစ်ပါလျက် အနည်းငယ်မျှသော ဈာန်အဘိညာဉ်တရားထူးကို ရခြင်းဖြင့် အကြား၌သာ ပြီးဆုံးခြင်းသို့ ရောက်နေရ၏။

ဤ မသူတော်တရားသုံးပါးတို့ဖြင့် အနှိပ်စက်ခံရသော သိမ်းကျုံးယူအပ်သော စိတ်ရှိသော ရှင်ဒေဝဒတ်သည်

အပါယ်၌ ဖြစ်ရ၏၊ ငရဲ၌ဖြစ်ရ၏၊ အန္တရကပ်ပတ်လုံး တည်၏။ ကုစား၍မရကောင်း”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

- လောက၌ တစ်စုံတစ်ယောက်သောသူသည် အဘယ်အခါမျှ ယုတ်မာသောအလိုရှိသူ မဖြစ်ပါစေလင့်၊
- ယုတ်မာသော အလိုရှိသူတို့၏လားရာ(ဂတိ)ကဲ့သို့ ထိုသို့သောလားရာကို ဤဆိုလတ္တံ့သော အကြောင်းဖြင့် သိကြကုန်သော ပညာရှိဟု ထင်ရှားသော ဈာန်အဘိညာဉ်တို့ဖြင့် ပွားများအပ်ပြီးသော စိတ်ရှိသူဟု သမုတ်အပ်သော ဒေဝဒတ်သည် အခြံအရံဖြင့် တောက်ပသကဲ့သို့ တည်၏ဟု ထင်ရှားခဲ့၏။
- ထိုဒေဝဒတ်သည် မိမိ၏ အတိုင်းအရှည်ပမာဏကို မသိသောကြောင့် မြတ်စွာဘုရားကို ညှင်းဆဲ၍ တံခါးလေးပေါက်ရှိသော ကြောက်မက်ဖွယ် အဝီစိငရဲသို့ ကျရောက်ရ၏။
- အကြင်သူသည် မကောင်းမှုကံကို မပြုသည့် မပြစ်မှားသောသူအား ပြစ်မှား၏။ ရှိသေမှု ကင်း

သော ပြစ်မှားသောစိတ်ရှိသော ထိုသူကိုသာလျှင် မကောင်းမှုသည် တွေ့ထိကျရောက်၏။

- အကြင်သူသည် သမုဒ္ဒရာကို အဆိပ်အိုးဖြင့် ဖျက်ဆီးရန် ကြံစည်အောက်မေ့၏။ ထိုသူသည် ထိုအဆိပ်အိုးဖြင့် မဖျက်ဆီးနိုင်ရာ။

မှန်၏။ ပြန့်ပြောနက်ကျယ် ကြောက်မက်ဖွယ်ကောင်းသော သမုဒ္ဒရာသည် ကြီးမားကျယ်ဝန်းလှပေ၏။

ဤအတူသာလျှင် အကြင်သူသည် ညီညွတ်သည် ဖြစ်၍ ငြိမ်းအေးသော စိတ်ရှိသော ဘုရားရှင်ကို ဒေါသဖြင့် ညှင်းဆဲနှိပ်စက်၏။ ထိုသူ၏ ဒေါသသည် ဘုရားရှင်အပေါ်၌ မကျရောက်နိုင်။

အကြင်ကောင်းသောအကျင့်ရှိသူ၏။ ပဋိပတ်လမ်းစဉ်သို့ အစဉ်လိုက်သော ရဟန်းသည် ဆင်းရဲကုန်ရာ နိဗ္ဗာန်သို့ ရောက်ရာ၏။

ပညာရှိသည် ထိုသို့သဘောရှိသော ကောင်းသော အကျင့်ရှိသူကို အဆွေခင်ပွန်းကောင်း ပြုရာ၏။

ထိုကောင်းသောအကျင့်ရှိသူကို မှီဝဲရာ၏ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ( င)ပဉ္စမအစု

## ၁။ အမြတ်ဆုံးကြည်ညိုမြတ်နိုးဖွယ်ပုဂ္ဂိုလ် (အဂ္ဂပ္ပသာဒ)

ဗုဒ္ဓသည်-

"ရဟန်းတို့...အမြတ်ဆုံးတို့၌ ကြည်ညိုခြင်းတို့သည်

- အခြေမရှိသောသတ္တဝါ၊ အခြေနှစ်ချောင်းရှိသော သတ္တဝါ၊ အခြေလေးချောင်းရှိသော သတ္တဝါ၊ များသော အခြေရှိသော သတ္တဝါ၊ (ရူပသတ္တဝါ၊ အရူပသတ္တဝါ၊ သညီသတ္တဝါ၊ အသညီသတ္တဝါ၊ နေဝသညီ နာသညီ သတ္တဝါ) ဟူသမျှတို့တွင် ပူဇော်အထူးကို ခံတော်မူထိုက်၊ အလုံးစုံတရားတို့ကို ကိုယ်တိုင်မှန်စွာသိတော်မူသောဗုဒ္ဓကို အမြတ်ဆုံးဟု ဆိုအပ်၏။
- ဗုဒ္ဓ၌ ကြည်ညိုကုန်သောသူတို့သည် အမြတ်ဆုံး ပုဂ္ဂိုလ်၌ ကြည်ညိုသည် မည်ကုန်၏။
- အမြတ်ဆုံးပုဂ္ဂိုလ်၌ ကြည်ညိုသူတို့အား အမြတ်ဆုံး အကျိုးဖြစ်နိုင်၏။
- ပြုပြင်အပ်သောတရား၊
- မပြုပြင်အပ်သောတရား ဟူသမျှတို့တွင် မာန် ယစ်ခြင်းကို ဆုံးမရာ၊
- မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ

- အာလယကို ပယ်ခွာရာ
- ဝဋ်ကိုဖြတ်ရာ
- တဏှာကုန်ရာ
- ကိလေသာတို့ကင်းပြတ်ရာ
- ဝါနတဏှာမှ ထွက်မြောက်ရာဖြစ်သော ဝိရာဂဟု ဆိုအပ်သော နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုအပ်၏။
- ရာဂကင်းရာ နိဗ္ဗာန်တရား၌ ကြည်ညိုသူတို့သည် အမြတ်ဆုံးတရား၌ ကြည်ညိုသည် မည်ကုန်၏။
- အမြတ်ဆုံးတရား၌ ကြည်ညိုသူတို့အား အမြတ်ဆုံး အကျိုးဖြစ်နိုင်၏။

## ၂။ ဆွမ်းခံလှည့်လည်အသက်မွေးမှု(ဇီဝိက)

ဗုဒ္ဓသည်-

"ရဟန်းတို့… အသက်မွေးမှုတို့တွင် ဆွမ်းခံလှည့်လည်၍ အသက်မွေးရခြင်းသည် ယုတ်ညံ့လှ၏။ လောက၌ ဤဆွမ်းခံ၍ အသက်မွေးသူသည်-

"သူပုန်းစားကား ခွက်လက်စွဲလျက် လှည့်လည်ဘိ၏"ဟု ဆဲရေးခံရတတ်၏။

ထိုသို့ ဆဲရေးခံရတတ်သော်လည်း အကျိုးထူးကို အလိုရှိကုန်သော အမျိုးသားတို့သည် အကျိုးရှိမှုကိုစွဲ၍

ထိုဆွမ်းခံလှည့်လည်၍ အသက်မွေးခြင်းသို့ ကပ်ရောက်ကြကုန်၏။

- မင်းအနှောင်အဖွဲ့ခံရ၍ ကပ်ရောက်ကြသည် မဟုတ်ကုန်၊
- သူခိုးဖမ်းယူနှောင်ဖွဲ့ခံရ၍ ကပ်ရောက်ကြသည် မဟုတ်ကုန်၊
- ကြွေးမြီနှိပ်စက်ခံရသည်ဖြစ်၍ ကပ်ရောက်ကြသည် မဟုတ်ကုန်၊
- ဘေးနှိပ်စက်ခံရ၍ ကပ်ရောက်ကြရသည် မဟုတ်ကုန်၊
- အသက်မွေးခက်သည်ဖြစ်၍ ကပ်ရောက်ကြသည် မဟုတ်ကုန်၊

စင်စစ်သော်ကား ပဋိသန္ဓေနေမှု၊ အိုမှု၊ သေမှု၊ စိုးရိမ်မှု၊ ငိုကြွေးမှု၊ ဆင်းရဲမှု၊ နှလုံးမသာယာမှု၊ ပြင်းစွာပူပန်မှုတို့ဖြင့် သံသရာဝဋ်ဆင်းရဲတွင်းသို့ သက်ဆင်းကျရောက်ကုန်၏။ ဆင်းရဲဖြင့် နှိပ်စက်ခံရကုန်၏။

ဤအလုံးစုံသော ဆင်းရဲအစု၏ အဆုံးကိုပြုခြင်းသည် ထင်ရှားဖြစ်ပေါ်နိုင်တန်ရာ၏ဟု နှလုံးသွင်း၍ ရဟန်းပြုခဲ့၏။

သို့ပင်ဖြစ်ငြားသော်လည်း ဤအမျိုးသားကောင်းသည်-

- အဘိဇ္ဈာများ၏၊
- ကာမဂုဏ်တို့၌ အားကြီးသောရာဂရှိ၏၊
- ဖောက်ပြန်သောစိတ်ရှိ၏၊
- ပြစ်မှားလိုသောစိတ်အကြံရှိ၏၊
- လွတ်သောသတိရှိ၏၊
- ဆင်ခြင်ဉာဏ်မရှိ၊ မတည်ကြည်၊
- တုန်လှုပ်သောစိတ်ရှိ၏၊
- မစောင့်စည်းသော ဣန္ဒြေရှိ၏။

ရဟန်းတို့...အရင်းအဖျား နှစ်ဘက်၌ မီးလျှံစွဲငြီး၍ အလယ်၌ မစင်လိမ်းသော သူကောင်ဖုတ်ကြွင်း ထင်းမီးစသည် ရွာ၌လည်းကောင်း ထင်အဖြစ်သို့ မရောက်၊ တော၌လည်း အသုံးမကျသကဲ့သို့၊ လူစည်းစိမ်မှလည်းဆုတ်ယုတ်၍ ရဟန်းဖြစ်ကျိုးလည်း မပြည့်စုံသည်ဖြစ်ရကား ဤပုဂ္ဂိုလ်ကို ထိုဥပမာနှင့်တူ၏ဟု ငါဘုရားဟော၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"လူစည်းစိမ်မှလည်း ဆုတ်ယုတ်၍ ရဟန်းဖြစ်ကျိုးကိုလည်း မကောင်းသဖြင့် ရအပ်သောသူသည် သူကောင်ဖုတ်ကြွင်း ထင်းမီးစပျက်စီးသကဲ့သို့ ပျက်စီးလျက် ဖရိုဖရဲ ဖြစ်ရ၏။

ယုတ်မာသော သဘောရှိကုန်သည်ဖြစ်၍ ကိုယ်, နှုတ်, နှလုံးကို မစောင့်စည်းကုန်သော သက်န်းကိုလည်ပင်း၌ ပတ်ကြကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ကျရောက်တတ်ကြရ၏။

သီလလည်း မရှိ၊ ကိုယ်နှုတ်နှလုံးလည်း မစောင့်စည်းဘဲ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူပေးလှူအပ်သော ဆွမ်းကို စားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သောသံတွေခဲကို စားရခြင်းက သာ၍ကောင်းမြတ်သေး၏။”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၃။ သက်န်းဆွဲ၍နောက်တလိုက်နေမှု(သင်္ဃာဋိကဏ္ဏ)

ဗုဒ္ဓသည်-

“ရဟန်းတို့...ရဟန်းသည်-

- အဘိဇ္ဈာများသူ
- ကာမဂုဏ်တို့၌ အားကြီးသောရာဂရှိသူ
- ဖောက်ပြန်သောစိတ်ရှိသူ
- ပြစ်မှားလိုသောစိတ်အကြံရှိသူ
- လွတ်သောသတိရှိသူ
- ဆင်ခြင်ဉာဏ်မရှိသူ

- မတည်ကြည်သူ
- တုန်လှုပ်သောစိတ်ရှိသူ
- မစောင့်စည်းသောဣန္ဒြေရှိသူ ဖြစ်ခဲ့မူ

ထိုရဟန်းသည် ငါဘုရား၏ သင်္ကန်းကိုကိုင်၍ ငါဘုရား၏ခြေရာ၌ ခြေကိုချနင်းလျက် နောက်မှ နောက်မှ လိုက်ပင်လိုက်သော်ည်း ထိုရဟန်းသည် ငါဘုရားမှ ဝေးသည်သာတည်း။

- ငါဘုရားသည်လည်း ထိုရဟန်းမှဝေးသည်သာတည်း။

အကြောင်းကား ထိုရဟန်းသည် တရားကိုမမြင်၊ တရားကိုမမြင်သည်ရှိသော် ငါဘုရားကို မမြင်သောကြောင့်ပင်တည်း။

ရဟန်းတို့...ရဟန်းသည်-

- အဘိဇ္ဈာမများသူ
- ကာမတို့၌အားကြီးသောရာဂမရှိသူ
- ဖောက်ပြန်သောစိတ်မရှိသူ
- ပြစ်မှားလိုသောစိတ်အကြံမရှိသူ
- ထင်သောသတိရှိသူ
- ဆင်ခြင်ဉာဏ်ရှိသူ
- တည်ကြည်သူ

- မတုန်လှုပ်သောစိတ်ရှိသူ
- စောင့်စည်းသော ဣန္ဒြေရှိသူဖြစ်ခဲ့မူ

ထိုရဟန်းသည် ယူဇနာတစ်ရာဝေးသော အရပ်၌ နေသော်လည်း ငါဘုရားနှင့် နီးသည်သာတည်း

- ငါဘုရားသည်လည်း ထိုရဟန်းနှင့်နီးသည် သာတည်း''

အကြောင်းမှာ ထိုရဟန်းသည် တရားကိုမြင်၏၊ တရားကို မြင်သည်ရှိသော် ငါဘုရားကိုမြင်သောကြောင့် ဖြစ်ပေ၏''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''အလိုကြီး၍ ညှင်းဆဲတတ်သော တဏှာအလိုဆိုး အစဉ်လိုက်နေသူသည် တုန်လှုပ်မှုတဏှာကင်းသော ထိုမြတ်စွာဘုရားသို့ အစဉ်လိုက်နေသော်လည်း -

- ကိလေသာမငြိမ်းသူသည် ကိလေသာ ငြိမ်းပြီးသော ထိုဘုရားရှင်သို့ အစဉ်လိုက်နေသော်လည်း ဝေး၏၊
- ကိလေသာ မငြိမ်းသူသည် ကိလေသာငြိမ်းပြီးသော ထိုဘုရားရှင်သို့ အစဉ်လိုက်နေသော်လည်း ဝေး၏၊

- မက်မောသူသည် မက်မောခြင်းကင်းသော ထိုဘုရားရှင်သို့ အစဉ်လိုက်နေသော်လည်းကောင်း၊
- ထိုဘုရားရှင်နှင့် အလွန့်အလွန်ဝေးသည်သာတည်း၊ ထိုအခြင်းအရာကို ရှုပါလော့။
- အကြင်ပညာရှိသည် သစ္စာလေးပါးတရားကို ဝိပဿနာဏ်အထူးဖြင့်သိ၍ သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့်သိ၍ လေငြိမ်ရာ၌တည်ရှိသော ရေအိုင်ကဲ့သို့ တုန်လှုပ်မှုတဏှာကင်းသည်ဖြစ်၍ ငြိမ်သက်၏။
- တဏှာကင်းသော ထိုပုဂ္ဂိုလ်သည် တဏှာကင်းသောဘုရားရှင်နှင့် ဌာနအားဖြင့် ဝေးနေငြားသော်လည်းကောင်း၊
- ငြိမ်းအေးသောထိုပုဂ္ဂိုလ်သည် ငြိမ်းအေးသောဘုရားရှင်နှင့် ဌာနအားဖြင့် ဝေးနေငြားသော်လည်းကောင်း၊
- မက်မောမှုကင်းသော ထိုပုဂ္ဂိုလ်သည် မက်မောမှုကင်းသော ဘုရားရှင်နှင့် ဌာနအားဖြင့် ဝေးနေငြားသော်လည်းကောင်း

အလွန့်အလွန် နီးသည်သာတည်း။ ထိုအခြင်းအရာကို ရှုပါလော့''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၄။ မီးသုံးမျိုး(အဂ္ဂိ)

ဗုဒ္ဓသည်-

““ရဟန်းတို့…မီးတို့သည်-

- ရာဂမီး
- ဒေါသမီး
- မောဟမီး ဤသုံးပါးတို့တည်း။“

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

““ကာမတို့၌ တပ်စွန်းသူ၊ တွေဝေသူ သတ္တဝါတို့ကို ရာဂမီးသည် လောင်မြိုက်၏။

သူ့အသက်ကို သတ်လေ့ရှိသူ၊ ဖောက်ပြန်သောစိတ်ရှိသူတို့ကို ဒေါသမီးသည် လောင်မြိုက်၏။

အရိယာတရား၌ မလိမ္မာသူ၊ တွေဝေသူကို မောဟမီးသည် လောင်မြိုက်၏။

ဤမီးသုံးပါးကို မသိကြသော သတ္တဝါတို့သည် ခန္ဓာငါးပါး(သက္ကာယ)၌ အလွန်မွေ့လျော်ကြကုန်၏။

ထိုသူတို့သည် မာရ်အနှောင်အဖွဲ့မှ မလွတ်ကြကုန်မူ၍ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဘုံတို့၌ ပွားများစေကုန်၏။

အကြင်သူတို့သည်ကား ဗုဒ္ဓ၏ သာသနာတော်၌ ညဉ့်နေ့ပတ်လုံး အားထုတ်ကုန်၏။ ပုဂ္ဂိုလ်မြတ်ဖြစ်ကြသော

ထိုသူတို့သည် အသုဘဟု အမြဲရှုမှတ်ကုန်သည်ဖြစ်၍ ရာဂမီးကို ငြိမ်းအေးစေကုန်၏။

ဒေါသမီးကိုမူကား မေတ္တာဖြင့် ငြိမ်းအေးစေကြကုန်၏။ အကြင်ပညာသည် ကိလေသာကို ဖောက်ခွဲနိုင်၏။ ထိုပညာဖြင့် -

ညဉ့်နေ့ပတ်လုံး မပျင်းရိကုန်သော ရင့်ကျက်သော ပညာရှိတို့သည် ထိုကိလေသာတို့ကို ငြိမ်းစေကြကုန်၏။ အကြွင်းမဲ့ ငြိမ်းအေးကြကုန်ပြီ၊ အကြွင်းမဲ့ ဆင်းရဲလွတ်မြောက်ကြကုန်ပြီ၊

အရိယသစ္စာတရားကို သိမြင်ကုန်သော မဂ်ပညာဖြင့် သံသရာအဆုံးသို့ ရောက်ကုန်သော ပညာရှိတို့သည် ကိုယ်ခန္ဓာစသည်ကို ကောင်းစွာသိ၍ ဇာတိကုန်ရာ နိဗ္ဗာန်ကို ထူးသော အရဟတ္တမဂ်ဉာဏ်ဖြင့်သိသောကြောင့် တစ်ဖန်ဘဝသစ်သို့ မရောက်ကြကုန်။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၅။ စူးစမ်းဆင်ခြင်မှု(ဉပပရိက္ခ)

ဗုဒ္ဓသည် -

''ရဟန်းတို့…အကြင်အကြင်အပြားအားဖြင့် စူးစမ်းဆင်ခြင်သော ထိုရဟန်း၏-

- စိတ်ဝိညာဉ်သည် ပြင်ပအာရုံ၌လည်း မပျံ့လွင့်၊ မကျယ်ပြန့်မှု၍ ကမ္မဋ္ဌာန်းအာရုံ၌လည်း အတည်သည်ဖြစ်ခဲ့မှု တစ်စုံတစ်ခုသော ရုပ်နာမ်သင်္ခါရကို တဏှာဒိဋ္ဌိအားဖြင့်မစွဲလမ်းမူ၍ မတောင့်တရာ၊
- ရဟန်းသည် ထိုသို့ အပြားအားဖြင့် စူးစမ်းဆင်ခြင်ရာ၏။

ရဟန်းတို့…

- စိတ်ဝိညာဉ်သည် ပြင်ပအာရုံ၌ မပျံ့လွင့်၊ မကျယ်ပြန့်သည်ရှိသော် ကမ္မဋ္ဌာန်းအာရုံ၌လည်း မတည်လတ်သော် တစ်စုံတစ်ခုသော ရုပ်,နာမ်,သင်္ခါရကို တဏှာဒိဋ္ဌိအစွဲအားဖြင့် မစွဲလမ်းမူ၍ မတောင့်တသောသူအား နောင်အခါ ပဋိသန္ဓေနေမှု,အိုမှု, သေမှုဟူသော ဝဋ်ဆင်းရဲအပေါင်းတို့ မဖြစ်နိုင်တော့ချေ။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

" ကပ်ငြိမှု ခုနစ်ပါးတို့ကို ပယ်ပြီး၍ တဏှာကို ဖြတ်တောက်ပြီးသော ထိုရဟန်းအား ပဋိသန္ဓေနေခြင်းဟူသော သံသရာသည် ကုန်ခမ်းပြီး ဖြစ်ရကား တစ်ဖန်ဘဝသစ်သည် မရှိတော့ပြီ"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၆။ ထာမဝုက်မှီဝဲမှု့ရောက်မှု(ကာမူပဝတ္တိ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ကာမကို မှီဝဲမှုတို့သည်-

- အမြဲထင်ရှားရှိသော ကာမကို မှီဝဲသူတို့လည်း ကောင်း၊
- ကိုယ်တိုင်ဖန်ဆင်း၍ မွေ့လျော်တတ်သူ၊ နိမ္မာန ရတိနတ်တို့လည်းကောင်း၊
- သူတစ်ပါးတို့ ဖန်ဆင်းသော ကာမ၌ မိမိအလိုသို့ လိုက်စေသော ပရနိမ္မိတဝသဝတ္တိနတ်တို့ကို လည်းကောင်း၊

ဤသုံးပါးတို့တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ပရိနိမ္မိတဝသဝတ္တိနတ်တို့သည် သူတစ်ပါး ဖန်ဆင်းသော ကာမ၌ မိမိအလိုသို့ လိုက်စေကုန်၏။

အကြင်နိမ္မာရတိနတ်တို့ကား ကိုယ်တိုင်ဖန်ဆင်း၍ မွေ့လျော်တတ်ကုန်၏။

ဤနတ်တို့မှတစ်ပါးကုန်သော အကြွင်လူ အစရှိသော ကာမခံစားသူတို့သည် အမြဲထင်ရှားရှိသော ကာမကို မှီဝဲကုန်၏။

ထိုသတ္တဝါအားလုံးတို့သည် ဤဘဝ တစ်ပါးသော ဘဝ ဟု ဆိုအပ်သော သံသရာကို မလွန်နိုင်ကုန်။

ပညာရှိသည် ကာမခံစားသူတို့၌ဖြစ်သော အပြစ်မျိုးကိုသိ၍ နတ်၌ဖြစ်သောကာမ၊ လူ၌ဖြစ်သော ကာမအားလုံးတို့ကို စွန့်ပစ်ရာ၏။

ပညာရှိတို့သည် ချစ်အပ်သော သဘောရှိသော ရူပါရုံစသည်တို့၌ သုခဝေဒနာကို သာယာမှုဖြင့် တပ်မက်သော လူသာမာန်တို့ လွန်မြောက်နိုင်သည့် တဏှာအယာဥ်ကို အရဟတ္တမဂ်ဖြင့် ဖြတ်၍ အကြွင်းမဲ့ငြိမ်းအေးကြကုန်ပြီ၊ အကြွင်းမဲ့ ဆင်းရဲမှ လွတ်မြောက်ကြကုန်ပြီ။

အရိယာသစ္စာတရားကို သိမြင်ကုန်သော မဂ်ပညာဖြင့် သံသရာအဆုံးသို့ ရောက်ကုန်သော ပညာရှိတို့သည် ကိုယ်ခန္ဓာစသည်တို့ ကောင်းစွာသိ၍ ဇာတိကုန်ရာ နိဗ္ဗာန်ကို ထူးသော အရဟတ္တမဂ်ဉာဏ်ဖြင့် သိသောကြောင့် တစ်ဖန်ဘဝသစ်သို့ မရောက်ကုန်”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၇။ ဝါးဖြာအာရုံထာမဂုဏ်နှင့်ယှဉ်စပ်မှု(ထာမယောဂ)

ဗုဒ္ဓသည်-

"ရဟန်းတို့..

- ကာမဂုဏ်နှင့်စပ်သော ရာဂနှင့်လည်း ယှဉ်သော ရူပဘဝ၊ အရူပဘဝနှင့်စပ်သော ရာဂနှင့်လည်း ယှဉ်သူသည် ဤလူ့ပြည်သို့ လာတတ်သူ (အာဂါမိ) ပုဂ္ဂိုလ်ဖြစ်၏။
- ကာမဂုဏ်နှင့်စပ်သော ရာဂနှင့်မယှဉ်မူ၍ ရူပဘဝ၊ အရူပဘဝနှင့်စပ်သော ရာဂနှင့်သာယှဉ်သူသည် ဤလူ့ပြည်သို့ မလာတတ်သူ(အနာဂါမိ) ပုဂ္ဂိုလ် ဖြစ်၏။
- ကာမဂုဏ်နှင့်စပ်သော ရာဂနှင့်လည်းမယှဉ်၊ ရူပဘဝ အရူပဘဝနှင့်စပ်သော ရာဂနှင့်လည်း မယှဉ်သူသည် အာသဝေါကုန်ခန်းသူ ရဟန္တာ ပုဂ္ဂိုလ် ဖြစ်၏။

ဤအနက်သဘောကို-

- ကာမဂုဏ်နှင့်စပ်သော ရာဂနှင့်လည်းမယှဉ်၊ ရူပဘဝ၊ အရူပဘဝနှင့်စပ်သော ရာဂနှင့်လည်း မယှဉ်သူသည် အာသဝေါကုန်ခန်းသူ ရဟန္တာ ပုဂ္ဂိုလ် ဖြစ်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

- ကာမဂုဏ်နှင့်စပ်သော ရာဂနှင့်လည်းကောင်း၊
- ရူပဘဝ အရူပဘဝနှင့်စပ်သော ရာဂနှင့်လည်း ကောင်း၊

ဤနှစ်ပါးစုံနှင့် ယှဉ်ကုန်သော သတ္တဝါတို့သည် ပဋိသန္ဓေနေခြင်း သေခြင်းသို့ ရောက်ကြရကုန်သည် ဖြစ်၍ သံသရာ၌ ကျင်လည်ကြရကုန်၏။

- အကြင်သတ္တဝါတို့သည် ကိလေသာကာမဂုဏ် တို့ကို ပယ်ပြီး၍လည်း အာသဝေါကုန်ခြင်းသို့ မရောက်နိုင်ကြကုန်သေး၊
- ရူပဘဝ, အရူပဘဝနှင့်စပ်သော ရာဂနှင့်ယှဉ် ကုန်၏၊ ထိုသတ္တဝါတို့ကို အနာဂါမ်ဟူ၍ ဆိုအပ် ကုန်၏။
- အကြင်သူတို့သည် ယုံမှားသံသယပြတ်ပြီး ဖြစ် ကုန်၏။ မာနကုန်ပြီး တစ်ဖန် ဘဝသစ်၌ ဖြစ်မှု ကုန်ပြီး ဖြစ်ကုန်၏။
- အာသဝေါကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်ပြီး ဖြစ်ကုန်၏။
- ထိုသူတို့သည် လောက၌ အမှန်စင်စစ် နိဗ္ဗာန် ဟူသော တစ်ဘက်ကမ်းသို့ ရောက်ပြီးသူတို့ ဖြစ်ကုန်၏။

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၈။ ကောင်းမွန်မြတ်သောအကျင့်ရှိမှု(ကလျာဏသီလ)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- ကောင်းသောသီလရှိသူ
- ကောင်းသောတရားရှိသူ
- ကောင်းသောပညာရှိသူ

ရဟန်းကို ဤဓမ္မဝိနယသာသနာတော်၌ တစ်စုံတစ်ခုသခ်ါရမဖက် သက်သက် နိဗ္ဗာန်ကို ရပြီးသူ၊ ကျင့်သုံးပြီးသူ ယောက်ျားမြတ်ဟု ဆိုအပ်၏။

- ရဟန်းသည်အဘယ်သို့လျှင် ကောင်းသော သီလ ရှိသူဖြစ်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် သီလရှိ၏၊ ပါတိမောက္ခသံဝရသီလကို စောင့်ထိန်း၍ အကျင့် ကျက်စားရာနှင့် ပြည့်စုံသည်ဖြစ်၍နေ၏။ အနည်းငယ်မျှသော အပြစ်တို့၌ ဘေးဟုရှုလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာဆောက်တည်၍ ကျင့်၏။

ဤသို့လျှင် ရဟန်းသည် ကောင်းသောသီလရှိသူ ဖြစ်၏။ ကောင်းသောသီလရှိ၏။

- ရဟန်းသည် အဘယ်သို့လျှင် ကောင်းသော တရားရှိသူဖြစ်သနည်း။
- ဤသာသနာတော်၌ ရဟန်းသည် ခုနစ်ပါးသော ဗောဓိပက္ခိယတရားတို့ကို ပွားများအားထုတ်ခြင်း နှင့် ယှဉ်သည်ဖြစ်၍နေ၏။

ဤသို့လျှင် ရဟန်းသည် ကောင်းသောတရားရှိသူ ဖြစ်၏။ ကောင်းသောတရားရှိ၏။

- ရဟန်းသည် အဘယ်သို့လျှင် ကောင်းသော ပညာရှိသူဖြစ်သနည်း။
- ဤသာသနာတော်၌ ရဟန်းသည် အာသဝေါ တရားတို့ ကုန်ခြင်းကြောင့် အာသဝေါမရှိသော ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တ ဖိုလ်စိတ်နှင့် ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကိုပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်၍ နေ၏။
- ဤသို့လျှင် ရဟန်းသည် ကောင်းသောပညာ ရှိ၏။

- ဤသို့လျှင် ရဟန်းသည် ကောင်းသောပညာ ရှိ၏။
- ဤသို့လျှင် ကောင်းသောသီလရှိသူ၊ တရားရှိသူ၊ ပညာရှိသူ ရဟန်းကို ဤဓမ္မဝိနယ သာသနာတော်၌ တစ်စုံတစ်ခု သခ်ါရမဖက် သက်သက် နိဗ္ဗာန်ကို ရပြီးသူ၊ ကျင့်သုံးပြီးသူ ယောကျ်ား မြတ်ဟု ဆိုအပ်၏။''

ဟု ဤအနက်သဘောကို ဟောတော်မူပါသည်။

ဤအနက်သဘောကို -

''အကြင်ရဟန်းအား ကိုယ်,နှုတ်,စိတ်ဖြင့် မကောင်း ပြုခြင်းမရှိ၊ ရှက်စိတ်ရှိသော ထိုရဟန်းကို စင်စစ် ကောင်း သော သီလရှိသူဟူ၍ ဆိုကြကုန်၏။

အကြင်ရဟန်းအား အရဟတ္တဖိုလ်သို့ ရောက်စေ တတ်သော တရားခုနစ်ပါးတို့ကို ကောင်းစွာ ပွားတော်မူ၏။ ရာဂပွားခြင်း စသည်ကင်းသော ထိုရဟန်းကို ကောင်းသော တရားရှိသူဟူ၍ ဆိုကြကုန်၏။

အကြင်ရဟန်းသည် ဤဘဝ၌ မိမိ၏ဆင်းရဲကုန်ခြင်း ကို သိ၏။ အာသဝေါကုန်ခန်းသော ထိုရဟန်းကို ကောင်း သောပညာရှိသူဟူ၍ ဆိုကြကုန်၏။

ထိုတရားတို့နှင့် ပြည့်စုံ၍ ဆင်းရဲကင်းသော ယုံမှားမှု ကင်းပြတ်ပြီးသော တဏှာဒိဋ္ဌိတို့၌ မမှီသောသူကို အလုံးစုံ

သော လောက၌ အလုံးစုံပယ်ပြီးသူဟု ဆိုကြကုန်၏။ ”
ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၉။ ပေးကမ်းမှု(ဒါန)

ဗုဒ္ဓသည်-

“ရဟန်းတို့…ပေးလှူခြင်းတို့သည်-

- ပစ္စည်းလေးပါးကို ပေးလှူမှု-အာမိသဒါန
- တရားဟောခြင်း စသော ပေးလှူမှု-ဓမ္မဒါန

ဤနှစ်မျိုးတို့တည်း။

ဤနှစ်မျိုးတို့တွင် တရားဟောပြခြင်း ဓမ္မဒါနသည် အမြတ်ဆုံးဖြစ်၍ ရဟန်းတို့ ခွဲခြမ်းဝေဖန်ခြင်းတို့သည်-

- ပစ္စည်းလေးပါးကို ခွဲခြမ်းဝေဖန်ခြင်း-အာမိသ သံဝိဘာဂ၊
- တရားကိုဟောခြင်း စသော ခွဲခြမ်းဝေဖန်ခြင်း- ဓမ္မသံဝိဘာဂ၊

ဤနှစ်မျိုးတို့တွင် တရားဟောခြင်း ဓမ္မာနုဂ္ဂဟာသည် မြတ်၏။“

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ဒါနကို အတုမရှိ မြတ်၏ဟု ဆိုကုန်၏။
- အကြင်ခွဲခြမ်းဝေဖန်ခြင်းကို အတုမရှိ မြတ်၏ ဟု ဗုဒ္ဓသည် ချီးမွမ်းတော်မူ၏။
- သီလစသော ဂုဏ်တို့ဖြင့် မြတ်သောကောင်းမှု တည်ရာ ရတနာသုံးပါး၌ ကြည်ညိုစိတ်ရှိ၍ ဒါန အကျိုးကို ပိုင်းခြားသိသော အဘယ်မည်သော ပညာရှိသည် သင့်တင့်သောကာလ၌ မပေးလှူဘဲ ရှိမည်နည်း။
- အကြင်သူတို့သည် တရားလည်း ဟောကုန်၏။ တရားလည်းနာကုန်၏။ ဟောသူ,နာသူ ထိုနှစ်ဦး တို့သည် ဗုဒ္ဓသာသနာတော်၌ ကြည်ညိုစိတ် ရှိကြကုန်၏။
- အကြင်သူတို့သည် ဗုဒ္ဓသာသနာတော်၌ မမေ့ မလျော့ကြကုန်၊ ထိုသူတို့၏မြတ်သော ထိုဓမ္မ ဒါန၊ ဓမ္မသံဝိဘာဂ၊ ဓမ္မာနုဂ္ဂဟအကျိုးသည် အရဟတ္တဖိုလ် ဟူသော စင်ကြယ်ခြင်းဖြင့် စင်ကြယ်၏"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၁၀။ ဝိဇ္ဇာသုံးပါးရှုမှု(တေဝိဇ္ဇ)

ဗုဒ္ဓသည်-

"ရဟန်းတို့…သင့်သော အကြောင်းဖြင့် ဝိဇ္ဇာသုံးပါး နှင့် ပြည့်စုံသူကို ဗြဟ္မဏဟု ငါဘုရား ပညတ်၏။

- မန္တာန်ရွတ်ဆိုတတ်ကာမျှဖြင့် တစ်ပါးသော ဇာတိ ဗြဟ္မဏမျိုးကို ဗြဟ္မဏဟု ငါဘုရား မပညတ်၊
- အဘယ်သို့လျှင် ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသူကို ဗြဟ္မဏဟု ပညတ်သနည်း၊
- အဘယ်သို့လျှင် မန္တာန်ရွတ်ဆိုတတ်ကာမျှဖြင့် ဗြဟ္မဏဟု မပညတ်သနည်း၊

ဤသာသနာတော်၌ ရဟန်းသည်-

- များပြားသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏။ ဤသည်တို့ကား အဘယ်နည်း။
- တစ်ဘဝ, နှစ်ဘဝ, သုံးဘဝ, လေးဘဝ, ငါးဘဝ တို့ကိုလည်းကောင်း၊
- ဆယ်ဘဝ, ဘဝနှစ်ဆယ်, ဘဝသုံးဆယ်, ဘဝ လေးဆယ်, ဘဝငါးဆယ်တို့ကို လည်းကောင်း၊
- ဘဝတစ်ရာ,ဘဝတစ်ထောင်, ဘဝတစ်သောင်း, တစ်သိန်းတို့ကိုလည်းကောင်း များပြားသော ဖြစ်

ကပ်, ပျက်ကပ်,ဖြစ်ကပ်,ပျက်ကပ်တို့ကို
လည်းကောင်း။

ဤမည်သောဘဝ၌ ငါသည်-

- ဤသို့သောအမည်ရှိခဲ့၏။
- ဤသို့သောဘစရှိခဲ့၏။
- ဤသို့သောအဆင်းရှိခဲ့၏။
- ဤသို့သောအနွယ်ရှိခဲ့၏။
- ဤသို့သောချမ်းသာ,ဆင်းရဲ ခံစားခဲ့ရ၏။
- ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏။

ထိုငါသည် ထိုဘဝမှ သေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ပြန်၏။ ထိုဘဝ၌လည်း-

- ဤသို့သောအမည်ရှိခဲ့၏။
- ဤသို့သော အနွယ်ရှိခဲ့၏။
- ဤသို့သောအဆင်းရှိခဲ့၏။
- ဤသို့သော အနွယ်ရှိခဲ့၏။
- ဤသို့သော ချမ်းသာဆင်းရဲခံစားခဲ့ရ၏။ ဤသို့သော အသက်အပိုင်းအခြား ရှိခဲ့၏။

ထိုငါသည် ထိုဘဝမှသေခဲ့၍ ဤဘဝ၌ ဖြစ်ပြန်၏ဟု ဤသို့အခြင်းအရာနှင့်တကွ ညွှန်ပြဖွယ် အမည်အနွယ်နှင့်တကွ များပြားသော ရှေးဘဝတို့၌ ဖြစ်ဘူးသောဘဝကို အောက်မေ့နိုင်၏။

ထိုရဟန်းအား ဤပဌမဖြစ်သော အဘိညာဉ်ဝိဇ္ဇာကို ရ၏။

- မမေ့မလျော့ ပြင်းစွာအားထုတ်၍ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည်ဖြစ်၍နေသောသူ အားမသိမှုပျောက်၍ အသိဉာဏ်ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား မသိမှုဖျောက်၍ အသိဉာဏ် ဖြစ်ပေါ်၏။
- အမိုက်မှောင်ဖျောက်၍ အလင်းရောင်ဖြစ်ပေါ်သကဲ့သို့ ထိုရဟန်းအား အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်၏။

ရဟန်းတို့…နောက်တစ်မျိုးကား ရဟန်းသည် အထူးသဖြင့် စင်ကြယ်သောလူတို့၏ မျက်စိထက် သာလွန်သော နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့်-

| | |
|---|---|
| -သေဆဲသတ္တဝါ | - ဖြစ်ပေါ်ဆဲသတ္တဝါ |
| -ယုတ်သောသတ္တဝါ | - မြတ်သောသတ္တဝါ |
| -အဆင်းလှသောသတ္တဝါ | - အဆင်းမလှသောသတ္တဝါ |
| -ကောင်းသောလားရာ ရှိသောသတ္တဝါ | - မကောင်းသောလားရာ ရှိသောသတ္တဝါ |

တို့ကိုမြင်၏။ ကံအားလျော်စွာ ဖြစ်ပေါ်လာသော သတ္တဝါတို့ကို သိ၏။

အချင်းတို့…ဤသတ္တဝါတို့သည်-

- ကိုယ်ဖြင့်ပြုသော မကောင်းသော အကျင့်နှင့် ပြည့်စုံကုန်၏။
- နှုတ်ဖြင့်ပြောဆိုသော မကောင်းသောအကျင့်နှင့် ပြည့်စုံ၏။
- စိတ်ဖြင့်ကြံစည်သော မကောင်းသောအကျင့်နှင့် ပြည့်စုံ၏။
- အရိယာတို့ကို စွပ်စွဲတတ်ကုန်၏။
- မှားသောအယူရှိကုန်၏။
- မှားသောအယူဖြင့်ပြုသော ကံရှိကုန်၏။

ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်၍ သေပြီးနောက်၌ ချမ်းသာကင်းသော မကောင်းသောလားရာ ပျက်စီးကျရောက်ရာငရဲ၌ ဖြစ်ရကုန်၏။

အချင်းတို့ သတ္တဝါတို့သည်ကား-

- ကိုယ်ဖြင့်ပြုအပ်သော ကောင်းသောအကျင့်နှင့် ပြည့်စုံ၏။
- နှုတ်ဖြင့်ပြောဆိုအပ်သော ကောင်းသောအကျင့်နှင့် ပြည့်စုံ၏။
- စိတ်ဖြင့်ကြံစည်အပ်သော ကောင်းသောအကျင့်နှင့် ပြည့်စုံ၏။
- အရိယာတို့ကို မစွပ်စွဲတတ်ကုန်။
- မှန်သောအယူရှိကုန်၏။

- မှန်သောအယူဖြင့် ပြုသော ကံရှိကုန်၏။

ထိုသတ္တဝါတို့သည် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်နောက်၌ ကောင်းသောလားရာနတ်ပြည်သို့ ရောက်ရကုန်၏ဟု သိ၏။

ဤဒုတိယဖြစ်သော အသိဉာဏ်ဝိဇ္ဇာကိုရ၏။

ရဟန်းတို့ နောက်တစ်မျိုးကား-

ရဟန်းသည် အာသဝေါတရားတို့ ကုန်ခြင်းကြောင့် အာသဝေါကင်းသော ကိလေသာတို့မှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာတို့မှလွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက်မှောက်ပြုကာ ရောက်၍နေ၏။

ထိုရဟန်းအား ထိုတတိယမြောက်ဖြစ်သော ဝိဇ္ဇာကို ရ၏။

- မမေ့မလျော့ ပြင်းစွာအားထုတ်လျက် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသည်ဖြစ်၍ နေသောသူအား မသိမှုပျောက်၍ အသိဉာဏ်ဖြစ်ပေါ်သကဲ့သို့ ထို ရဟန်းအား မသိမှုပျောက်၍ အသိဉာဏ်ဖြစ် ပေါ်၏။
- အမိုက်မှောင်ပျောက်၍ အလင်းရောင်ဖြစ်ပေါ် သကဲ့သို့ ထိုရဟန်းအား အမိုက်မှောင်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်၏။

ရဟန်းတို့...ဤသို့လျှင် သင့်သောအကြောင်းအား ဖြင့် ဝိဇ္ဇာသုံးပါးနှင့်ပြည့်စုံသောသူကို ဗြဟ္မဏဟု ငါဘုရား ပညတ်တော်မူ၏။

- မန္တာန်ရွတ်ဆိုတတ်ကာမျှဖြင့် တစ်ပါးသော ဇာတိ ဗြဟ္မဏမျိုးကို ဗြဟ္မဏဟု ငါဘုရား မပညတ်၊''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

''အကြင်ရဟန်းသည်...ရှေး၌ဖြစ်ဘူးသော ခန္ဓာ အစဉ်ကိုသိ၏။ နတ်ပြည်, ငရဲပြည်ကိုလည်း မြင်၏။ ပဋိသန္ဓေကုန်ရာ အရဟတ္တဖိုလ်သို့လည်း ရောက်၏၊ ထူးသော မဂ်ပညာဖြင့် သိမှုကိစ္စ ပြီးဆုံးပြီးသော ထိုရဟန်းသည်-

ဤဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံသောကြောင့် တေဝိဇ္ဇာ ဗြဟ္မဏ ဖြစ်၏။ ထိုသူကိုသာ တေဝိဇ္ဇာဗြဟ္မဏဟု ငါဟော ၏။ တစ်ပါးသော မန္တာန်ရွတ်ဆိုတတ်ကာမျှဖြစ်သော ဇာတိဗြဟ္မဏမျိုးဖြစ်သူကို တေဝိဇ္ဇဗြဟ္မဏဟု ငါမဟော'' ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

....ပဥ္စမအစုပြီး၏....

# အခန်း(၅)

## ၄။ လေးပါးစုအစဉ်
## (စတုက္ကနိပါတ)

### ၁။ မြတ်သောတရားရှင်(ဗြဟ္မဏ ဓမ္မယာဂ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ငါဘုရားသည်

- ဗြဟ္မဏအစစ်ဖြစ်၏။
- တောင်းခံနေသူတို့နှင့်ဆက်စပ်နေသူဖြစ်၏။
- အခါခပ်သိမ်းပေးလှူရန် ဆေးကြောပြီးသော လက်ရှိသူဖြစ်၏။
- အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်သူဖြစ်၏။
- အတုမရှိသော ဆေးဆရာဖြစ်၏။

- အတုမရှိမှု၍ ပြောင့်ကိုနတ်တတ်သူဆရာဖြစ်၏။

သင်တို့သည် ငါဘုရား၏ ရင်၌ဖြစ်သူ ခံတွင်းမှဖြစ်သူ အရိယာမဂ်တရား၌ဖြစ်သူ၊ အရိယာမဂ်တရားသည် ဖန်ဆင်းအပ်သူ၊ တရားအမွေခံသူ၊ အာမိသအမွေခံ မဟုတ်သူ၊ သားတော်တို့ ဖြစ်ကြကုန်လော့။

ဒါနတို့သည်-

- ပစ္စည်းလေးပါးပေးလှူမှု
- တရားဟောခြင်း စသော ပေးလှူမှု

ဤနှစ်မျိုးတွင် တရားဟောခြင်း စသော ပေးလှူမှုသည် မြတ်၏။

ခွဲခြမ်းဝေဖန်ခြင်းတို့သည်-

- ပစ္စည်းလေးပါးကို ခွဲခြမ်းဝေဖန်မှု
- တရားဟောခြင်းစသော ခွဲခြမ်းဝေဖန်မှု

ဤနှစ်မျိုးတွင် တရားဟောခြင်းစသော ခွဲခြမ်းဝေဖန်မှုသည်မြတ်၏။

ချီးမြှောက်မှုတို့တွင်-

- ပစ္စည်းလေးပါးဖြင့်ချီးမြှောက်မှု
- တရားဟောခြင်းစသည်ဖြင့် ချီးမြှောက်မှု

ဤနှစ်မျိုးတို့တွင် တရားဟောခြင်း စသည်ဖြင့် ချီးမြှောက်မှုက မြတ်၏။

ပူဇော်ခြင်းတို့တွင်-

- ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်း၊
- တရားဟောခြင်း စသည်ဖြင့် ပူဇော်ခြင်း၊

ဤနှစ်မျိုးတို့တွင် တရားဟောခြင်း စသည်ဖြင့် ပူဇော်ခြင်းသည်မြတ်၏။''

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''အလုံးစုံသော သတ္တဝါတို့ကို သနားတော်မူလေ့ရှိသော ဗုဒ္ဓသည် ဝန်တိုစိတ်မရှိမူ၍ တရားဟောတော်မူခြင်းဟူသော ယာဇ်ပူဇော်ခြင်းကို ပေးလှူပူဇော်ခဲ့ပြီ။

နတ်လူတို့ထက် မြတ်တော်မူသော ဘဝ၏ကမ်းတစ်ဘက်သို့ ရောက်တော်မူသော ထိုသို့သဘောရှိသောဗုဒ္ဓကို သတ္တဝါတို့သည် ရှိခိုးကြကုန်၏။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားခဲ့သည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၂။ ရလွယ်သည်(သုလဘ)

ဗုဒ္ဓသည်-

''ရဟန်းတို့...ကိစ္စလည်းနည်းကုန်၊ ရလည်းရလွယ်ကုန်၊ အပြစ်လည်းကင်းကုန်သော အရာဝတ္ထုတို့သည်-

- သင်္ကန်းတို့တွင် ပံ့သုကူသင်္ကန်းသည်

- ဘောဇဉ်တို့တွင် သလုံးမြင်းခေါင်းဖြင့် ရင်းနှီး၍ ရအပ်သောဆွမ်းသည်
- ကျောင်းတို့တွင် သစ်ပင်ရင်းဟူသောကျောင်းသည်
- ဆေးတို့တွင် နွားကျင်ငယ်ဖြင့် ထုံအပ်သော ဆေးသည်

ကိစ္စလည်းနည်း၏၊ ရလည်း ရလွယ်၏။ အပြစ်လည်း မရှိ။

- ရဟန်းသည် ကိစ္စနည်းသဖြင့်လည်းကောင်း၊ ရလွယ်သဖြင့်လည်းကောင်း၊ အပြစ်မရှိသဖြင့်လည်းကောင်း ရောင့်ရဲ၏။
- ထိုရဟန်း၏ ရောင့်ရဲခြင်းကို သီလစောင့်ထိန်းမှုစသည်တို့တွင် တစ်ပါးအပါအဝင်ဖြစ်၍ အရိယာမဂ်၏ အကြောင်းအင်္ဂါဟု ငါဆို၏။"

ဟု ဤအနက်သဘောကို ဟောတော်မူပါသည်။

ဤအနက်သဘောကို-

"- အပြစ်မရှိသဖြင့်လည်းကောင်း၊
- ကိစ္စနည်းသဖြင့်လည်းကောင်း၊
- ရလွယ်သဖြင့်လည်းကောင်း

ရောင့်ရဲသောရဟန်းအား ကျောင်းသင်္ကန်း၊ အဖျော်ဘောဇဉ်ကို အကြောင်းပြု၍ စိတ်ပင်ပန်းမှုမဖြစ်၊ အရပ်မျက်နှာကို မညှင်းဆဲ။

အရိယာမဂ်အားလျော်သော အကြင်တရားတို့ကို ဗုဒ္ဓ ဟောကြားတော်မူအပ်ကုန်၏။ ထိုတရားတို့ကို မမေ့မလျော့ ကျင့်သော ရောင့်ရဲလွယ်သော ထိုရဟန်းသည် သိမ်းကျုံးယူ နိုင်၏”

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

## ၃။ ယိုစီးကုန်မှု(အာသဝက္ခယ)

ဗုဒ္ဓသည်-

“ရဟန်းတို့…သိသူ,မြင်သူအား အာသဝေါတရားတို့ ကုန်ခြင်းကို ငါဆို၏။ မသိသူ၊ မမြင်သူအား အာသဝေါတရား ကုန်ခြင်းကို ငါမဆို။

- အဘယ်ကိုသိသူ,မြင်သူသည် အာသဝေါတရား ကုန်သည်ဖြစ်သနည်း။
- ဤကားဆင်းရဲတည်း၊
- ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊
- ဤကား ဆင်းရဲချုပ်ရာတည်း၊
- ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တည်းဟု သိသူ,မြင်သူသည် အာသဝေါ တရား ကုန်ခြင်းဖြစ်၏။”

ဟု ဤအနက်သဘောကို ဟောကြားပါသည်။

ဤအနက်သဘောကို-

''ဖြောင့်မှန်သောလမ်းသို့ အစဉ်လိုက်သော ကျင့်ဆဲ ပုဂ္ဂိုလ်အား ကိလေသာကုန်ရာနိဗ္ဗာန်၌ ပထမအရဟတ္တမဂ် ဉာဏ်ဖြစ်၏။ ထိုအရဟတ္တမဂ်ဉာဏ်မှ အခြားမဲ့၌ အရဟတ္တ ဖိုလ်ဖြစ်၏။

ထိုအရဟတ္တဖိုလ်မှ နောက်အရဟတ္တဖိုလ်သို့ ရောက် သောပုဂ္ဂိုလ်အား မြတ်သောနိဗ္ဗာန်နှင့် အရဟတ္တဖိုလ်၌ ဖြစ်သော ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။

သံယောဇဉ်တို့ ကုန်ခြင်းကို ပြုတတ်သော အရဟတ္တ မဂ်၌ ပစ္စဝေက္ခဏာဉာဏ်ဖြစ်၏။

ပျင်းရိမိုက်မဲ၍ အသိဉာဏ်မဲ့သူသည် အလုံးစုံ အနှောင်အဖွဲ့မှလွတ်သောနိဗ္ဗာန်ကို မရထိုက်''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

**၄။ သစ္စာ ဖြတ္တက္ကာသတ်မှတ်မှု(သစ္စာ ဖြတ္တက္ကာ)**

ဗုဒ္ဓသည်-

''ရဟန်းတို့...

- ဤကား ဆင်းရဲတည်း၊
- ဤကား ဆင်းရဲဖြစ်ကြောင်းတည်း၊

- ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်း၊
- ဤကား ဆင်းရဲချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်တည်း။

ဟု ဟုတ်တိုင်းမှန်စွာမသိကြသူ သမဏ၊ ဗြာဟ္မဏ ဟူသမျှတို့ကို သမဏဟူ၍လည်းကောင်း၊ ဗြာဟ္မဏ ဟူ၍လည်းကောင်း ငါဘုရား မသမုတ်ကုန်။

ထိုအရှင်တို့သည်-

- သမဏဖြစ်ကျိုးကိုလည်းကောင်း၊
- ဗြာဟ္မဏဖြစ်ကျိုးကိုလည်းကောင်း၊

ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသောဉာဏ်ဖြင့်သိလျက် မျက်မှောက်ပြုကာ ရောက်၍ မနေကြကုန်။

ရဟန်းတို့…

ထိုအမှန်တရားလေးပါးကို ဟုတ်တိုင်းမှန်စွာ သိကြသူတို့ကိုကား သမဏ-ဗြာဟ္မဏဟူ၍ ငါဘုရားသမုတ်အပ်ကုန်၏။

ထိုအရှင်တို့သည်-

- သမဏဖြစ်ကျိုးကိုလည်းကောင်း၊
- ဗြာဟ္မဏဖြစ်ကျိုးကိုလည်းကောင်း၊

ယခုဘဝ၌ပင် ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့် သိလျက် မျက်မှောက်ပြုကာ ရောက်၍နေကြရကုန်၏။”
ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

''အကြင်သူတို့သည် ဆင်းရဲကို မသိကုန်၊ ဆင်းရဲဖြစ်ကြောင်းကို မသိကုန်၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့် အကြွင်းမဲ့ ဆင်းရဲချုပ်ရာ နိဗ္ဗာန်ကိုလည်းကောင်း၊ ထိုနိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ကိုလည်းကောင်း မသိကြကုန်။

ထိုသူတို့သည်-

ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှ လွတ်မြောက်သော အရဟတ္တမဂ်ပညာမှ ယုတ်ကုန်၏။

ထိုသူတို့သည်-

ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှာ မထိုက်ကုန်၊ ပဋိသန္ဓေနေခြင်း, အိုခြင်းသို့ ဧကန်ရောက်ကြရကုန်၏။

အကြင်သူတို့သည်-

ဆင်းရဲ စသည်တို့ကို သိကုန်၏။

ထိုသူတို့သည်-

ကိလေသာမှ လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် ကိလေသာမှလွတ်မြောက်သော အရဟတ္တဖိုလ်ပညာနှင့် ပြည့်စုံကုန်၏။

ထိုသူတို့သည်-

ဝဋ်ဆင်းရဲအဆုံးကို ပြုခြင်းငှာထိုက်ကုန်၏။ ပဋိသန္ဓေနေခြင်း, အိုခြင်းသို့ မကပ်ရောက်ကုန်။''

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၅။ ပြည့်စုံမှု(သီလသမ္ပန္န)

ဗုဒ္ဓသည်-

"ရဟန်းတို့…

- သီလနှင့်ပြည့်စုံကြသူ
- သမာဓိနှင့်ပြည့်စုံကြသူ
- ပညာနှင့်ပြည့်စုံကြသူ
- အရဟတ္တဖိုလ်လွတ်မြောက်မှုနှင့်ပြည့်စုံကြသူ
- အရဟတ္တဖိုလ်လွတ်မြောက်မှုကို ဆင်ခြင်သော ဉာဏ်အမြင်နှင့် ပြည့်စုံကြသူ
- သူတစ်ပါးကို သိစေတတ်သူ
- တရားကို ကောင်းစွာပြတတ်သူ
- ဆောက်တည်စေတတ်သူ
- ထက်သန်စေတတ်သူ
- ရွှင်လန်းစေတတ်သူ
- သူတော်ကောင်းတရားကို ကောင်းစွာဟောကြားခြင်းငှာစွမ်းနိုင်သူ ရဟန်းတို့အား ဖူးမြင်ရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏။

ရဟန်းတို့…ငါဘုရားသည် ထိုရဟန်းတို့၏အကြောင်းကို ကြားရရုံမျှကိုလည်း ကျေးဇူးများ၏ဟု ငါဆို၏။

ထိုရဟန်းတို့အား -

- ချဉ်းကပ်ရုံမျှလည်း
- မှီဝဲဆည်းကပ်ရုံမျှလည်း
- ဂုဏ်ကိုအောက်မေ့ရုံမျှလည်း
- အတုလိုက်၍ ရဟန်းပြုရုံမျှကိုလည်း

ကျေးဇူးများသည်ဟု ငါဆို၏။ ထိုသို့ဖြစ်ခြင်းသည် အဘယ့်ကြောင့်နည်း။

ရဟန်းတို့…ထိုသို့သဘောရှိသော ရဟန်းတို့ကို မှီဝဲဆည်းကပ်သူ၊ ချဉ်းကပ်သူတို့အား -

- မပြည့်စုံသေးသော သီလအစုသည်လည်း ပွားများ ပြည့်စုံခြင်းသို့ ရောက်၏။
- မပြည့်စုံသေးသော သမာဓိသည်လည်း ပွားများ ပြည့်စုံခြင်းသို့ရောက်၏။
- မပြည့်စုံသေးသော ပညာသည်လည်း ပွားများ ပြည့်စုံခြင်းသို့ရောက်၏။
- မပြည့်စုံသေးသော အရဟတ္တဖိုလ် လွတ်မြောက်မှုအစုသည်လည်း ပွားများပြည့်စုံခြင်းသို့ရောက်၏။

ရဟန်းတို့…

- ဤသို့သဘောရှိသော ရဟန်းတို့ကို ဆုံးမတတ်သူ ဆရာတို့ဟူ၍လည်း ဆိုရကုန်၏။
- လှည်းမှူးသဖွယ် ခေါင်းဆောင်ပုဂ္ဂိုလ်တို့ဟူ၍လည်း ဆိုရကုန်၏။
- ကိလေသာမြူအညစ်အကြေးပယ်စွန့်ပေးသူတို့ဟူ၍လည်း ဆိုရကုန်၏။
- အမိုက်မှောင်ကို ပယ်ဖျောက်တတ်သူတို့ ဟူ၍လည်း ဆိုရကုန်၏။
- အလင်းကိုပြတတ်သူတို့ဟူ၍လည်း ဆိုရကုန်၏။
- အရောင်ကိုပြတတ်သူတို့ ဟူ၍လည်းဆိုရကုန်၏။
- ထွန်းပြောင်ခြင်းကို ပြတတ်သူတို့ ဟူ၍လည်း ဆိုရကုန်၏။
- မီးရှူးတိုင်ကိုဆောင်သူတို့ ဟူ၍လည်းဆိုရကုန်၏။
- တောက်ပခြင်းကို ပြတတ်သူတို့ ဟူ၍လည်း ဆိုရကုန်၏။
- အရိယာတို့ဟူ၍လည်း ဆိုရကုန်၏။
- ပညာမျက်စိ အမြင်ရှိသူတို့ ဟူ၍လည်းဆိုရကုန်၏။”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"ပွားများပြီးသော ကိုယ်,စိတ်ရှိသော တရားသဖြင့် အသက်မွေးကုန်သော အရိယာပညာရှိတို့ကို ဖူးမြင်ရခြင်းသည် ဝမ်းမြောက်ခြင်းကို ပြုတတ်သော အကြောင်းဖြစ်၏။

ဉာဏ်အလင်းရောင်ကို ပြုတတ်ကုန်သော ဉာဏ်အလင်းကို ပြုတတ်ကုန်သော ပညာမျက်စိအမြင်ရှိကုန်သော ကိလေသာမြူအညစ်အကြေးကို ပယ်စွန့်တတ်ကုန်သော ထိုအရိယာပညာရှိသည် သူတော်ကောင်းတရားကို ထွန်းလင်းစေကုန်၏။ သူတော်ကောင်းတို့၏ တရားအရောင်ဖြင့် လောကကို တောက်ပစေကုန်၏။

ယင်းအရိယာတို့၏ အဆုံးအမကို ကြားနာရ၍ ပညာရှိတို့သည် ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာသိပြီးလျှင် ဓာတိကုန်ရာနိဗ္ဗာန်ကို ထူးသောဉာဏ်ဖြင့် သိခြင်းကြောင့် တစ်ဖန် ဘဝသစ်သို့ မရောက်ကြကုန်"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၆။ တဏှာဖြစ်ပေါ်မှုအကြောင်း(တဏှုပ္ပါဒ)

ဗုဒ္ဓသည်-

"ရဟန်းတို့…တဏှာဖြစ်ရာ အကြောင်းဝတ္ထုတို့သည်-

- သင်္ကန်းဟူသောအကြောင်းကြောင့်
- ဆွမ်းဟူသောအကြောင်းကြောင့်
- ကျောင်းအိပ်ရာနေရာဟူသော အကြောင်းကြောင့်
- မွန်မြတ်သည်ထက် မွန်မြတ်သော ထောပတ် ဆီဦး စသော ဆေးပစ္စည်းဟူသော အကြောင်းကြောင့် တဏှာဖြစ်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"တဏှာလျှင် အဖော်ရှိသော ယောကျ်ားသည် ရှည်ကြာစွာသောကာလပတ်လုံး ကျင်လည်ရသည်ဖြစ်၍ ဤလူ့အဖြစ် တစ်ပါးသောသတ္တဝါအဖြစ်ဟူသော သံသရာကို မလွန်မြောက်နိုင်။

သတိရှိသော ရဟန်းသည် ဆင်းရဲ၏အကြောင်း ဖြစ်သော ထိုတဏှာ၏ အပြစ်ကိုသိ၍ တဏှာကင်းသော ကြောင့် နောင်တစ်ဖန် ပဋိသန္ဓေမယူတော့ဘဲ သံသရာမှ ထွက်မြောက်နိုင်ရာ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၇။ ဗြဟ္မာနှင့်အတူနေသူ(သဗြဟ္မကာ)

ဗုဒ္ဓသည်-

"ရဟန်းတို့…အကြင်အမျိုးတို့၏ သားသမီးတို့သည် အမိအဖတို့ကို မိမိအိမ်၌ ပူဇော်ထားကြကုန်၏။ ထိုအမျိုးတို့သည်-

- ဗြဟ္မာနှင့်အတူတကွ နေကြရသူ
- အိမ်ဦးနတ်နှင့်အတူတကွ နေကြရသူ
- လက်ဦးဆရာနှင့်အတူတကွနေကြရသူ
- အရပ်ဝေးမှ ဆောင်လာ၍သော်လည်း ပေးလှူထိုက်သူနှင့်အတူတကွ နေရသူတို့ ဖြစ်ကြကုန်၏။

ရဟန်းတို့…

- ဗြဟ္မာဟူသော အမည်သည်
- အိမ်ဦးနတ်ဟူသော အမည်သည်
- လက်ဦးဆရာဟူသောအမည်သည်
- ရပ်ဝေးမှ ဆောင်ယူလာ၍ ပေးလှူထိုက်သူဟူသော အမည်သည် မိဘတို့၏ အမည်တည်း။

ရဟန်းတို့…မိဘတို့သည် သားသမီးတို့အား-

- ကျေးဇူးများကုန်၏။
- အသက်ကို စောင့်ရှောက်တတ်ကုန်၏။
- ကျွေးမွေးတတ်ကုန်၏။

- ဤလောကကို ပြတတ်ကုန်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"- အမိအဖတို့ကို သားသမီးတို့၏ ဗြဟ္မာဟူ၍ လည်းကောင်း၊

- လက်ဦးဆရာဟူ၍လည်းကောင်း၊

- အရပ်ဝေးမှဆောင်လာ၍သော်လည်း ပေးလှူအပ်သော အလှူခံထိုက်သူတို့ဟူ၍လည်းကောင်း ဆိုရကုန်၏။

- သားသမီးတို့အား စောင့်ရှောက်တတ်ကုန်၏။

ထို့ကြောင့် ပညာရှိတို့သည်-

- ထိုအမိအဖတို့ကို ရှိခိုးရာ၏။

- ထမင်းဖြင့်လည်းကောင်း၊ အဖျော်ဖြင့်လည်းကောင်း၊ အဝတ်ဖြင့်လည်းကောင်း၊ အိပ်ရာနေရာဖြင့်လည်းကောင်း၊ နံ့သာပျောင်း စသည်တို့ဖြင့် လိမ်းကျံပေးခြင်းဖြင့်လည်းကောင်း၊ ရေချိုးပေးခြင်းဖြင့်လည်းကောင်း ကောင်းစွာ ပြုရာ၏။

အမိအဖတို့ကို ထိုသို့လုပ်ကျွေးခြင်းဖြင့် ထိုသူကို ဤဘဝ၌ပင် ပညာရှိတို့ ချီးမွမ်းကုန်၏။ တမလွန်ဘဝ၌ နတ်ပြည်သို့ရောက်ကာ ဝမ်းမြောက်ရ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၈။ ကျေးဇူးများသူများ(ဗဟုကာရ)

ဗုဒ္ဓသည်-

"ရဟန်းတို့…သင်္ကန်း၊ဆွမ်း၊ကျောင်း၊ သူနာတို့၏အထောက်အပံ့ ဆေးတည်းဟူသော အသုံးအဆောင်တို့ဖြင့် လုပ်ကျွေးကြကုန်သော ပုဏ္ဏားနှင့်အမျိုးသားတို့သည် သင်တို့အား ကျေးဇူးများကုန်၏။ ထိုပုဏ္ဏားနှင့်အမျိုးကောင်းသားတို့အား-

- အစ၏ကောင်းခြင်း၊
- အလယ်၏ကောင်းခြင်း၊
- အဆုံး၏ကောင်းခြင်းရှိသော
- အနက်နှင့်ပြည့်စုံသော
- သဒ္ဒါနှင့်ပြည့်စုံသော

တရားတို့ကိုဟောကြား၍ အလုံးစုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သောအကျင့်မြတ်တို့ကို ပြုကြသော သင်တို့သည်လည်း ထိုပုဏ္ဏားအမျိုးသားတို့အား ကျေးဇူးများကုန်၏။

ရဟန်းတို့…

ဤသို့လျှင် အချင်းချင်း အမှီပြုကြ၍ သံသရာဝဲဩဃမှထွက်မြောက်ခြင်းငှာ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်း

ငှာ ဤမြတ်သောအကျင့်ကို ကောင်းစွာကျင့်သုံးအင်၏။" ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အိမ်ရာထောင်သူ, အိမ်ရာမထောင်သူ လူနှင့်ရဟန်း နှစ်ဦးတို့သည် အချင်းချင်း မှီကြကုန်၍ ယောဂလေးဖြာ ကုန်ရာဖြစ်သော အတုမရှိမြတ်သော သူတော်ကောင်းတရား ကို ပြီးစေနိုင်ကြကုန်၏။

အိမ်ရာထောင်သူလူတို့ထံမှ အိမ်ရာမထောင်သူရဟန်း တို့သည် ဥတုဘေးရန်ကို ပယ်ဖျောက်တတ်သော သင်္ကန်းကို လည်းကောင်း၊ ကျောင်း,အိပ်ရာနေရာကိုလည်းကောင်း၊ ဆွမ်းနှင့်ဆေးပစ္စည်းကိုလည်းကောင်း ခံယူကြကုန်၏။

အိမ်၌နေလျက် စည်းစိမ်ဥစ္စာစသည်ကို ရှာမှီးကုန်သော လူတို့သည် အရိယာပုဂ္ဂိုလ်ကို အမှီပြု၍ ဖြူစင်သောပညာ ဖြင့် ရဟန္တာပုဂ္ဂိုလ်တို့အား ကြည်ညိုကြကုန်၍ သမထ, ဝိပဿနာဖြင့် ရှုကြကုန်လျက် ဤဘဝ၌ သုဂတိရောက် ကြောင်းဖြစ်သော လမ်းစဉ်တရားကို ကျင့်ကြကုန်ပြီးလျှင် နတ်ပြည်သို့ ရောက်ကာ နှစ်သက်ကြကုန်လျက် အလိုရှိရာ ကာမဝတ္ထုတို့နှင့် ပြည့်စုံကြ၍ ဝမ်းမြောက်ကြကုန်၏။" ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရ ပါသည်။

၉။ အုံ့ညှိဖွယ်ပြုမှု(တုတ)

ဗုဒ္ဓသည်-

“ရဟန်းတို့…

- အုံ့ညှိဖွယ်ပြုတတ်သူ
- ခက်ထန်သူ
- ဖြားယောင်းပြောဆိုတတ်သူ
- ကိလေသာဦးချိုရှိကြသူ
- သွေးကြီးကြသူ
- တည်ကြည်ကြသူ

ရဟန်းဟူသမျှတို့သည် ငါဘုရားသားတော် ရဟန်းတော် မဟုတ်ကုန်။

ထိုရဟန်းတို့သည် ဤဓမ္မဝိနယသာသနာတော်မှ ကင်းဝေးကုန်၏။

ထိုရဟန်းတို့သည် ဤဓမ္မဝိနယ သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ မရောက်နိုင်ကြကုန်။

ရဟန်းတို့…

- အုံ့ညှိဖွယ် မပြုတတ်ကြသူ
- မဖြားယောင်းတတ်ကြသူ
- ပညာရှိသူ
- မခက်ထန်သူ

- ကောင်းစွာတည်ကြည်ကြသူ

ရဟန်းဟူသမျှတို့သည် ငါဘုရားသားတော် ရဟန်းတို့ ဖြစ်ကြကုန်၏။

ထိုရဟန်းတို့သည်-

- ဤဓမ္မဝိနယသာသနာတော်မှ မကင်းဝေးကြကုန်၊
- ထိုရဟန်းတို့သည် ဤဓမ္မဝိနယ သာသနာတော်၌ ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်ကုန်၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ရဟန်းတို့သည် အံ့ဩဖွယ်ပြုတတ်ကုန်၏။ ခက်ထန်ကုန်၏။ ဖြားယောင်းပြောဆိုတတ်ကုန်၏။ ကိလေသာ ဦးချိုရှိကုန်၏။ သွေးကြီးကုန်၏၊ မတည်ကြည်ကုန်၊ ထိုရဟန်းတို့သည် ဗုဒ္ဓဟောကြားသော သာသနာ၌ မကြီးပွားကုန်။

အကြင်ရဟန်းတို့သည် အံ့ဩဖွယ် မပြုတတ်ကုန်၊ ဖြားယောင်းမှုမရှိကုန်၊ ပညာရှိကုန်၏။ အခက်ထန်ကုန်၊ ကောင်းစွာ တည်ကြည်ကုန်၏။ ထိုရဟန်းတို့သည် ဗုဒ္ဓဟောကြားသော သာသနာ၌ ဧကန်ကြီးပွားကုန်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၀၀။ မြစ်ရေအယာဉ်ရေစုန်မျောလိုက်မှု (နဗိသောတ)

ဗုဒ္ဓသည်-

"ရဟန်းတို့...ဥပမာသော်ကား ယောကျ်ားသည် ရွှေ, ငွေ,ပတ္တမြား စသော ချစ်အပ်သော သာယာအပ်သော ဝတ္ထုသဘောဟူသော အကြောင်းကြောင့် မြစ်ရေ အယဉ်ဖြင့် ရေစုန်မျောကာ လိုက်သွားရာ၏။

ကမ်း၌တည်သော မျက်စိအမြင်ရှိသော အခြား ယောကျ်ားသည် ထိုယောကျ်ားကို မြင်၍-

"အမောင်ယောကျ်ား...သင်သည် ရွှေ,ငွေ,ပတ္တမြား စသော ချစ်အပ်,သာယာအပ်သော ဝတ္ထုသဘောဟူသော အကြောင်းကြောင့် မြစ်ရေအယာဉ်ဖြင့် ရေစုန်မျောကာ လိုက်စေကာမူ ဤမြစ်၏ အောက်အရပ်၌ လှိုင်းတံပိုးရှိသော, ဝဲရှိသော, ဖမ်းယူတတ်သော ငါးမကာရ်းရှိသော, ဘီလူး ရှိသော ရေအိုင်သည်ရှိ၏။

အမောင်ယောကျ်ား...သင်သည် ယင်းရေအိုင်သို့ ရောက်လျှင် သေခြင်းသို့လည်းရောက်လတံ့၊ သေလောက် သောဆင်းရဲမှုကိုလည်း ရောက်လတံ့" ဟု ဆိုရာ၏။

ထိုအခါ ထိုယောကျ်ားသည် ထိုပြောသောယောကျ်ား ၏ အသံကို ကြားရသောကြောင့် လက်တို့ဖြင့်လည်းကောင်း၊ ခြေတို့ဖြင့်လည်းကောင်း ရေညာဘက်သို့ရောက်အောင် အားထုတ်ရာ၏။

ရဟန်းတို့…

ငါဘုရားသည် ဤအနက်ကို သိစေခြင်းငှာ ဤဥပမာကို ပြုအပ်၏၊ ဤသို့လတ့်သည်ကား ဤအရာ၌ အနက်တည်း။

ရဟန်းတို့…

- မြစ်ရေယာဉ်ဟူသော အမည်သည် တဏှာ၏ အမည်တည်း။
- ချစ်အပ်သော,သာယာအပ်သော ဝတ္ထုသဘော ဤအမည်သည် အဇ္ဈတ္တိကာယတန ခြောက်ပါးတို့၏ အမည်တည်း။
- အောက်အရပ်၌ ရေအိုင်ဟူသော အမည်သည် အောက်ပိုင်းသံယောဇဉ်ငါးပါးအမည်တည်း။
- လှိုင်းတံပိုးဟူသောအမည်သည် အမျက်ထွက်မှုပင်ပန်းမှု၏ အမည်တည်း။
- ဝဲ ဟူသော အမည်သည် ကာမဂုဏ်ငါးပါးတို့၏ အမည်တည်း။
- ဖမ်းယူတတ်သော ငါးမကာရ်း ဘီလူးဟူသော အမည်သည် မာတုဂါမ၏ အမည်တည်း။
- ရေညာဘက်ဟူသော အမည်သည် ကာမမှလွတ်မြောက်မှု နေက္ခမ္မ၏ အမည်တည်း။

- လက်တို့ဖြင့်လည်းကောင်း၊ ခြေတို့ဖြင့် လည်းကောင်း အားထုတ်၏ဟူသော အမည်သည် အားထုတ်မှုလုံ့လ၏ အမည်တည်း။
- ကမ်း၌တည်သော မျက်စိအမြင်ရှိသော ယောက်ျားဟူသော အမည်သည် ပူဇော်အထူးကို ခံယူထိုက်၊ အလုံးစုံသိသော ဘုရားရှင်၏အမည်တည်း။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို -

"ယောဂလေးဖြာကုန်ရာ နိဗ္ဗာန်ကို နောင်အခါရခြင်းငှာ တောင့်တသောသူသည် အကျင့်ပဋိပတ်အားဖြင့် ဆင်းရဲနှင့်တကွ ဖြစ်သော်လည်း ကာမတို့ကို စွန့်ရာ၏။

ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံ၍ ဖိုလ်လွတ်မြောက်မှုဖြင့် ကောင်းစွာလွတ်သော စိတ်ရှိသူသည် ထိုထိုကာလ၌ နိဗ္ဗာန်သို့ ရောက်ရာ၏။

ထိုသူကို -

- သစ္စာလေးပါးကိုသိသူ၊
- ကျင့်သုံးပြီးသော မြတ်သောအကျင့်ရှိသူ
- လောက၌အဆုံးသို့ရောက်သူ
- နိဗ္ဗာန်ဟူသောကမ်းတစ်ဖက်သို့ရောက်သူ

ဟုဆိုအပ်၏"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၁၁။ ကျင့်သုံးမှု(စရ)

ဗုဒ္ဓသည်-

"ရဟန်းတို့…ရဟန်းသည်-

- သွားနေစဉ်
- ရပ်နေစဉ်
- ထိုင်နေစဉ်
- အိပ်မပျော်ဘဲ လဲလျောင်းနေစဉ်
- ကာမနှင့်စပ်သော ကြံစည်မှု(ကာမဝိတက်)သော်လည်းကောင်း၊
- သူတစ်ပါးပျက်စီးစေလိုခြင်းနှင့်စပ်သော ကြံစည်မှု(ဗျာပါဒ)ဝိတက်သော်လည်းကောင်း၊
- ညှင်းဆဲခြင်းနှင့်စပ်သော ကြံစည်မှု(ဝိဟိံသာ)ဝိတက်ကိုသော်လည်းကောင်း၊

အကယ်၍ဖြစ်ခဲ့မူ ရဟန်းသည် ထိုကြံစည်မှုသုံးပါးကို

- လက်ခံခဲ့မူ
- မစွန့်လွှတ်ခဲ့မူ
- မပယ်ဖျောက်ခဲ့မူ

- ကင်းအောင်မပြုခဲ့မှု
- တစ်ဖန် မဖြစ်ခြင်းသို့ မရောက်စေခဲ့မှု

ဤသို့ဖြစ်ခဲ့သော် ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လမရှိ၊ မကောင်းမှုမှ ထိတ်လန့်မှုလည်း မရှိမူ၍ သွားနေသော ရဟန်းကိုလည်း အမြဲမပြတ် ပျင်းရိသူ ဝီရိယ ယုတ်လျော့သူ ဟု ဆိုရ၏။

ရဟန်းတို့....

- သွားနေစဉ်
- ရပ်နေစဉ်
- ထိုင်နေစဉ်
- အိပ်မပျော်ဘဲ လျောင်းနေစဉ်
- ကာမဝိတက်ကိုသော်လည်းကောင်း၊
- ဗျာပါဒဝိတက်ကိုသော်လည်းကောင်း၊
- ဝိဟိံသဝိတက်ကိုသော်လည်းကောင်း၊

အကယ်၍ဖြစ်ခဲ့မူ ထိုရဟန်းသည် ဝိတက်သုံးပါးကို အကယ်၍ -

- လက်မခံခဲ့မှု
- စွန့်လွှတ်ခဲ့မှု
- ပျယ်ပျောက်ခဲ့မှု
- ကင်းအောင်ပြုခဲ့မှု
- တစ်ဖန်မဖြစ်ခြင်းကို ရောက်စေခဲ့မှု

ရဟန်းတို့...ဤသို့ဖြစ်ခဲ့သော် ကိလေသာတို့ကို ပူပန်စေတတ်သော ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လရှိ၊ ထိတ်လန့်မှုလည်းရှိသည်ဖြစ်၍ သွားနေသော ရပ်နေသော၊ ထိုင်နေသော၊ အိပ်မပျော်ဘဲ လျောင်းနေသော ရဟန်းကိုလည်း ထက်သန်သောလုံ့လရှိသူ၊ နိဗ္ဗာန်သို့ စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏။'

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"အကြင်ရဟန်းသည် သွားနေသော်လည်းကောင်း၊ ရပ်နေသော်လည်းကောင်း၊ ထိုင်နေသော်လည်းကောင်း၊ လျောင်းနေသော်လည်းကောင်း၊ ဝတ္ထုကာမ ကိလေသာကာမကိုမှီသော ယုတ်ညံ့သော အကြံအစည်ကို ကြံစည်၏။

လမ်းကောက်လမ်းမှားသို့ သွားတတ်သော တွေဝေမှုကို ဖြစ်စေတတ်သော၊ အာရုံတို့၌ တွေဝေတတ်သော ထိုသို့ သဘောရှိသော ရဟန်းသည် မြတ်သော အရိယာမဂ်ဉာဏ်သို့ ရောက်ခြင်းငှာမထိုက်။

အကြင်ရဟန်းသည် သွားနေသော်လည်းကောင်း၊ ရပ်နေသော်လည်းကောင်း၊ ထိုင်နေသော်လည်းကောင်း၊ လျောင်းနေသော်လည်းကောင်း၊ ဝိတက်သုံးမျိုးတို့ကို ငြိမ်းအေးစေ၍ မိစ္ဆာဝိတက်တို့ ငြိမ်းအေးရာ နိဗ္ဗာန်၌ လွန်ကဲသော ဆန္ဒဖြင့် မွေ့လျော်၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၀၂။ အကျင့်နှင့်ပြည့်စုံမှု(သမ္ပန္နသီလ)

ဗုဒ္ဓသည်-

"ရဟန်းတို့…သင်တို့သည်

- သီလနှင့်ပြည့်စုံကြကုန်လော့
- ပါတိမောက်နှင့်ပြည့်စုံလျက်နေကြကုန်လော့
- ပါတိမောက္ခသံဝရသီလကို စောင့်ထိန်း၍ အကျင့်ကျက်စားရာနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍ နေကြကုန်သော၊
- အနည်းငယ်မျှသောအပြစ်တို့၌လည်း ဘေးဟု ရှုလျက် သိက္ခာပုဒ်တို့၌ ကောင်းစွာ ဆောက်တည်၍ ကျင့်ကြကုန်လော့။

ရဟန်းတို့…ထိုထက်အလွန် သင်တို့အား ပြုကျင့်ဖွယ်ကား အသို့ဖြစ်ရာသနည်း။

ရဟန်းတို့ ရဟန်းသည်-

- သွားနေစဉ်
- ရပ်နေစဉ်
- ထိုင်နေစဉ်
- အိပ်မပျော်ဘဲ လျောင်းနေစဉ်

- သူတစ်ပါးဥစ္စာကို ရှေ့ရှုကြံစည်မှု(အဘိဇ္ဈာ) ကင်းပျောက်ခဲ့ပါမူ
- သူတစ်ပါးပျက်စီးစေလိုမှု(ဗျာပါဒ) ကင်းပျောက်ခဲ့ပါမူ
- ထိုင်းမှိုင်းမှု(ထိန ,မိဒ္ဓ)ကင်းပျောက်ခဲ့ပါမူ
- ပျံ့လွင့်မှုနှင့်နောင်တတစ်ဖန်ပူပန်မှု(ဥဒ္ဓစ္စ၊ ကုက္ကုစ္စ) ကင်းပျောက်ခဲ့ပါမူ
- ယုံမှားမှု(ဝိစိကိစ္ဆာ)ပယ်ဖျောက်နိုင်ခဲ့ပါမူ
- မတွန့်တိုသော လုံ့လကို အားထုတ်ပြီးဖြစ်ခဲ့ပါမူ
- မေ့လျော့မှုမရှိသော(သတိ)ထင်ခဲ့မူ
- ကိုယ်သည်ပူပန်မှုမရှိ ငြိမ်းအေးခဲ့ပါမူ
- စိတ်သည် တစ်ခုတည်းသော အာရုံရှိသည်ဖြစ်၍ ကောင်းစွာတည်ကြည်ခဲ့ပါမူ

ရဟန်းတို့…ဤသို့ဖြစ်ခဲ့သော် ကိလေသာကို ပူပန်စေတတ်သော လုံ့လလည်းရှိ၊ မကောင်းမှုမှ ထိတ်လန့်မှုလည်းရှိသည်ဖြစ်၍ သွားနေသော ရဟန်းကိုလည်း အမြဲမပြတ် ထက်သန်သောလုံ့လရှိသူ၊ နိဗ္ဗာန်သို့စေလွှတ်ထားသော စိတ်ရှိသူဟု ဆိုရ၏။”

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"ရဟန်းသည် -

- သမ္ပပ္ပဇာန်လုံ့လဖြင့် အားထုတ်သည်ဖြစ်၍ သွားရာ၏။
- အားထုတ်သည်ဖြစ်၍ ရပ်ရာ၏။
- အားထုတ်သည်ဖြစ်၍ ထိုင်ရာ၏။
- အားထုတ်သည်ဖြစ်၍ လျောင်းရာ၏။
- အားထုတ်သည်ဖြစ်၍ လက်ခြေကို ကွေးရာ၏။
- အားထုတ်သည်ဖြစ်၍ လက်ခြေကို ဆန့်ရာ၏။

အထက်၌လည်းကောင်း၊ အရပ်ဖီလာရှစ်မျက်နှာ၌လည်းကောင်း၊ အောက်၌လည်းကောင်း သတ္တသခ်ါရအားဖြင့် ဖြစ်သမျှသော လောကအားလုံး၌ ပုဂ္ဂိုလ်သတ္တဝါမှ ကင်းဆိတ်သောခန္ဓာတို့၏ အဖြစ်အပျက်ကို ကောင်းစွာရှုဆင်ခြင်ရာ၏။

- ဤသို့နေလေ့ရှိသော
- ပြင်းထန်သော သမ္ပပ္ပဇာန်လုံ့လရှိသော
- ငြိမ်သက်သောဖြစ်ခြင်းရှိသော
- မပျံ့လွင့်သောစိတ်ကို ငြိမ်းအေးစေတတ်သော
- အရိယာမဂ်အားလျော်သော အကျင့်ကို ကျင့်သုံးသော
- အခါခပ်သိမ်း သတိရှိသော

ထိုသို့သဘောရှိသော ရဟန်းကို အမြဲမပြတ် နိဗ္ဗာန်သို့ စေလွှတ်သောစိတ်ရှိသူဟု ဆိုကုန်၏''
ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

## ၁၃။ လောကအကြောင်းသိသူ(လောက)

ဗုဒ္ဓသည်-

''ရဟန်းတို့...မြတ်စွာဘုရားသည်

- လောကကို ထိုးထွင်း၍ သိတော်မူအပ်ပြီ
- လောကနှင့်မူကား မစပ်ယှဉ်ပေ
- လောက၏ဖြစ်ကြောင်းကို ထိုးထွင်း၍ သိတော်မူပြီး
- လောက၏ချုပ်ရာကို ထိုးထွင်း၍ သိတော်မူအပ်ပြီ
- လောက၏ချုပ်ရာကို မျက်မှောက်ပြုတော်မူအပ်ပြီ
- လောက၏ချုပ်ရာသို့ရောက်ကြောင်း အကျင့်ကို ထိုးထွင်း၍ သိတော်မူအပ်ပြီ
- လောက၏ချုပ်ရာသို့ရောက်ကြောင်းအကျင့်ကို ပွားများတော်မူအပ်ပြီ
- နတ်၊မာရ်နတ်၊ဗြဟ္မာနှင့်တကွသော နတ်လောကနှင့် သမဏဗြဟ္မဏမင်းများ လူများနှင့်တကွ

သော လူလောကဌ် မြင်အပ်,ကြားအပ်,တွေ့ထိ
အပ်,သိအပ်,ရောက်အပ်, ရှာမှီးအပ်, စိတ်ဖြင့်
စိစစ်အပ်သောအရာဝတ္ထုတို့ကို ထိုးထွင်း၍
သိတော်မူအပ်ပြီ၊

ထို့ကြောင့် မြတ်စွာဘုရားကိုတထာဂတဟူ၍ ဆိုရ၏။
ရဟန်းတို့ မြတ်စွာဘုရားသည်-

- အတုမရှိမြတ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညု
  တဉာဏ်ကို ထိုးထွင်း၍ သိရာ၏ ညဥ့်
- ခန္ဓာအကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်
  ပြုရာ ညဥ့်

ဟူသော ဤနှစ်ပါးသောကာလအကြားဝယ် ပြောဆို ညွှန်ပြ
ခဲ့သော စကားတော်အားလုံးသည် ဟုတ်မှန်သည်ချည်းသာ
တည်း။ ပြောဆိုညွှန်ပြသည်မှ တစ်ပါးသော အခြင်းအရာ
အားဖြင့် မဖြစ်။

ထို့ကြောင့် မြတ်စွာဘုရားကို တထာဂတဟု ဆိုရ၏။
ရဟန်းတို့... မြတ်စွာဘုရားသည်-

- အကြင်အခြင်းအရာအားဖြင့် ဟောပြော၏။ ထို
  ဟောပြောသည့် အခြင်းအရာအတိုင်းပင် ပြုကုန်
  ၏။

- အကြွင်းအခြင်းအရာအားဖြင့် ပြုလုပ်၏။ ထိုပြု လုပ်ကုန်သော အခြင်းအရာအတိုင်းသာ ဟောပြော၏။
- ဤသို့ဟောပြောသည့်အတိုင်း ပြုလုပ်၍ ပြုလုပ် သည့်အတိုင်းလည်း ဟောပြော၏။

ထို့ကြောင့် မြတ်စွာဘုရားကို တထာဂတဟု ဆိုရ၏။

ရဟန်းတို့. . .မြတ်စွာဘုရားသည်-

- နတ်,မာရ်နတ်,ဗြဟ္မာနှင့်တကွသော နတ် လောကနှင့်သမဏ၊ ဗြဟ္မဏမင်းများ လူများနှင့် တကွသော လူ့လောကကို လွှမ်းမိုးနိုင်သူဖြစ် တော်မူ၏။
- မည်သူကမျှ မလွှမ်းမိုးနိုင်သူဖြစ်၏။
- စင်စစ် အလုံးစုံကို မြင်တော်မူ၏။
- အလိုအတိုင်း ဖြစ်စေနိုင်သူ ဖြစ်တော်မူ၏။

ထို့ကြောင့် မြတ်စွာဘုရားကိုတထာဂတဟုဆိုရ၏။"

ဟု ဤအနက်သဘောကို ဟောကြားခဲ့ပါသည်။

ဤအနက်သဘောကို-

"ဗုဒ္ဓသည် အလုံးစုံသော လောက၌ လောက အားလုံးကို ဟုတ်တိုင်းမှန်စွာ ထူးသောဉာဏ်ဖြင့်သိ၍ လောကအားလုံးနှင့် စပ်ယှဉ်တော်မမူ။

လောကအားလုံး၌ တဏှာဒိဋ္ဌိတို့ဖြင့် ကပ်ငြိတော်မမူ။

ထိုမြတ်စွာဘုရားသည် အလုံးစုံသော အာရုံသခ်ါရစသည်တို့ကို လွှမ်းမိုးလျက် အားထုတ်မှုလုံ့လနှင့်ပြည့်စုံပြီးလျှင် အနှောင်အဖွဲ့အားလုံးမှ လွတ်မြောက်တော်မူ၏။

ဘေးရန်တစ်စုံတစ်ခုမျှ မရှိသော ငြိမ်းအေးလှစွာသော လွန်ကဲထူးမြတ်သော နိဗ္ဗာန်ကို ဉာဏ်ဖြင့် တွေ့ထိသိမြင်တော်မူလေပြီ။

အာသဝေါကုန်ခမ်းပြီးသော ဆင်းရဲမရှိမူ၍ ယုံမှားမှုသံသယကို ထိုမြတ်စွာဘုရားသည် ကံအားလုံးတို့၏ ကုန်ခြင်းသို့ ရောက်တော်မူရကား ဥပဓိကုန်ရာ နိဗ္ဗာန်၌ အရဟတ္တဖိုလ်လွတ်မြောက်မှုဖြင့် လွတ်မြောက်တော်မူခဲ့လေပြီ။

ထိုမြတ်စွာဘုရားသည် သစ္စာလေးပါးကို သိတော်မူ၏။

ခြင်္သေ့မင်းသဖွယ်ဖြစ်၍ အတုမရှိမြတ်တော်မူ၏။

နတ်၊လူနှင့်တကွသော လောက၌ မြတ်သော ဓမ္မစက်ကို လည်တော်မူ၏။

အကြင် နတ်၊လူတို့သည် မြတ်စွာဘုရားကို ကိုးကွယ် ရာ ဟူ၍ ဆည်းကပ်ကြကုန်၏။

ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူသော ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ ရှိခိုးကြကုန်သည်။

မြတ်သောသီလက္ခန္ဓ စသည်ကို ရှာမှီးတော်မူပြီးသော မြတ်စွာဘုရားသည် ယဉ်ကျေးတော်မူပြီးဖြစ်၍ ယဉ်ကျေးသူတို့ထက် မြတ်တော်မူ၏။

လွတ်မြောက်ပြီးဖြစ်၍ လွတ်မြောက်ပြီးသူတို့ထက် မြတ်တော်မူ၏။

ကူးမြောက်တော်မူပြီးဖြစ်၍ ကူးမြောက်ပြီးသူတို့ထက် မြတ်တော်မူ၏။

ထို့ကြောင့် ကြီးမြတ်တော်မူသော ကြောက်ရွံ့ခြင်းကင်းတော်မူပြီးသော မြတ်စွာဘုရားကို နတ်နှင့်တကွသော လောက၌ အရှင်ဘုရားအား တုပြိုင်နိုင်သူပုဂ္ဂိုလ်မရှိပါဘုရား ဟု ပြောကြားလျက် ရှိခိုးကြ၏။"

ဟု ဤဂါထာဖြင့် ဗုဒ္ဓဟောကြားသည်ကို ကျွန်ုပ်ကြားနာခဲ့ရပါသည်။

# အခန်း ( ၆ )

## သာမာဝတီ အပေါင်းပါများ နှင့် ဓါးကုန်းမလေး၏ နောက်ဆုံးဘဝ

သာမာဝတီတို့သည် ဘုရားရှင်နှင့် ရဟန်းတော်များကို နေ့စဉ် သူဌေးသုံးဦး အိမ်အသီးသီးကြွစဉ် ပြတင်းပေါက်ငယ်မှနေ၍ ပန်းဖြင့်ပူဇော်ကြ၊ ရှိခိုးပူဇော်ကြ ပြုလုပ်နေကြသည်။

တစ်နေ့တွင် မိမိ၏မိဘ ဗေဒင်ပညာရှင် မိဘတို့က မိမိတို့၏သမီး မာဂဏ္ဍီအချောအလှကို ဘုရားရှင်ကြွလာစဉ် ဘုရားရှင်ကို မိမိတို့သမီးနှင့် ထိုက်တန်သော ယောကျ်ားမြတ်ဟု မှတ်ထင်ပြီး သမီးမာဂဏ္ဍီကို ပေးအပ်ကြသည်။

ဗုဒ္ဓက-

"တဏှာ၊အရတိ၊ရာဂါ မည်သော မာရ်နတ်မင်း၏ သမီးများကိုမြင်၍လည်း နှစ်ယောက်အစုံ မြူးခုန် ရည်ရှု မေထုန်မှု၌ ငါ၏စိတ်ဖြင့် တောင့်တအပ်သော အလိုရှိသည် လည်း တစ်ရံတစ်ဆစ် မမြင်စဖူး၊ ဤ ကျင်ငယ်၊ ကျင်ကြီး တို့ဖြင့် ပြည့်သော ဤမာဂဏ္ဍီကို ငါဘုရား အဘယ်နှစ်ခြိုက် အလိုရှိပါခြိမ့်မည်နည်း။ ထိုသင်၏သမီး မာဂဏ္ဍီကို ခြေတို့ ဖြင့်လည်း ထိခြင်းငှာ အလိုမရှိပါချေ။"

ဟု မိန့်ကြားခဲ့ရာ မာဂဏ္ဍီက-

"ဤရဟန်းသည် ငါ့အား အကယ်၍ အလိုမရှိသည် ဖြစ်ခဲ့ငြားအံ့၊ အလိုမရှိသော အဖြစ်ကိုသာလျှင် ပြောဆို ရပါမည်။ ဤရဟန်းသည် ငါ့ကို ကျင်ငယ်၊ကျင်ကြီးတို့ဖြင့် ပြည့်သည်ကို ပြု၍ ပြောကြား၏။

ခြေတို့ဖြင့်လည်း အသင်၏သမီးကို ထိခြင်းငှာ အလိုမရှိဟု ဆိုဘိသည်ရှိစေဦးတော့။ ငါသည် မိမိဇာတ်၊ အမျိုး၊ အရပ်၊ စည်းစိမ်ချမ်းသာ၊ အရွယ်၏ပြည့်စုံခြင်းကိုစွဲ၍ ထိုသို့သဘောရှိသော လုပ်ကျွေးပြုစု မှီခိုဆည်းကပ်ရာ ခင်ပွန်းလင်ကို ရသည်ရှိသော် ရဟန်းဂေါတမအား ပြုခြင်းငှာ သင့်လျော်လျောက်ပတ်သည်ကို သိစေအံ့"

ဟု ဘုရားရှင်၌ ရန်ငြိုးဖွဲ့ထားခဲ့ဘူးသည့် အတိတ်ဖြစ်စဉ်က ရှိခဲ့သည်။

ယခုအချိန်တွင် မာဂဏ္ဍီသည် မိမိ၏ဦးလေးတော်စပ်သော ပုရောဟိတ်ပုဏ္ဏားအား၏ စွမ်းဆောင်မှုဖြင့် ဥတေနမင်း၏ မြတ်နိုးအပ်သော မိဖုရားတစ်ပါး ဖြစ်နေလေပြီဖြစ်သည်။

တစ်နေ့တွင် မာဂဏ္ဍီမိဖုရားသည် မိမိ၏ပြာသာဒ်ဆောင်မှထွက်၍ လမ်းလျှောက်နေစဉ် သာမာဝတီတို့၏ အဆောင်ရှေ့အရောက်တွင် အဆောင်၌ အပေါက်တို့ဖောက်ထားသည်ကို တွေ့မြင်၍ မေးသည်။

သာမာဝတီတို့က မာဂဏ္ဍီနှင့် ဘုရားရှင်က အတိတ်က ရန်ငြိုးရှိထားသည်ကို မသိကြ၍-

"မြတ်စွာဘုရားသည် ဤမြို့သို့ ကြွလာပါသည်။ ငါတို့သည် ဤနေရာ ဤအပေါက်မှနေ၍ ဘုရားရှင် ကို ကြည့်ရှု ဖူးမြော်ပူဇော်ရှိခိုးကြပါသည်။"

ဟု ရိုးသားစွာ ပြောဆို အဖြေပေးခဲ့ကြသည်။

"ရဟန်းဂေါတမသည် ဤမြို့သို့လာရောက်ပေပြီ၊ ယခုအခါ၌ ရဟန်းဂေါတမအား ပြုအပ်သည်ကို သိစေအံ့၊ ဤသာမာဝတီအမှူးရှိသော မိန်းမတို့သည်လည်း ထိုရဟန်းဂေါတမ၏ အလုပ်အကျွေးဖြစ်ကုန်နေသည်။ ဤမိန်းမတို့အားလည်း ပြုအပ်သောအမှုကို သိစေအံ့"

ဟု ကြံစည်ကာ မင်းကြီးထံသို့သွားကာ-

"မြတ်သောမင်းကြီး...သာမာဝတီ အမှူးရှိကုန်သော နန်းတွင်းသူ မောင်းမတို့အား အပြင်အပ၌ တောင့်တ မြတ်နိုးမှု

ရှိနေပါသည်။ နှစ်ရက်,သုံးရက်မျှဖြင့်သာလျှင် မင်းကြီး၏ အသက်ကို သတ်ကုန်လတ္တံ့"

ဟု ကုန်းချောစကား လျှောက်ထားသည်။

"သာမာဝတီ အမှူးရှိသော မိန်းမတို့ကား ဤသို့ သဘောရှိသည်ကို မပြုပေလတ္တံ့"

ဟု မင်းကြီးက မယုံကြည်သောစိတ် ရှိလေသည်။

မာဂဏ္ဍီက အဖန်တလဲလဲ ချောက်တွန်းစကားကို ဆိုသော် သုံးကြိမ်မြောက်၌-

"အရှင်မင်းကြီး... ကျွန်တော်မ၏ စကားကို အကယ်၍ မယုံကြည်သည်ဖြစ်ခဲ့ပါအံ့။ သာမာဝတီတို့၏ နေရာဌာနသို့ ကြွသွား၍ စူးစမ်းဆင်ခြင်တော်မူပါ"

ဟု လျှောက်ထားသည်။

ဥဒေနမင်းကြီးသည် ကြင်နာသနား ကြည့်ရှုသည် ရှိသော် သာမာဝတီတို့၏အဆောင်၌ အပေါက်တို့ကို မြင်၍-

"ဤအပေါက်တို့က အဘယ်နည်း"

ဟု မေးသော် သာမာဝတီတို့က ဘုရားရှင်ကို ဤအပေါက် တို့မှ ဖူးမြော်ကန်တော့ကြောင်း လျှောက်ထားကြသည်။

ဥတေနမင်းသည် အမျက်မထွက် အပြစ်မဆိုဘဲ မူလ အပေါက်ငယ်တို့ကို ပိတ်စေ၍ တိုက်ခန်းအားလုံးတို့၏ အထက်မြင့်ရာ၌ လေသာပြူတင်းပေါက်ကို တံခါးအဖွင့် အပိတ်နှင့် ပြုလုပ်စေလေသည်။

မာဂဏ္ဍီသည် သာမာဝတီတို့အား တစ်စုံတစ်ရာ အပြစ် ရအောင်မပြုလုပ်နိုင်ဘဲရှိ၍-

''ရဟန်းဂေါတမအားသာလျှင် ပြုအပ်သောအမှုကို သိစေအံ့''

ဟု ကြံစည်ကာ မြို့သူမြို့သားတို့အား တံစိုးလက်ဆောင်ပေး၍ မြို့တွင်းသို့ ဆွမ်းခံဝင်ကြွလာသော ဘုရားရှင်နောက် လိုက်ပြီး ဆဲရေးစေသည်။

ရတနာသုံးပါး၌ မကြည်ညိုကြသေးသော မိစ္ဆာဒိဋ္ဌိတို့သည် မြို့တွင်းသို့ ကြွဝင်လာသော ဘုရားရှင်နောက်သို့ လိုက်လာကြကာ-

''အသင်တို့ကား ခိုးသူတည်း၊ မိုက်မဲသူတည်း၊ တွေဝေသောသူတည်း၊ ကုလားအုပ်၊ နွား၊ မြည်း၊ ငရဲသူ၊ သတ္တဝါ၊ တိရစ္ဆာန် ဖြစ်ပေသတည်း။ အသင့်အား ကောင်းသောအလားရှိသော သုဂတိနတ်ကောင်း၏ အဖြစ်သည် မရှိ၊ အသင်အား ဒုဂ္ဂတိသို့သာ လားအပ်သောအဖို့ရှိ၏။''

ဟု ဤသို့သော အခြင်းအရာအားဖြင့် ဆဲရေးခြင်း(၁၀)မျိုးဖြင့် ရေရွတ်ဆဲရေးကြကုန်သည်။

ထိုသို့ ဆဲရေးသည်ကို ကြားသိ,မြင်သိသော အရှင်အာနန္ဒာက ဘုရားရှင်ကို-

''မြတ်စွာဘုရား... ဤကောသမ္ဗီပြည်သူ,ပြည်သား တို့သည် တပည့်တော်တို့အား အလွန်ဆဲရေး ရေရွတ်ကြပါ

ကုန်သည်။ ဤမြို့မှ တစ်ပါးသောမြို့သို့ဖဲသွားကြပါကုန်အံ့"
ဟု လျှောက်ထားသည်။

"ချစ်သားအာနန္ဒာ...အဘယ်မြို့သို့ သွားမည်နည်း"

"မြတ်စွာဘုရား...တစ်ပါးသောမြို့သို့ သွားပါအံ့"

"ချစ်သားအာနန္ဒာ...ရွှေ့ပြောင်း၍ သွားအပ်သော ထိုမြို့မှ လူတို့ကလည်း ဆဲရေးရေရွတ်ကုန်သော် တစ်ဖန် ဘယ်မြို့ ဘယ်အရပ်သို့ သွားမည်နည်း"

"မြတ်စွာဘုရား တစ်ပါးသောမြို့သို့ သွားပါအံ့"

"ချစ်သားအာနန္ဒာ...ထိုမြို့က ဆဲရေးပြန်သော် ဘယ် မြို့သို့ သွားမည်နည်း"

"မြတ်စွာဘုရား...တစ်ပါးသောမြို့သို့ ထပ်မံ၍ သွားပါမည်"

"ချစ်သားအာနန္ဒာ...ဤသို့ပြုခြင်းငှာ မသင့်တင့် မလျောက်ပတ်၊ အကြင်မြို့ရွာ၌ အဓိကရဏ်းသည် ဖြစ်၏။ ထိုအရပ်၌သာလျှင် ထိုအဓိကရဏ်းကို ငြိမ်းစေပြီးသော် တစ်ပါးသောအရပ်သို့ သွားခြင်းငှာ သင့်လျော် လျောက်ပတ် ကောင်းမြတ်လှပါ၏။"

"ချစ်သားအာနန္ဒာ...အသင်တို့အား အဘယ်သူတို့ သည် ဆဲရေးကုန်ပါသနည်း"

''မြတ်စွာဘုရား...ကျွန်အမှုလုပ်တို့က အစပြု၍ အလုံးစုံကုန်သော သူတို့သည် ဆဲရေး ရေရွတ်ကြပါကုန်သည်''

''ချစ်သားအာနန္ဒာ...ငါဘုရားသည် စစ်မြေပြင်သို့ စစ်ဖက်သက်ဝင်နေသော ဆင်ပြောင်းကြီးနှင့်တူပါ၏။ စစ်မြေပြင်အရပ်၌ စစ်ဖက်သက်ဝင်နေသော ဆင်ပြောင်ကြီးအား အရပ်လေးမျက်နှာတို့မှ ပစ်လွှတ်စေအပ်သော မြှားတို့ကို သည်းခံခြင်းငှာ တာဝန်ဖြစ်သကဲ့သို့ ဤအတူသာလျှင် များစွာကုန်သော သီလအလျှင်း ကင်းရှင်းပြတ်ကျ ဒုဿီလတို့သည် ပြောဆိုဆဲရေး ရေရွတ်ကြသောစကားကို သည်းခံခြင်း မည်သည်ကား ငါဘုရား၏ တာဝန်ပေတည်း။''

''စစ်မြေပြင်၌ ဆင်ပြောင်သည် လေးမှလွှတ်၍ မိမိ၏အပေါ်၌ကျသောမြှားကို သည်းခံသကဲ့သို့ ဤနည်းတူ ငါဘုရားသည် ရှစ်ပါးသော အနရိယဝေါဟာရ အစွမ်းအားဖြင့် ဖြစ်သော လွန်ကြူးသောစကားကို သည်းခံတော်မူအံ့။ ထိုစကား သင့်လျော်ပေစွ၊ ညစ်ညူးဆိုးသွမ်းသော သဘောအားဖြင့် သီလမရှိသော များစွာသောလူအပေါင်းသည် ချုပ်ချယ်၍ ဆိုတတ်ပါ၏။''

''များစွာသော လူအပေါင်းတို့၏အလယ်သို့ သွားကုန်သော သူတို့သည် ယဉ်ကျေးသောနွား,မြင်းတို့ကို ဆောင်ကုန်၏။ မင်းသည်လည်း ယဉ်ကျေးသော ဆင်,မြင်းကိုစွဲ

၍သွား၏။ အကြင်သူသည် လွန်ကြူးပြစ်မှား ရန်စကားမျိုး ဆဲရေးရေရွတ်သောစကားကို သည်းခံ၏။ ဤသို့သည်းခံခြင်း သဘောရှိသော အမျက်,မာန်ကို ဆုံးမပြီးသည်ဖြစ်၍ ယဉ်ကျေးသောသူသည် လူတို့တွင် လူတို့ထက် အထူးသင့် လတ်မြတ်၏ဟု ချီးမွမ်းအပ်၏။"

"ကောင်းစွာဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးကုန်သော မြင်းမဖွားသော အသဿမိုရ်မြင်းတို့သည်လည်း မြတ်၏။ ကောင်းစွာဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးသော အကြောင်းဟုတ်သည် မဟုတ်သည်ကို သိကုန်သော သိန္ဓော မြင်းတို့သည်လည်းကောင်း၊ ကောင်းစွာဆုံးမအပ်သည်ဖြစ်၍ ယဉ်ကျေးကုန်ပြီးသော ကုဉ္ဇရဟု ဆိုအပ်ကုန်သော ဆင်ပြောင် ကြီးတို့သည်လည်းကောင်း မြတ်ကုန်၏။

မဂ်ဉာဏ်မြင်သိ မိမိကိုယ်ကို ကောင်းစွာ ဆုံးမပြီး သည်ဖြစ်၍ ယဉ်ကျေးသောသူသည် ထိုဆိုအပ်ခဲ့ပြီးသော အလုံးစုံသော သူတို့ထက် မြတ်လှပေ၏။ ဓမ္မကထာ ဒေသနာ သည် ရောက်လာသော လူအပေါင်းအား အကျိုးရှိသည် ဖြစ်စေ၏"

ဟု ဘုရားရှင်က ရှင်အာနန္ဒာကို ဟောပြပြီးနောက်-

"ချစ်သားအာနန္ဒာ...အသင်သည် မကြံအောက်မေ့ လင့်၊ ဤသူတို့သည် ခုနစ်ရက်မျှသာ ဆဲရေးရေရွတ်ကုန်

လတ္တံ့၊ ရှစ်ရက်မြောက်သောနေ့အခါ၌ တိတ်ဆိတ်သည် ဖြစ်ကုန်လတ္တံ့''
ဟု မိန့်ကြားတော်မူသည်။

ဘုရားရှင်၏ ထိုစကားသည် မှန်ပါ၏။ (၈)ရက် မြောက်သောနေ့တွင် ဆဲရေးသူတို့ မပေါ်လာတော့ပေ။

''မြတ်စွာဘုရားကို ဆဲရေး ရေရွတ်စေသဖြင့်လည်း ထွက်ပြေးစိမ့်သောငှာ မစွမ်းနိုင်၊ အဘယ်သို့ ပြုရပါ မည်နည်း''
ဟု မာဂဏ္ဍီသည် စဉ်းစားကြံစည်ပြန်သည်။

''ဤ သာမာဝတီတို့သည် ထိုရဟန်းဂေါတမအား ထောက်ပံ့ခြင်းကို ပြုနေကြသည်။ သူတို့ပျက်စီးခြင်းကို ငါပြုအံ့''

တစ်နေ့သောအခါ မင်းကြီး သေသောက်ရာနေရာသို့ သွားရောက်ခစားခြင်းပြုသော် ဘထွေးပုဏ္ဏားထံ တမန် စေလွှတ်ဟန်ပြု၍ အလုပ်အကျွေးငယ်ကို တံစိုး လက်ဆောင် ပေးပြီး-

''ငါ့အား ကြက်အရှင် ရှစ်ကောင်၊ အသေ ရှစ်ကောင် တို့ကိုယူလာပါစေ၊ ရောက်လာသောအခါ စောင်းတန်း လှေကားထိပ်၌ ရပ်စောင့်၍ လာသည်ကို သတင်းပို့ပါ၊ ဝင်လာပါဟု ဆိုသော်လည်း မဝင်သေးဘဲ ရှေးဦးစွာ

ကြက်ရှင်ရှစ်ကောင် ပို့ပေးစေပါ။ နောက်မှ ကြက်သေရှစ်ကောင်ကို ပို့ပေးစေပါ။”
ဟု မှာကြားစေလွှတ်လိုက်သည်။

အလုပ်အကျွေးငယ် ပြန်ရောက်သောအခါ မာဂဏ္ဍီသည် မင်းကြီး၏ တိုက်ခန်းတံခါး၌ တည်နေစဉ် မင်းကြီးက ဝင်လာခဲ့ပါဟု ခေါ်သည်ကို-

“မင်းကြီး…သေသောက်ရာနေရာသို့ မဝင်လိုပါ” ဟု လျှောက်ထားပြီး အလုပ်အကျွေးငယ်ကို ဘထွေးထံမှ ကြက်ရှင်ရှစ်ကောင်ကို သွားရောက်ယူစေသည်။ ကြက်ရှင်ရှစ်ကောင် ရလာသောအခါ-

“အရှင်မင်းကြီး…ပုရောဟိတ်ပုဏ္ဏားသည် ကြက်ရှင်ရှစ်ကောင်ကို ဟင်းလျာအဖြစ် ပို့ဆောင်ဆက်သလာပါသည်” ဟု လျှောက်ထားသည်။

“ငါတို့အား စားကောင်းသောက်ရာ လက်သုတ်ဟင်းလျာဖြစ်မှု ကောင်းလေစွ၊ အဘယ်သူတို့အား ချက်ပြုတ်စေရပါအံ့နည်း”

ဥတေနမင်းကြီးက မိန့်သောအခါ မာဂဏ္ဍီက လျှင်မြန်စွာပင်-

“အရှင်မင်းမြတ်…၊သာမာဝတီတို့သည် အမှုကိစ္စအနည်းငယ်မျှ မရှိပါဘဲ အမှုမဲ့ လှည့်လည်နေထိုင်ကြပါ

သည်။ ထိုမိန်းမတို့အား စေခိုင်းတော်မူပါလော့၊ ထိုမိန်းမတို့ ချက်ပြုတ်ဆောင်ခဲ့ပါကုန်လတ္တံ့''

''သွားတဲ့ချေ၊ သာမာဝတီတို့အား ပေးလေလော့၊ တစ်ပါးသူတို့လက်သို့ မပေးမူ၍ သာမာဝတီသာလျှင် ကိုယ်တိုင်သတ်၍ ချက်ပါစေ''

ဟု အစေအပါးကို စေခိုင်းသည်။

အလုပ်အကျွေးငယ်သည် မင်းကြီးဆိုတိုင်း သာမာဝတီတို့ထံ ကြက်အရှင်တို့ကို ပို့ပြီး မင်းကြီးမှာသည်ကို ပြောပြသည်။

သာမာဝတီတို့က ကြက်အရှင်များ ဖြစ်သည်ကို မြင်သိ၍-

''သူတစ်ပါး၏အသက်သတ်ခြင်းကို ငါတို့မပြုကုန်''

ဟု လက်မခံ ပယ်လွှတ်လိုက်သည်။

အလုပ်အကျွေးငယ်သည် ထိုအကြောင်းကို မင်းကြီးအား ပြန်လည်ကြားလျှောက်လေသည်။

ထိုအခြေအနေကို ကြားသိမြင်ရသော မာဂဏ္ဍီက-

''အရှင်မင်းမြတ်...မင်းမြတ်မြင်အပ်ပြီးသော ယခုအခါ၌ ထိုမိန်းမတို့၏ သူတစ်ပါးတို့၏ အသက်သတ်ခြင်း ပြုသည်ကိုလည်းကောင်း မပြုသည်ကိုလည်းကောင်း သိရပေအံ့''

"အရှင်မင်းမြတ်…ဤကြက်တို့ကို ချက်ပြုတ်၍ ရဟန်းဂေါတမအား ပို့စေဟု မိန့်တော်မူပါလော့။"
ဟု လျှောက်တင်လေသည်။

မင်းကြီးသည် မာဂဏ္ဍီပြောပြသည့်အတိုင်း ပြော၍ ကြက်များကို သာမာဝတီထံသို့ ပို့စေရာ ကြက်အရှင်တို့ကို ပုရောဟိတ်ထံ ပြန်ပေး၍ ကြက်အသေရှစ်ကောင်ကို လဲလှယ်ပြီး ပို့စေသည်။ ထို့နောက် ဘုရားရှင်အား ချက်ပြုတ်လှူဒါန်းရန် မှာလိုက်ကြောင်းကိုပါ ပြောပြစေသည်။

သာမာဝတီတို့က အားရဝမ်းသာစွာဖြင့်-

"အရှင်ဆောင်ယူခဲ့သော…ဤအမှုသည်ကား ငါတို့၏ အမှုတည်း"
ဟု ပြောဆိုကာ ကြက်အသေတို့ကို ကြိုဆိုလက်ခံယူလေသည်။

အလုပ်အကျွေးငယ်သည် ထိုအကြောင်းစုံကို မင်းကြီးထံ ပြန်လည်သတင်းပို့ လျှောက်ထားသည်။

ထိုအခါ မာဂဏ္ဍီက-

"အရှင်မင်းကြီး…မြင်အပ်ပြီးမဟုတ်လော၊ အရှင်သို့ သဘောရှိသော ကျေးဇူးရှင်မင်းမြတ်၏အလို့ငှာ အမှုကိုမူကား မပြုကုန်။ ထိုမိန်းမတို့သည် ပြင်ပပုဂ္ဂိုလ်ကို နှစ်သက်တောင့်တခြင်း ရှိကြပါကုန်သည် ဟု တင်လျှောက်သော်လည်း အရှင်မင်းမြတ်သည် မယုံကြည်ပါ။"

ဟု ချောက်တွန်းစကားဖြင့် တင်လျှောက်သည်။

ဥတေနမင်းကြီးသည် ထိုစကားကို ကြားလျက်လည်း သည်းခံတော်မူ၍ ဆိတ်ဆိတ်သာလျှင် နေတော်မူသည်။

ဥတေနမင်းကြီးသည် မာဂဏ္ဍီ၊ သာမာဝတီ၊ ဝါသုလဒတ္တာမိဖုရား(၃)ဦးတို့၏ အဆောင်ပြာသာဒ်သို့ (၇)ရက် (၇)ရက် အလှည့်အလှည့်ဖြင့် ခစား စံပယ်ပြုသည်။

တစ်နေ့ မင်းကြီးသည် နက်ဖြန်သဘက် သာမာဝတီ အဆောင်သို့ သွားရောက်စံမြန်းမည်ကို မာဂဏ္ဍီသိသည်။

ဘထွေးပုဏ္ဏားထံ အစွယ်ချိုးပြီးသော မြွေတစ်ကောင် ပို့ပေးစေရန် မှာကြားသည်။ ဘထွေးပုဏ္ဏားကလည်း မှာသည့်အတိုင်း ဆောင်ရွက်ပို့ပေးလိုက်သည်။

ဥတေနမင်းကြီးသည် မိမိသွားရာအရပ်သို့ ဟတ္ထိကန္တ စောင်းကို ယူ၍သွားလေ့ရှိသည်။ ထိုစောင်းတွင် စောင်းခွက်၌ အပေါက်တစ်ခုရှိသည်။ မာဂဏ္ဍီသည် မင်းကြီးမသိအောင် ထိုအပေါက်ဖြင့် မြွေကို သွင်းပြီး အပေါက်ကို ပန်းကုံးဖြင့် ပိတ်ထားသည်။

မြွေသည် နှစ်ရက်, သုံးရက်ပတ်လုံး စောင်း၏ အတွင်း၌သာ နေရသည်။ မင်းကြီး သာမာဝတီအဆောင်သို့ သွားမည့်နေ့တွင် သိလျက် မသိချင်ယောင်ဆောင်ကာ -

"အရှင်မင်းမြတ်...ယနေ့ အဘယ်သူ၏ ပြာသာဒ် အဆောင်သို့ သွားမည်နည်း"

ဟု မေးလျှောက်သည်။

"သာမာဝတီအဆောင်သို့ သွားပါမည်"

"မင်းမြတ်...ကျွန်မသည် ယနေ့ မနှစ်သက်ဖွယ်ရာ သော အိပ်မက်ကို မြင်မက်မိပါသည်။ ထိုသာမာဝတီ အဆောင်သို့ ကြွချီရန် မသင့်လျှော်ပါ"

"မိဖုရား သွားမည်သာ ဖြစ်ပါသည်"

မာဂဏ္ဍီသည် သုံးကြိမ်တိုင်တိုင် တားမြစ်တောင်း ပန်သည်။ မင်းကြီးက တောင်းပန်မှုကို လက်မခံသောအခါ မင်းကြီးနှင့်အတူလိုက်ရန် စီမံသည်။ မင်းကြီးက မလိုက်ရန် တားမြစ်သော်လည်း မရ။

"အရှင်မင်းမြတ်သည် မည်သို့ဖြစ်မည်ကို မသိနိုင်" ဟု ပြောကာ မင်းကြီးနှင့်အတူ အတင်းလိုက်လေသည်။

ဥတေနမင်းကြီးသည် သာမာဝတီ အမှူးရှိသော မိန်းမ တို့ ပေးအပ်သော အဝတ်, ပန်းနံ့သာ တန်ဆာတို့ကို ဆင်ယင် ပြီးလျှင် ဘောဇဉ်အာဟာရတို့ကို သုံးဆောင်သည်။

စောင်းကိုမူ မိမိအိပ်မည့်အိပ်ရာ ခေါင်းရင်း၌ ထား သည်။ မာဂဏ္ဍီသည် ဟိုမှဤမှ လှည့်လည်သကဲ့သို့ပြုလျက် စောင်းအနီးသို့သွားပြီး စောင်းပေါက်မှ ပန်းကုံးကို ဆွဲဖယ်ပစ် လိုက်သည်။

မြွေသည် နှစ်ရက်,သုံးရက်ပတ်လုံး အာဟာရ ပြတ်သဖြင့် ထိုအပေါက်မှထွက်ကာ ဒေါသဖြင့် ပါးပျဉ်းကို ထောင် ပြလေသည်။ ထို့နောက် အိပ်ရာ၌ အိပ်သည်။

မာဂဏ္ဍီသည် ထိုမြွေကိုမြင်၍-

‘‘အရှင်မင်းကြီး…အလွန်စက်ဆုပ်ကြောက်ရွံ့ဖွယ် ကောင်းသော မြွေပါတည်း’’

ဟု အသံကျယ်လောင်စွာ အော်ဟစ်၍ မင်းကြီးအား လည်းကောင်း၊ သာမာဝတီတို့ကိုလည်းကောင်း၊

‘‘ဤအလွန်မိုက်မဲလှစွာသော မင်းသည် ဘုန်းကျက်သရေမရှိလေစွ၊ ငါသည် အဖန်တလဲလဲ တားမြစ်တောင်းပန်ပါလျက် ငါ၏စကားကိုမနာယူ။ ဘုန်းကျက်သရေ မရှိကုန်သော ဤမိန်းမတို့သည်လည်း ဆိုနိုင်ခဲကုန်၏။

မင်းကြီးထံမှ အသင်တို့သည် အဘယ်ကို မရကုန်သနည်း။ ဤမင်းကြီးသည် သေခဲ့သည်ရှိသော် အသင်တို့အား အဘယ်သို့လျှင် ချမ်းသာစွာ အသက်မွေးနိုင်ကုန်လတ္တံ့နည်း။

မင်းကြီးသည် အသက်တော်ရှည်သည်ရှိသော် အဘယ်မှာ ဆင်းရဲငြိုငြင်ပင်ပန်းခြင်းဖြင့် အသက်ရှည်ရအံ့နည်း။ ငါသည် ယနေ့ ယုတ်မာသော အိပ်မက်ကိုမြင်မက်ပါသည်။ သာမာဝတီ အဆောင်သွားရန် မသင့်လျော်ပါဟု အတန်တန် တားမြစ်တောင်းပန်ငြားသော်လည်း ငါ၏စကားကို မနာယူ’’

ဟု ဆဲရေး ရေရွတ်ပြောဆိုလေလသည်။

ဥတေနမင်းကြီးသည် မြွေကိုမြင်လျှင် သေအံ့သော ဘေးတို့ဖြင့် ခြိမ်းခြောက်ခံရသည်ဖြစ်၍-

''ဤမိန်းမတို့သည်ကား ဤသို့သဘောရှိသည်ကို ပြုကုန်ကြသည်။ ဩော်...အလွန်ယုတ်မာလေစွတကား။

ဤမိန်းမတို့၏ ယုတ်မာသောအဖြစ်ကို မာဂဏ္ဍီသည် အဖန်တလဲလဲ ပြောကြားငြားသော် လည်း မာဂဏ္ဍီစကားကို ငါမယုံကြည်ခဲ့။ ရှေးဦးစွာ မိမိ၏တိုက်ခန်း၌ အပေါက်တို့ကိုပြု၍ နေကုန်၏။

တစ်ဖန် ငါသည် ပေးချက်စေသော ကြက်တို့ကို ပြန်၍ ပို့ပေးစေကုန်၏။ ယနေ့ ငါ၏အိပ်ရာ၌ မြွေကို လွှတ်ကုန်၏။''

ဟု ဒေါသအမျက်ပြင်းစွာထွက်ကာ ဟူးဟူးပြောင်ပြောင် တောက်လောင်သော မီးလျှံကဲ့သို့ ဖြစ်ပေါ်ခံစားမိလေသည်။

သာမာဝတီကလည်း မိမိ၏ မောင်းမများကို-

''မိခင်တို့ ငါတို့အား တစ်ပါးသော ကိုးကွယ်ရာသည် မရှိ။ လူတို့ကို အစိုးရသောမင်းမြတ်၌လည်းကောင်း၊ မာဂဏ္ဍီ၌လည်းကောင်း၊ မိမိကိုယ်၌လည်းကောင်း ထပ်တူထပ်မျှသာ မေတ္တာစိတ်ကိုဖြစ်စေကုန်လော့။ တစ်စုံ တစ်ယောက်သောသူအား အမျက်ထွက်ခြင်းကို မပြုကြကုန်လင့်''

ဟု အဆုံးအမကို ပေးလေသည်။

ဥတောနမင်းကြီးသည် ဗိုလ်ခြေတစ်ထောင်အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကိုယူ၍ လေးညို့ကို ဖြန့်ပြီးလျှင် အဆိပ်လူးသောမြှားကို တင်၍ သာမာဝတီမိဖုရားကို ရှေးဦး တင်ပြီးလျှင် အလုံးစုံသော မောင်းမတို့ကို အစဉ်အတိုင်း တန်းစီစေပြီး သာမာဝတီမိဖုရား၏ ရင်ဝတည့်တည့် မြှားကို ပစ်လွှတ် လိုက်သည်။

ထိုပစ်လွှတ်လိုက်သောမြှားသည် သာမာဝတီ မိဖုရား၏ မေတ္တာအာနုဘော်၏ အစွမ်းဖြင့် ပြန်လည်ဆုတ်နစ် လာ၍ မင်းကြီး၏ နှလုံးတည့်တည့်သို့ စူးဝင်မည်ကဲ့သို့ တည်လေသည်။

"ငါပစ်အပ်သောမြှားသည်ကား ကျောက်ဆောင်ကို ပင် ဖောက်ထွင်း၍သွား၏။ ယခု ဟင်းလင်းပြင် ကောင်း ကင်၌ တားမြစ်အပ်သော အရာဌာနသည် အနည်းငယ်မျှမရှိ။

ထိုသို့ မရှိပါဘဲလျက် ဤမြှားသည် ပြန်လည်၍ လာပြီးသောအခါ ငါ၏နှလုံးတည့်တည့်သို့ ရှေ့ရှုသည် ဖြစ်ဘိ ၏"

ဟု ဥတောနမင်းသည် ကြံစည်မိကာ ထိတ်လန့်တုန်လှုပ်သော စိတ်ရှိကာ-

"သတ္တဝါမဟုတ်၊ အသက်ဇီဝိတ်ဋ္ဌေမရှိသော ဤသို့ သဘောရှိသော မြှားပင်သော်လည်း ထို သာမာဝတီ၏

ဂုဏ်ကျေးဇူးကို သိတုံသေး၏။ ငါသည် လူစင်စစ် ဖြစ်ပါ လျက် သာမာဝတီ၏ဂုဏ်ကျေးဇူးအထူးကို မသိလေ” ဟု ကြံဆဆင်ခြင်ပြီးလျှင် ဥတေနမင်းကြီးသည် လေးကို စွန့်ပစ်ပြီး လက်အုပ်ချီလျက် သာမာဝတီခြေရင်း၌ ဆောင့်ကြောင့် ထိုင်ကာ-

“သာမာဝတီ…ငါသည် အသိဉာဏ်ကင်းမိုက် အဖျဉ်းဖြင့် ပြင်းစွာတွေဝေမိပါ၏။ ခပ်သိမ်းအပြား မထား သတိ၊ ငါမိုက်မိပေ၏။ ငါအား အလုံးစုံကုန်သော တွင်းပြင် နှစ်ဝ သန္တာန်တို့သည် ထန်နက်မိုက်မဲ တွေဝေကုန်၏။

နှမတော်သာမာဝတီ…ရှေးကပြုဖူးသော ကျေးဇူးကို မြော်ငင်သောအားဖြင့် ငါ့ကို ကယ်တင်ပါလော့၊ နှမတော် သက်ထားရှင်မိဖုရားသည်ပင်လျှင် ငါ၏ မှီခိုညွတ်လျိုး ကိုးကွယ်ဆည်းကပ် မှီခိုရာသည်ဖြစ်ပါလော့”

ဟု တောင်းပန်မိန့်ကြားသည်။

“ကောင်းလှပါပြီ အရှင်မင်းမြတ်… ကျွန်ုပ်အား ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်ပါလော့။”

ဟု မဆိုမူဘဲ-

“မြတ်သောမင်းကြီး….အကျွန်ုပ်သည် ဘုရားရှင်ကို သာလျှင် ကိုးကွယ်ခြင်းသို့ရောက်ပါ၏။ အရှင်မင်းမြတ်သည် လည်း ထိုမြတ်စွာဘုရားကိုသာ ကိုးကွယ်ဆည်းကပ်ပါလော့”

ဟု သာမာဝတီက ပြောကြားပြီး ဆက်လက်၍-

“မောင်တော်အရှင်မင်းမြတ်… အရှင်မင်းမြတ်သည်

ကျွန်တော်မကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ မရောက်ပါလင့်။ ကျွန်တော်မသည် ဘုရားရှင်ကို ကိုးကွယ်ပုန်းအောင်း မှီခိုလဲလျောင်းရာအဖြစ်သို့ ရောက်နေပါ၏။ ဘုရားရှင်သည် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်း ဆရာကင်း၍ သိခြင်းသို့ ရောက်တော်မူပါ၏။

သစ္စာလေးပါး မြတ်တရားကို သူတစ်ပါးတို့အား သိမြင်စေတော်မူတတ်ပါ၏။ ဗြဟ္မာ၊ နတ်၊ လူ သုံးဘုံသူတို့တွင် တူသူမရှိပါ။ အနည်းငယ်မျှဖြင့်သာ ပြတော်မူအပ်သည်ဖြစ်၍ အထပ်ထပ်ချီးမွမ်းအံ့ဩသော်လည်း ပြောပ၍ မဆုံးနိုင်သော ဂုဏ်တော်တို့ဖြင့် ထင်ပေါ်ကျော်ကြားသော ထိုမြတ်စွာဘုရားကို ကျွန်တော်မသခင် အရှင်မင်းမြတ်သည်လည်း ကိုးကွယ် ဆည်းကပ်ပါလော့''
ဟု တင်လျှောက်လေသည်။

''ယခုခါ ငါသည် အလွန်အကဲ ဆင်းရဲတွေ့ကြုံရမည်ဖြစ်၍ ကြောက်ရွံ့မိပါသည်။''
ဟု ပြောပြီး ဆက်လက်၍-

''နှမ သာမာဝတီ... ထိုသို့ဖြစ်လျှင် သင့်ကိုလည်း ဆည်းကပ်ကိုးကွယ်ခြင်းသို့ ရောက်ပါအံ့။ အသင် နှမ၏ ကိုးကွယ်ရာဖြစ်သော ဘုရားရှင်ကိုလည်း ကိုးကွယ်ခြင်းသို့ ပြုပါ၏။''

''ချစ်နှမ... အသင်လိုအပ်သောဆုမြတ်ကို ပေးပါ၏''

"အရှင်မင်းမြတ်ပေးသော ဆုကို လက်ခံယူပါမည်"

ထို့နောက် ဥတေနမင်းမြတ်သည် ဘုရားရှင်ထံ ချဉ်းကပ်ပြီး ကိုးကွယ်ဆည်းကပ်ရာအဖြစ်သို့ ရောက်ရှိသွားသည်။

ဘုရားအမှူးရှိသော သံဃာတော်များကို ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလှူသည်။

"ချစ်နှမ သာမာဝတီ...ထလော့၊ အသင့်အားငါသည် ပေးသနားအပ်သော ဆုကို ယူလော့"

"အရှင်မင်းမြတ်...ကျွန်တော်မအား ရွှေ,ငွေ အစရှိကုန်သော ဥစ္စာတို့ဖြင့် အလိုမရှိပါ။ ကျွန်တော်မအား ဘုရားရှင်နှင့်တကွ ငါးရာကုန်သော ရဟန်းတို့သည် အမြဲမပြတ် နန်းတော်သို့ ကြွလာ၍ တရားတော်ကို နာရပါလို၏။ ဤသို့သော ဆုကို အလိုဆန္ဒရှိပါ၏"

ဟု လျှောက်ထားသည်။

ထိုအခါ ဥတေနမင်းသည် ဘုရားရှင်ကို ရှိခိုး၍-

"မြတ်စွာဘုရား... ရဟန်းငါးရာတို့နှင့်အတူ ဤနန်းတော်သို့ အမြဲကြွတော်မူပါကုန်လော့။ သာမာဝတီတို့သည် တရားတော်ကို နာလိုကုန်ပါ၏ဘုရား"

ဟု လျှောက်ထားသည်။

"ဒါယကာမင်းကြီး... ဘုရားရှင်တို့မည်သည်ကား တစ်ခုတစ်ခုသောအရပ်၌ အမြဲကြွသွားခြင်းငှာ မအပ်၊

အလုံးစုံသောလူအပေါင်းသည် ဘုရားရှင်ကြွလာတော်မူလာခြင်းငှာ တောင့်တကြလေ့ရှိပါသည်''

''မြတ်စွာဘုရား… ထိုသို့ဖြစ်ပါမူ တစ်ပါးသောရဟန်းကို စေလွှတ်ပေးပါဘုရား''

ဟု ဥတေနမင်းက လျှောက်ထားသောအခါ ဘုရားရှင်က ရှင်အာနန္ဒာကို စေလွှတ်တော်မူသည်။

ထိုအခါ အရှင်အာနန္ဒာသည် ရဟန်းငါးရာနှင့်အတူ မင်းနန်းတော်သို့ ကြွတော်မူသည်။ သာမာဝတီတို့သည် အမြဲမပြတ် ရှင်အာနန္ဒာမထေရ်ကို အခြံအရံနှင့်တကွ ဆွမ်းကျွေး၍ တရားတော်ကို ကြားနာကြလေသည်။

တစ်နေ့တွင် ရှင်အာနန္ဒာ၏ တရားစကားကို ကြားနာရပြီး ကြည်ညိုသည်ဖြစ်၍ အပေါ်ရုံပန်းနွယ်ပုဆိုးဝတ်(၅၀၀) တို့ကို ပူဇော်လှူဒါန်းကြသည်။ ထိုပန်းနွယ်ပုဆိုးတစ်ထည်၏ တန်ဖိုးသည် (၅၀၀)တန်ဖိုး ရှိသည်။

သာမာဝတီနှင့် မောင်းမတို့၏ ကိုယ်ပေါ်၌ ထိုပန်းနွယ်အပေါ်ရုံတို့ကို မင်းကြီးသည် မမြင်သော်-

''သင်တို့၏ အပေါ်ရုံပန်းနွယ်ပုဆိုးတို့သည် အဘယ်ရောက်ကုန်သနည်း''

ဟု မေးသည်။

"မင်းမြတ်…ကျွန်တော်မတို့သည် ရှင်အာနန္ဒာအား ပေးလှူလိုက်ကြပါ၏"

"ရှင်အာနန္ဒာသည် အလုံးစုံကို အကုန်ခံယူပါသလော"

"မင်းမြတ်…အကုန်ခံယူပါသည်။"

ထိုအခါ ဥတေနမင်းကြီးသည် ရှင်အာနန္ဒာသို့ ချဉ်းကပ်၍ ရှိခိုးပြီးသော် ထိုပန်းနှယ်ပုဆိုး(၅၀၀)လှူမှု အလှူခံတို့ကိုလည်းကောင်း မေးမြန်းလျှောက်ထားပြီးနောက်-

"အရှင်ဘုရား‥အဝတ်တို့သည် အလွန်များလှချေ၏။ ညှိုးမျှသော အဝတ်တို့ဖြင့် အဘယ်ကို အသုံးပြုကြကုန်သနည်း။"

ဟု မေးလျှောက်သည်။

"ဒကာတော်မင်းကြီး…ငါတို့အား ဝတ်လောက်ရုံမျှသော အဝတ်တို့ကိုယူရန် ကြွင်းသောအဝတ်တို့ကို ဆွေးမြေ့ဟောင်းနွမ်းသော သင်္ကန်းရှိကုန်သော ရဟန်းတို့အား ပေးလှူပါသည်။"

"အရှင်ဘုရား…ထိုရဟန်းတို့သည် မိမိ၏ ဆွေးမြေ့ဟောင်းနွမ်းသောသင်္ကန်းတို့ကို အသုံးပြုပါသနည်း"

"ဒကာတော်မင်းကြီး…မိမိထက် ဟောင်းနွမ်းဆွေးမြေ့သော သင်္ကန်းရှိကုန်သော ရဟန်းတို့အား ပေးလှူကြပါသည်"

"အရှင်ဘုရား…ထိုရဟန်းတို့သည် မိမိတို့၏ အလွန်ဟောင်းနွမ်းဆွေးမြေ့သော သင်္ကန်းတို့ကို အသို့ပြုပါသနည်း"

"ဒကာတော်မင်းမြတ်… သင်္ကန်းဟောင်းတို့ကို အိပ်ရာခင်း ပြုလုပ်ကြပါသည်"

"အရှင်ဘုရား…ရှေးကရှိသော အိပ်ရာခင်းဟောင်းတို့ကော အသို့ပြုပါသနည်း"

"ဒကာတော်မင်းမြတ်…မြေအခင်း ပြုလုပ်ကြကုန်၏"

"အရှင်ဘုရား…ရှေးကရှိနေသော မြေအခင်းဟောင်းတို့ကို အသို့ပြုလုပ်ပါသနည်း"

"ဒကာတော်မင်းမြတ်…ခြေသုတ်ပုဆိုး ပြုလုပ်ကြပါကုန်၏"

"အရှင်ဘုရား….ရှေးကရှိနေသော ခြေသုတ်ပုဆိုးဟောင်းတို့ကို အသို့ပြုလုပ်ပါသနည်း။"

"ဒကာတော်မင်းမြတ်…ရှေးကရှိသော ခြေသုတ်ပုဆိုးဟောင်းတို့ကို အပိုင်းပိုင်း အနုတ်နုတ်စင်းပြီးနောက် မြေညက်ဖြင့် ရောနှောဆုပ်နယ်ပြီးလျှင် နံရံ၌ လိမ်းကျံကြပါသည်"

"အရှင်မြတ်တို့ဘုရား… အရှင်မြတ်တို့အား လှူဒါန်းအပ်သော အလှူဝတ္ထုတို့သည် ဤမျှလောက်သောအမှုကို ပြုကုန်၍သော်လည်း မပျက်မစီးကုန်ချေသည်တကား"

"ဒကာတော်မင်းမြတ်…ဟုတ်ပါပေ၏"

ဥတေနမင်းကြီးသည် အလွန်ကြည်ညိုလှသည်ဖြစ်၍ အဝတ်ပုဆိုးငါးရာတို့ကို ထပ်မံ၍ လှူဒါန်းလေသည်။

အရှင်အာနန္ဒာမထေရ်သည်ကား တန်ဖိုး(၅၀၀)ထိုက်သော အဝတ်ပုဆိုးတို့ကို (၁၀၀၀)ဖြင့် ခြေရင်း၌ ထား၍ အလှူခံရသည်မှာ အကြိမ်တစ်သိန်းတိုင်တိုင် ရလေသည်။

- အဖိုးတစ်ထောင်ထိုက်သော သင်္ကန်း(၁၀၀၀) တို့ကို အကြိမ်(၁၀၀၀)ရသည်။
- အဖိုးတစ်သိန်းထိုက်သောသင်္ကန်း(၁၀၀၀)ကို အကြိမ်(၁၀၀)ရသည်။
- တစ်ထည်,နှစ်ထည်, သုံးထည်, လေးထည်, ငါးထည် စသည်ဖြင့် ရအပ်သော သင်္ကန်းကား အရေအတွက် အပိုင်းအခြားမရှိပေ။

×××××

"အကြင်အမှုကိုငါသည်ပြု၏။ ထိုပြုသောအမှုသည် ပြုတိုင်း မဖြစ်ဘဲ တစ်ပါးသော အခြင်းအရာဖြင့်သာလျှင် ဖြစ်လေဘိသည်။ ယခု အဘယ်သို့ ထပ်ပြုရမည်နည်း" ဟု မာဂဏ္ဍီသည် ကြံဆတွေးတောနေပြန်သည်။

တစ်နေ့ ဥတေနမင်းကြီးသည် ဥယျာဉ်ကစားခြင်းငှာ ထွက်ခွာသွားသောနေ့တွင် မာဂဏ္ဍီသည် မိမိ၏ ဘထွေးကို-

''သာမာဝတီတို့၏အဆောင်ကို အဝတ်များ ဆီအပြည့် ဆွတ်ပြီး ပြာသာဒ်ဆောင်ကိုပတ်ကာ သာမာဝတီတို့ကို ပြာသာဒ်ထဲသွင်းပြီး တံခါးပိတ်ကာ မီးရှို့သတ်ရန်'' အကြောင်းကြားလေသည်။

ဘထွေးပုဏ္ဏားသည် မာဂဏ္ဍီမှာသည့်အတိုင်း ပြာသာဒ်သို့တက်ပြီး ကျီးကျတို့ကို ဖွင့်စေကာ အဝတ်တို့ကို ဆီအိုးတွင်ထည့် ဆီဆွတ်ပြီးသော် မာဂဏ္ဍီတို့၏ ပြာသာဒ် ဆောင်ကို ပတ်စေသည်။

သာမာဝတီတို့က ပုဏ္ဏားထံချဉ်းကပ်၍

''ဘထွေး…ဤအမှုကား အဘယ်နည်း''

ဟု မေးသော်-

''ချစ်သမီး… မင်းကြီးက ဤအဆောင်မြဲမြံခိုင်ခံ့ စေခြင်းငှာ ဤသည်တို့ကို ဆီလိမ်းကျံသော အဝတ်ပုဆိုး တို့ဖြင့် ရစ်ပတ်စေပါသည်။ မင်းအိမ်နန်းတော် မည်သည်ကား ကောင်းသောအကြောင်းအရေးနှင့် ယှဉ်သည်ကိုလည်းကောင်း၊ မကောင်းသောအကြောင်းနှင့်ယှဉ်သည်ကိုလည်းကောင်း သိနိုင်ခဲ၏။ ချစ်သမီးတို့သည် ငါ၏အထံ၌ စုရုံးကြကုန် လော့''

ဟု ပြောဆိုကာ မိမိထံသို့ သာမာဝတီ၏ နောက်ပါမောင်းမ ခြွေရံတို့ကို တိုက်ခန်း၌သွင်းကာ နေစေပြီးနောက် တံခါးကို

အပြင်မှပိတ်ကာ အဝတ်စတို့၌ မီးကိုရှို့ညှိပြီးလျှင် ပုဏ္ဏား သည် ပြန်ဆင်းလာခဲ့သည်။

ထိုအန္တရာယ်ကြုံတွေ့လာသောအခါ သာမာဝတီက-

"အရှင်မတို့...အစမထင်သော သံသရာ၌ ကျင်လည် ပြေးသွားမျောပါနစ်မွန်း၍ လာခဲ့ရသော ငါတို့အား ဤအတူ သာလျှင် ပြင်းစွာသော မီးလျှံဖြင့် လောင်ကျွမ်း၍ သေကြေ ပျက်စီးရသော ခန္ဓာကိုယ်အတ္တဘောတို့၏ အပိုင်းအခြားကို ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ဖြင့်သော်လည်း ထုတ်ဖော် ပိုင်းခြားရေတွက်ခြင်းငှာ မလွယ်ပါ။ မမေ့မလျော့ မပေါ့မပါး သော သတိတရားကို ရှေ့သွားဖြစ်စေကြကုန်လော့"

ဟု အဆုံးအမကို ပေးလေသည်။

သာမာဝတီမောင်းမမိဿံတို့သည် နန်းတော်ကို မီးလောင်မြိုက်စဉ်ပင်လျှင် ဝေဒနာကို သိမ်းဆည်းသော ကမ္မဋ္ဌာန်းကို နှလုံးသွင်းဆင်ခြင်နေကြသည့်အတွက်-

- အချို့သည် သကဒါဂါမိဖိုလ်တည်ကြသည်။
- အချို့သည် အနာဂါမိဖိုလ်တည်ကြသည်။

ထို သာမာဝတီတို့ မီးလောင်တိုက်သွင်းသတ်ခံရမှုနှင့် ပတ်သက်၍ ရဟန်းတို့က ဘုရားရှင်ကို-

"အရှင်ဘုရား...သာမာဝတီ အမှူးရှိသော အမျိုး သမီးငါးရာတို့သည် အဘယ်သို့ လားရာဂတိရှိပါသနည်း။ အဘယ်သို့သော တမလွန်ဘဝရှိပါသနည်း"

ဟု မေးလျှောက်ကြသည်။

''ရဟန်းတို့... ဤဥပါသိကာမ ငါးရာတို့တွင် သောတာပန်တို့လည်း ပါရှိကုန်၏။ သကဒါဂါမ်တို့သည်လည်း ပါရှိကုန်၏။ အနာဂါမ်တို့သည်လည်းပါရှိကုန်၏''

''ချစ်သားတို့...သတ္တလောကသည် တွေဝေမှုနှင့် စပ်ယှဉ်ခြင်းရှိသည်ဖြစ်၍ ထိုက်သောသဘောကဲ့သို့သာလျှင် ကိလေသာတည်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့သော အဝိဇ္ဇာဟူသောအမှောင်ဖြင့် ခြံရံအပ်သော သူမိုက်သည် မြဲသောသဘောသို့ ထင်၏။''

''မြဲသောသဘောရှိသော နိဗ္ဗာန်ကိုမြင်သော ပုဂ္ဂိုလ်အား တစ်စုံတစ်ခုမျှသော စိုးရိမ်ခြင်း(ဝါ) ကိလေသာဟူသော ကြောင့်ကြစိုးရိမ်ခြင်းသည် မရှိ''

ဟု ဥဒါန်းကျူးရင့်ပြီးလျှင် ဗုဒ္ဓကဆက်လက်၍-

''ချစ်သားတို့... ဤသတ္တဝါတို့မည်သည်ကား သံသရာဝဋ်၌ မလွတ်၊ တာရှည်ကျင်လည်ပြေးသွား ရကုန်သည်ရှိသော် မြဲသောကာလပတ်လုံး မမေ့မလျော့ကုန်သည် ဖြစ်၍ ကုသိုလ်ကောင်းမှုကံကိုသာလျှင် စီမံ အားထုတ် မပြုလုပ်ကြကုန်။ သတိမေ့လျော့ ပေါ့တန်သဖြင့် နေခြင်းရှိသည်ဖြစ်၍ မကောင်းမှု အကုသိုလ်ကံကိုလည်း စီမံအားထုတ် ပြုလုပ်ကုန်၏။

ထို့ကြောင့် သတ္တဝါတို့သည် သံသရာဝဋ်ဆင်းရဲ၌ အမြဲမပြတ် အထပ်ထပ်ကျင်လည်ပြေးသွားကုန်လျက် ချမ်းသာဆင်းရဲကိုလည်း အစဉ်မလွဲ အမြဲခံစားရကုန်၏။” ဟု တရားကို ဟောကြားတော်မူလေသည်။

×××××××

## သာမာဝတီတို့၏ရှေးဝင်္ကြွေး

မောင်းမမိသံ အခြွေအရံ ငါးရာနှင့်တကွသော သာမာဝတီမိဖုရားတို့ လောင်းတိုက်သွင်းခံ သေဆုံးရခြင်းမှာ-

သာမာဝတီမိဖုရားလောင်းအမျိုးသမီးသည် ဘုရားပွင့်တော်မမူမီ တစ်ခုသောဘဝဝယ် ထိုမိန်းမငါးရာတို့နှင့် အတူတကွ ဂင်္ဂါမြစ်၌ရေကစားပြီး ဆိပ်ကမ်း၏အပြင်အပ၌ ရပ်တည်နေစဉ် အချမ်းအအေးဓာတ်ပြင်းထန်စွာဖြစ်လာလတ်သော် မနီးမဝေးသောအရပ်၌ ပစ္စေကဗုဒ္ဓအရှင်မြတ်တစ်ပါး၏ သစ်ရွက်မိုးသောကျောင်းကလေးကိုမြင်ရ၍ သစ်ရွက်မိုးကျောင်း၌ ပစ္စေကဗုဒ္ဓါရှိ-မရှိကို မစူးစမ်းမဆင်ခြင်ဘဲ ပြင်ပမှမီးတိုက်၍ မီးလှုံကြလေသည်။

သင်္ကန်း၊ ကျောင်းအတွင်း၌ကား ပဒ္မေကဗုဒ္ဓါအရှင်မြတ်သည် နိရောဓသမာပတ်ဝင်စားနေတော်မူဆဲဖြစ်သည်၊ ထိုမိန်းမတို့သည် မီးလျှံများငြိမ်းသွားသောအခါ ပဒ္မေကဗုဒ္ဓါကိုမြင်ကြရ၍ မီးတိုက်မှုအတွက် သတ်လို၊ သေစေလိုသောစေတနာမရှိ၊ အပြစ်မရှိသော်လည်း နှလုံးမသွင်းတတ်ကြ၊ အကြောက်လွန်ကြသည့်အတွက်-

''ရှင်မတို့…ငါတို့သည် အဘယ်အမှုကိုပြုမိကြသနည်း၊ အပြုမှားမိကြကုန်၏၊ ဤပဒ္မေကဗုဒ္ဓါအရှင်သည် မင်းကြီး၏ရွှေနန်းတော်၌ နေ့စဉ် ဆွမ်းခံကြွသောအရှင်မြတ်ဖြစ်နေသည်၊ ဤအရှင်ပဒ္မေကဗုဒ္ဓါ ပျံလွန်တော်မူသည်ကို မင်းကြီးသိလျှင် ငါတို့အား ပြင်းစွာ အမျက်ထွက်ပေလိမ့်မည်၊ ယခုမကြား၊ မသိမီ၊ ထိုပဒ္မေကဗုဒ္ဓါကို အစပျောက်၊ အနပျောက်၊ ပြာကျအောင် မီးသဂြိုဟ်လိုက်မှ ငါတို့သင့်တော်မည်''

ဟု အတိုင်ပင်မှား၊ အကြံမှားကြကာ တစ်ယောက်ကို ထင်းတစ်ချောင်းစီယူ၍ ပဒ္မေကဗုဒ္ဓါကိုထင်းအုံပြီးလျှင် မီးတိုက်ခဲ့ကြလေသည်။

ဤမီးတိုက်မှုကား သေစေလိုသောစေတနာပါရှိသောကြောင့် အပြစ်ကြီးလေသည်။

ပစ္စေကဗုဒ္ဓါသည် မီးတောက်မီးလျှံများ ပြတ်လတ်သော် နိရောဓသမာပတ်မှထ၍ ကောင်းကင်ခရီးဖြင့် ပျံတက်ကြွသွားလေသည်။

ထိုမကောင်းမှုအကုသိုလ်ကံကြောင့် ငရဲ၌ကျရောက် ခံရပြီးလျှင် ဝိပါက်ကြွင်းအနေဖြင့် ယခုဘဝ ထပ်မံမီးလောင်တိုက် အသွင်းခံပြီး သေဆုံးပျက်စီးရလေသည်။

ဥတေနမင်းသည် သာမာဝတီတို့ နန်းပြာသာဒ် မီးလောင်မှုကိုသတင်းကို ကြားလျှင်ကြားချင်း လျင်မြန်သောအဟုန်ဖြင့် ပြန်လာခဲ့သော်လည်း ကယ်တင်ခြင်းငှာ မစွမ်းနိုင်တော့ချေ။

နန်းပြာသာဒ်ကို မီးငြိမ်းအောင် ငြိမ်းသတ်စေပြီး အားကြီးသော နှလုံးမသာယာခြင်း ဒေါသဖြစ်ခြင်းရှိသည် ဖြစ်၍ အမတ်ပေါင်းခြံရံလျက် ထိုင်နေတော်မူပြီး သမာဝတီ၏ ဂုဏ်ကျေးဇူးကို အစဉ်အောက်မေ့လျက်-

"ဤအမှုကို အဘယ်သူပြုလိမ့်မည်နည်း"

ဟု ကြံဆင်ခြင်ကြည့်သော် မဂ္ဂန္ဒီပြုသည် ဖြစ်ပေမည်ဟု သိမြင်၍-

"ခြိမ်းခြောက်၍ မေးအပ်သည်ရှိသော် မပြောဆိုဘဲ ရှိလတ္တံ့၊ ဖြည်းဖြည်းသာသာ အကြောင်းတစ်စုံတစ်ရာ ဖြင့် မေးအံ့"

ဟု ကြံစည်မိကာ-

''အို အချင်းအမတ်အပေါင်းတို့... ဤမှရှေးအခါ၌ ငါသည် ထကြွလုံ့လသတိထားလျက် တွေးတော ယုံမှား ခွဲရှာကြောက်လန့်တုန်လှုပ်လျက်သာ နေရ၏။ သာမာဝတီ သည့် ငါ မင်းမြတ်အား အမြဲမပြတ် ဖျက်ဆီးအံ့သော အခွင့်ကိုသာ ရှာကြံဆည်းပူး၍ နေ၏။

ဤယခုအခါမှာမူကား ငါ၏စိတ်သည် ငြိမ်းအေးခြင်း ဖြစ်စေတော့အံ့၊ ယခု ငါသည် ချမ်းသာအေးမြသဖြင့် အိပ်ရခြင်း၊ နေရခြင်း၊ စားရခြင်းကို ရသည်ဖြစ်ပေတော့ မည်''

ဟု မိန့်ကြားသည်။

''အရှင်မင်းမြတ်... အဘယ်သူသည် ဤအမှုကို ပြုပါလိမ့်မည်နည်း''

''အို အမတ်အပေါင်းတို့...ငါကို ချစ်ခင်နှစ်သက် စုံမက်ခြင်းရှိသော တစ်စုံတစ်ယောက်သောသူသည် ဤအမှု ကို ပြုပါလိမ့်မည်''

ထိုအချိန်တွင် မာဂဏ္ဍီမိဖုရားသည် အနီးအနားတွင် ရှိနေလျက် ထိုသို့ ပြောဆိုသောစကားကို ကြားသည်ရှိသော်-

''အရှင်မင်းမြတ်... ဤအမှုကို တစ်ပါးသော တစ်စုံ တစ်ယောက်သောသူသည် အဘယ်မှာပြုခြင်းငှာ စွမ်းနိုင်ပါ အံ့နည်း၊ ကျွန်တော်မသည်သာ ပြုအပ်ပါ၏။ ကျွန်တော်မသည်

ဘထွေးကိုစေခိုင်း၍ ပြုစေအပ်၏”
ဟု လျှောက်ထားသည်။

“ချစ်နှမ… အသင့်ကိုထား၍ တစ်ပါးတစ်ယောက်သော ငါ၌ ချစ်ခင်နှစ်သက်စုံမက်မြတ်နိုးသောသူ မည်သည် မရှိ၊ အသင့်အား ငါသည် အလွန်ချစ်ခင် ကြည်ညိုနှစ်သက်ခြင်း ရှိပါ၏။ အသင့်ကို ငါသည် မြတ်သောဆုကို ပေးသနားပါအံ့။ သင့်ရဲ့ဆွေမျိုးအပေါင်းကိုလည်း ခေါ်ပါလော့”
ဟု မင်းကြီးက မိန့်ကြားလေသော် မာဂဏ္ဍီသည် ဆွေမျိုးအပေါင်းတို့ကို-

“မင်းကြီးသည်…ငါ့အား နှစ်သက်ကြည်ညိုခြင်း ရှိ၍ မြတ်သောဆုကို ပေး၏။ ဆွေမျိုးတို့ လျင်မြန်စွာ လာခဲ့ကြကုန်လော့”
ဟု သတင်းစကားကို မှာကြားလိုက်သည်။

မင်းကြီးသည် လာတိုင်း,လာတိုင်းသော မာဂဏ္ဍီ ဆွေမျိုးတို့အား ကြီးစွာသော ပူဇော်သက္ကာရကို ပြုလုပ်ပေးသည်။

ထိုသို့ပြုသည်ကိုမြင်ကြားသိကြသော သူတို့သည် မာဂဏ္ဍီနှင့် ဆွေမျိုးမတော်သောသူတို့သည် တံစိုးလက်ဆောင်ပေး၍-

''ငါတို့သည်လည်း မာဂဏ္ဍီ၏ အမျိုးတည်း''
ဟု ပြောဆိုကာ လာကုန်ကြသည်။

ဥတေနမင်းကြီးသည် အလုံးစုံသောသူတို့ကို ယူစေ၍ မင်းရင်ပြင်၌ ချက်အတိုင်းအရှည်ရှိသော တွင်းကို တူးစေသည်။ ထိုအလုံးစုံသော ဆွေမျိုးတို့ကို တွင်းထဲသို့ သက်ဆင်းနေစေ ပြီးလျှင် မြေတို့ကို ဖို့၍ အထက်၌ ကောက်ရိုးတို့ကို ကြဲစေပြီးသော် မီးဖြင့်တိုက်စေသည်။

အရေများစုတ်ပြတ်သောကာလ၌ သံထွန်သွားဖြင့် ထွန်စေ၍ အပိုင်းပိုင်းအမျှင်မျှင် ပြုစေသည်။

မာဂဏ္ဍီ၏ကိုယ်မှလည်း ထက်စွာသော ဓားဖြင့် ထူထဲထူထဲကုန်သော နေရာတို့၌ အသားကို လှီးခွာယူပြီးလျှင် အိုးကင်းကို ခံလောက်ထက်တွင် တင်၍ မုန့်ကဲ့သို့ ချက်ကြော်ပြီးသော် မာဂဏ္ဍီကိုပင်စားစေသည်။

သာမာဝတီတို့ မီးတိုက်ခံသတ်ခံရမှု မာဂဏ္ဍီ၏ ကောက်ရိုးမီးဖြင့် ရှို့ခံသေရမှုများနှင့်ပတ်သက်၍ ရဟန်းတို့သည် တရားသဘင်၌-

''ဤသို့ သေလွန်ပျက်စီးကြသော အရာ၌ အဘယ်သူတို့သည် အသက်ရှည်သည်မည်ပါသနည်း။ အဘယ်သူသည် သေသည်မည်သနည်း''
ဟူသောစကား ဖြစ်ပေါ်ကြသည်။

ထိုစကားနှင့်ပတ်သက်၍ ဗုဒ္ဓက ရဟန်းတို့အား-

"ချစ်သားတို့... အမှတ်မထင် အကြင်အလုံးစုံကုန် သောသတ္တဝါတို့သည် မေ့လျော့ကုန်၏။ ထို မေ့လျော့ကုန် သောသတ္တဝါတို့သည် အနှစ်တစ်ရာပင် အသက်ရှည်သော် လည်း သေသည်မည်ကုန်သည်သာတည်း။

အကြင်သူတို့ကား မမေ့လျော့ကုန်၊ ထိုသူတို့သည် သေလွန်ကုန်သော်လည်း အသက်ရှည်သည် မည်သည်သာ တည်း။

ထို့ကြောင့် မာဂဏ္ဍီသည် အသက်ရှည်၍ပင် နေငြား သော်လည်း သေသည်မည်သည်သာတည်း။ သာမာဝတီတို့ သည်ကား သေလွန်ငြားကုန်သော်လည်း အသက်ရှည်သည် မည်ကုန်သည်သာလျှင်တည်း။"

ဟု မိန့်ကြားပြီးလျှင် ဆက်လက်၍-

"မမေ့မလျော့ခြင်းသည် အမြိုက်နိဗ္ဗာန် ရခြင်း အကြောင်းဖြစ်၏။ မေ့လျော့ခြင်းသည် အဖန်တလဲလဲ သေရခြင်းအကြောင်းဖြစ်၏၊ မမေ့မလျော့သော သူတို့သည် သေသည်မမည်ကုန်။ မေ့လျော့သောသူတို့သည်ကား သေကုန် သကဲ့သို့ မမေ့မလျော့သူတို့ကား မသေကုန်။"

"မမေ့မလျော့ခြင်း၌ တည်ကုန်သော ပညာရှိတို့သည် ဤသို့အထူးအားဖြင့် သိမြင်၍ မမေ့မလျော့ခြင်း၌ နှစ်သက် ဝမ်းမြောက်ကြကုန်၏။"

- ထိုပညာရှိတို့သည် အရိယာပုဂ္ဂိုလ်တို့၏ ကျက်စားရာဖြစ်သော ဗောဓိပက္ခိယတရား၌ မွေ့လျော်ကြကုန်၏။
- မမေ့လျော့ခြင်း၌ ဤသို့အထူးအားဖြင့်သိ၍ ပညာရှိတို့သည် အရိယာပုဂ္ဂိုလ်တို့၏ ကျက်စားရာဖြစ်သော မမေ့မလျော့ခြင်း၌ မွေ့လျော်ကုန်သည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်ကြကုန်၏။
- ထိုပညာရှိတို့သည် ဈာန်ရှိကုန်၍လည်းကောင်း၊ မပြတ်သော လုံ့လ ရှိကုန်၍လည်းကောင်း၊ ယောဂလေးပါး ငြိမ်းရာဖြစ်သော အတုမရှိ မြတ်သောနိဗ္ဗာန်သို့ ရောက်ကြကုန်၏''

ဗုဒ္ဓ၏ တရားတော်အဆုံး၌ များစွာသော ပုဂ္ဂိုလ်တို့ သောတာပန်တည်ကြလေသည်။

## ခုဇ္ဇုတ္တရာ ဧတဒဂ္ဂ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ-အေ)

# သုံးသပ်ဝေဖန်ချက်

ဤသာမာဝတီနှင့်မောင်းမတို့ မီးရှို့အသတ်ခံရမှုတွင် ကျွန်မဖြစ်ပြီး အမိအရာ၌ဖြစ်သော ခုဇ္ဇုတ္တရာသည် တစ်ပါးတည်း ပါသွားသည်, မပါဟု ဝိရောဓိပြဿနာ ရှိပါသည်။

အချို့ဆရာက သာမာဝတီတို့ တံခါးပိတ် မီးရှို့ခံရချိန်တွင် ခုဇ္ဇုတ္တရာသည် ဘုရားရှင်ထံ၌ တရားနာနေချိန်ဖြစ်၍ ထိုဘေးမှ လွတ်သည်ဟုဆိုသည်။

အချို့ဆရာက ခုဇ္ဇုတ္တရာသည် သာမာဝတီတို့၏ မိခင် အရာ၌ ထားခံရ၍ သာမာဝတီတို့နှင့် အတူရှိနေ၍ မီးရှို့သတ်ခံ ရမှုတွင် အတူတူပါသည်ဟု ဆိုပါသည်။

ပါဠိ,အဋ္ဌကထာ စသည်တို့၌ ခုဇ္ဇုတ္တရာ၏ ဘဝနိဂုံးချုပ်မှု အတိအကျ ရှာမတွေ့ကြ၍ ယနေ့ထိ ငြင်းခုန်ဆဲ ဖြစ်ပါသည်။

# ပန်းအဝယ်တော်ခါးကုန်းမလေး၏
# တစ်ဆင့်ဟောကြား ဓမ္မရသများ



မဟာသဒ္ဓမ္မဇောတိကဓဇ

**တက္ကသိုလ် သျှင်သီရိ**

(ဓမ္မာစရိယ၊ ဘိဓဇ)